အိမ်သူရွှေမ စာပေ

# အရိုး

## သေမင်းနှင့် နင်လား ငါလား



# "သေမင်းနဲ့ နင်လားငါလား"

**အရိုး**

စာရှုသူမိတ်ဆွေ ....

ဤ ဒွန္ဒယာ လောကကြီး၌ မည်သည့် ကိစ္စသည် ကြောက်မက်ဖွယ်ရာ အကောင်းဆုံးဖြစ်သည်ဟု သင် ထင်ပါသနည်း။
လူသတ္တဝါတို့အတွက် မည်သည့်အရာသည် ကြောက်စရာအကောင်းဆုံးဟုယူဆပါသနည်း။
အချို့သူတို့သည် ဘဝပျက်မှာ၊ စီးပွားပျက်မှာ၊ ဂုဏ်သိက္ခာထိခိုက်၍ နာမည်ပျက်ပြီး လူတော မတိုးဝံ့မှာ၊ ဆင်းရဲမွဲတေ၍ ကာယဒုက္ခ၊ စိတ္တဒုက္ခများ ခံစားရမှာကြောက်ကြ၏။ အချို့သူတို့က ရောဂါဘယများ ဖိစီးနှိပ်စက်၍ ကိုယ်လက်အင်္ဂါများ ချို့ယွင်းဆုံးရှုံး လူလုံးမလှ ဒုက္ခမျိုးစုံမှာ ကြောက်ကြ၏။ အချို့သူတို့သည် လူရာမဝင် ငြိငြင်ခံရလျက် ချစ်ခင် နှစ်သက်သူ မဲ့၍ အထီးကျန်စွာ နေထိုင်ရမှာ ကြောက်ကြ၏။
အချို့က သဘာဝဘေးအန္တရာယ်များ ကျရောက်မှာကြောက်ကြ၏။ အချို့ကမူ မမြင်ရသော စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ နာနာလောက၊ ပရလောက အစွဲများကိုကြောက်ကြကုန်၏။
အချို့က အိုမှာ ကြောက်ကြ၏။ အချို့က နာမှာ ကြောက်ကြ၏။
မည်သို့ပင်ဖြစ်စေ ....
သေမှာကိုတော့ သတ္တဝါတိုင်း အနည်းနှင့်အများ ကြောက်ကြသည်သာဖြစ်သည်မဟုတ်ပါလော။ အဘယ့်ကြောင့် ထိုသို့ ဖြစ်ကြလေသနည်း။ ရှင်းရှင်းတွေးရသော် ရုပ်နှင့်နာမ် တွဲလျက် အသက်ကလေး နည်းနည်း ရှင်ခွင့်ရနေရာမှ ရုပ်နှင့်နာမ် ကွဲ၍ အကျိုးနည်းနိုင်သည်ကိုလည်း သိရှိထားကြသော သက်ရှိတို့၏ သဘာဝတရား အရ ကြောက်ရွံ့ခြင်း ဖြစ်သည့် "သဘာဝဘယာ" ကိစ္စ ဖြစ်နေသောကြောင့်ပင်တည်း။ ထို့ကြောင့် အသက်ရှိသော သတ္တဝါတိုင်း အနည်းနှင့်အများ သေမှာကို အကြောက်ဆုံးဖြစ်သည်ဟု ကျွန်ုပ်ဆိုခြင်းဖြစ်၏။
xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

သေမှာကို ဘာလို့ ကြောက်ကြသနည်း။
သေသွားပြီးနောက် ဘာဖြစ်မည်ကို ရေရေရာရာ မသိနိုင်ကြသောကြောင့် ဖြစ်၏။ တစ်နည်းဆိုရသော် ရှင်နေသော ဘဝကာလ အခိုက်အတန့်လေး၊ မိမိ ကျင်လည် တွယ်တာ နေရာလေးများအား မဆိုးဘူးဟု ယူဆကာ ခင်တွယ်နေကြသောကြောင့်ဖြစ်၏။
သေသွားပြီးရင် အခုထက်ပိုကောင်းတယ်ဟု သေချာပေါက် အာမခံချက်ပေးကြည့်ပါလား ...။
ဘယ်လို ပိုကောင်းတာလဲ၊ ဘာ ပိုကောင်းတာလဲတောင် သေသေချာချာ မစုံစမ်းဘဲ တရှုန်းရှုန်းနှင့် သေပစ်လိုက်ကြမယ့် ဟာတွေ တစ်ကမ္ဘာလုံးမှာ နည်းမှာကို မဟုတ်ဘူး။
သို့သော်
မသေခင် နာမှာလား၊ အသက်က အေးအေးဆေးဆေးမှ ထွက်သွားမှာဟုတ်ရဲ့လား၊ မချိမဆန့်ဖြစ်နေပြီးမှ အသက်ကထွက်မှာလား၊ ထွက်သွားတဲ့အသက်က ဘယ်ရောက်ပြီးဘာဖြစ်သွားမှာလည်း၊ မတော် နောက်ဘဝ ကျွတ်ဖြစ်ပြီး မြက်ဖုတ်ကြား သွားကပ်နေရင် ဒုက္ခ၊ ကိုယ်သေပြီး သရဲဖြစ်သွားလို့ သရဲ အချင်းချင်း အခြောက်ခံနေရရင် ကြောက်စရာကြီး။ ငရဲပြည် ကျသွားရင် "What the hell" လို့မှ အော်နိုင်ပါတော့မလား၊ နတ်ပြည်တက်သွားပြီး နတ်သမီး တစ်ဖက် လေးငါးရာနဲ့ ဆိုရင်တော့မဆိုးဘူး။ တော်ကြာ နတ်သမီး တစ်ဖက် လေးငါးရာနဲ့ စံရတဲ့ နတ်သားမဖြစ်ပဲ အဲဒီ နတ်သားကိုခစားရတဲ့ နတ်သမီး တစ်ထောင်လောက်ထဲက တစ်ယောက်ဖြစ်သွားရင်တော့ ကိုယ့်အလှည့် မရောက်မချင်း အဲဒီနတ်သားကြီးကို ထိုင်စောင့်နေရရင်တော့ ပျင်းစရာကြီး စသည်အားဖြင့် တောင်တောင်အီအီနှင့် ဘာမှမသေချာတဲ့ ကိစ္စဆိုတော့ သေမှာ ကြောက်ကြတာပေါ့။
သေသွားပြီးတဲ့ လူတွေကလည်း 'ငါတို့ သေတုန်းကများဟယ် မပြောပါနဲ့တော့၊ တကယ်ပါပဲ အသက်ဆို ဟောဒီလိုကြီး ထွက်ချသွားတာ' ဆိုပြီး အချင်းချင်း သေချာပြန်လာပြန် မပြောပြဖူးတော့ သေမှာကို တွေးကြောက်ကြရတာပေါ့။

ဘယ်လိုလဲစာရှုသူမိတ်ဆွေ ....။
ခင်ဗျားလည်း သေမှာကိုတော့ နည်းနည်း ဖြစ်ဖြစ်ကြောက်တယ် မဟုတ်လား။
"ဟယ်တော့ ဘာမှန်းလည်းမသိဘူး၊ သေတဲ့ အကြောင်းတွေ လျှောက်ရေးနေတယ်၊ ဖွဟဲ့ နိမိတ်မရှိ၊ ဘူဒိတ်ပိတ် ဘတ်ဘတ် ဘတ်ဘတ် ပြွတ်"
အဲဒီလိုတော့ မလုပ်နဲ့လေ။
ဒီကိစ္စ ဘယ်သူက ကင်းနိုင်လို့တုန်း။

ကျွန်ုပ် ပြောပြချင်သည်မှာ သေခြင်းတရားကို လူတို့ ကြောက်ကြသကဲ့သို့ သေခြင်း၏ အငွေ့အသက်၊ သေခြင်းတရား၏ တမန်တော် သေမင်းကိုလည်း လူတို့ ထိတ်လန့် ကြောက်ရွံ့ကြသည်သာ ဖြစ်ကုန်၏။

ကျွန်ုပ်သည်လည်း လူထဲက လူသာဖြစ်၍ သေမှာကိုကြောက်ရွံ့ခဲ့ပါသည်။

သို့သော် ...

သူများနှင့်မတူ တစ်မူထူးခြားစွာ ကျွန်ုပ် ကံကောင်းခဲ့သည်မှာ ...

အခြား သူတကာတို့ ကျန်းမာ ရွှင်လန်းစွာ အနာရောဂါ ကင်းစင်၍ လူ့ဘဝ၏ စိတ်ချမ်းမြေ့ဖွယ် အကောင်းဆုံး ကလေးသူငယ် အရွယ်ကို ပျော်ရွှင်သာယာစွာ ဖြတ်သန်းကြချိန်တွင် ကျွန်ုပ်မှာ ဝဋ္ဋနာကံနာဟု အမည်တပ်၍ပင် ရနိုင်သော ပန်းနာ ရင်ကျပ် ရောဂါဖြင့် လူမမယ် သူငယ် အရွယ် တစ်လျှောက်လုံးကို ထိတ်လန့် ကြောက်ရွံ့ဖွယ် ကောင်းလှသော သေဘေးကြီးနှင့် အလွန်နီးကပ်စွာ အကြိမ်ကြိမ် ကြုံတွေ့လျက် လူလား မြောက်လာခဲ့ရသော ဘဝ ဖြစ်သောကြောင့် တည်း။

ကျွန်ုပ်၏ မိခင်ဖခင်များအပေါ် တင်ရှိသော ကျေးဇူးကြွေးသည် အခြား သာမာန် မိဘများအပေါ် သာမာန်သားသမီးများ တင်ရှိသော ကျေးဇူးကြွေးထက် အဆ ရာထောင်မက များမြောင် ကြီးမားလှ၏။

ကျွန်ုပ်၏ မိဘများသည် ကျွန်ုပ်ကို သေတွင်းမှ အကြိမ်ကြိမ် ခဲရာခဲဆစ် ဆထုတ်ခဲ့ရ၏။ ကျွန်ုပ်၏ ရောဂါကို ပျောက်ကင်းအောင် ကုသနိုင်ရန် မိဘမေတ္တာနှင့် လွန်မင်းစွာ အပင်ပန်းခံခဲ့ကြရရှာကုန်၏။

ကျွန်ုပ် ဆွေမျိုးအသိုင်းအဝိုင်းသည်လည်း ကျွန်ုပ်အား သက်ဆိုးမရှည်နိုင်ရှာဟု သတ်မှတ်ခဲ့ကြသည်ကို မကြာခဏ သတိတရ ပြောပြတတ်ကြ၏။

ကျွန်ုပ် ကိုယ်တိုင်သည်လည်း သေသွားတာကမှ အခုလို အသက်ရှူမဝ ခံစားနေရတဲ့ ဒုက္ခက လွတ်နိုင်ဦးမယ်ဟု ငယ်ဘဝက မကြာခဏ တွေးမိသည်ကို ယခုတိုင် မှတ်မှတ်ထင်ထင် ရှိ၏။

သို့သော် ...

အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ ရေရှည် မမြဲတတ်သော တရားအရ အရွယ်ရောက်သော ကာလတွင် ကမ္မဋ္ဌာန်း တရားဆေး၏ ကျေးဇူးဖြင့် ကျွန်ုပ်ထံတွင်စွဲကပ်နေသော ဝဋ္ဋနာကံနာ ရောဂါဆိုးကြီးသည် အပြီးတိုင် လက်ပြနုတ်ဆက်သွားလေသည်။

ကျွန်ုပ်သည်လည်း မသေပဲ ကျန်ခဲ့လေ၏။

ဤတွင် ...

အမြတ်ထွက်သည်မှာကား လောက၌ စိတ်အချရဆုံးသော သူငယ်ချင်းတယောက်ကို ကျွန်ုပ် ရရှိခဲ့လေတော့၏။

ထိုသူကား တခြားမဟုတ်။

ကျွန်ုပ်၏ ငယ်သူငယ်ချင်းသေမင်းပင်တည်း။

အဆသေမင်းသည် ကျွန်ုပ် နှစ်နှစ်သားအရွယ် လူမမယ်ဘဝမှ စ၍ အရွယ်ရောက်သောကာလအထိ နေ့လားညလား သေမလိုဖြစ်နေ၍ ကျွန်ုပ်အား ခေါ်ရန် နေ့စဉ်လာထိုင်စောင့်ရှာ၏။

ပထမသော် သေမင်းသည် သူ့ကိစ္စ မြန်မြန် ပြီးပြတ်မည် ထင်၏။ အနိုင်နဲ့သည် တစ်ကမ္ဘာလုံးတွင် အလုပ်အများဆုံးဖြစ်၍ အခြား သေခြင်းတရား ကိစ္စများကြားထဲမှ မအားသည့် အထဲတွင် ကျွန်ုပ်အား မကြာခဏလာကြည့်၏။ သို့သော်သက်ဆိုးရှည်လှ၍ ကတ်သီးကတ်သတ် အသက်ပြင်းလှသော ကျွန်ုပ်သည် သေမလို သေမလိုနှင့် အမြင်ကတ်စရာ ကောင်းလောက်အောင် တော်တော်နှင့် မသေပေ။ ဤတွင် စကားကြွင်းဆိုရန် တစ်ခုရှိ၏။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

သေမင်းဆိုသောအကောင်သည် ကောင်းတဲ့အကောင်မဟုတ်ချေ။ အကျင့်လည်းနည်းနည်းယုတ်၏။ ထို့ပြင် ဒင်းသည် တန်ခိုးတစ်မျိုးလည်း ရှိသေး၏။ ဥပမာ ခွေးတစ်ကောင် သေချိန်ကျ၍ သေခါနီး ဖြစ်နေချိန်တွင် သေမင်းသည် ခွေးသေမင်း သဏ္ဍာန်နှင့် သွား၏။ နွားသေခါနီးတွင် နွားသေမင်းသဏ္ဍာန်လုပ်၍ သွား၏။ ဒင်းလုပ်ပုံကြောင့် သေခါနီး သတ္တဝါသည် မိမိ ရုပ်နှင့်ဆင်တူရိုးမှား သေမင်းကိုတွေ့၍ လန့်ကာ မြန်မြန်သေဖြစ်သွားတာမျိုး ရှိတတ်၏။

ဆိုခဲ့ပြီးသည့်အတိုင်း သေမလိုသေမလိုနှင့် တော်တော်နှင့်မသေသော နှစ်နှစ်သား အရွယ်ထဲက ကျွန်ုပ်ထံပေါက်ချလာသည့် ပထမဆုံး အကြိမ်တွင် သေမင်း၏ရုပ်သည် နှစ်နှစ်သားအရွယ် ချစ်စရာလေး ဖြစ်၏။ ပုတု ပုတုနှင့် ကောက်ရိတ်တံ ပေါက်စလေး ကိုင်လာ၏။ လူကြီးနံငယ်ပိုင်းလောက်သာရှိသော အဝတ်နက်သည် သူ့အတွက် တစ်ကိုယ်လုံးလုံအောင်ခြုံလို့ရ၏။

သူသွားလေရာပါသော သေခြင်းတရား၏ အငွေ့အသက် ခွေးနက်ကလေးမှာလည်း ပေါက်စန ဝဝကစ်ကစ်လေး ဖြစ်၍ အသံသေးသေးဖြင့် တဝုဝု ဟောင်၏။

သေမင်းလေးနှင့် သူ့ခွေးလေးသည် ဆေးရုံပေါ်တွင် ပက်လက်လန်နေသော ကျွန်ုပ်ပေါက်စလေးထံသို့ မပြောမဆို ရောက်လာ၏။ ကမ္ဘာပေါ်ရှိ ဆေးရုံတကာတို့သည် သူ့လွန်စွာ အကျွမ်းတဝင် ရှိသောနေရာများဖြစ်၍ သူ့အိမ်သူ့ယာလို ခပ်တည်တည်နှင့် ကျွန်ုပ်အနားလာရပ်၏။ သူ့တွင်ရှိသော အော်ရီဂျင်နယ်တန်ခိုးအရ သေခါနီး သတ္တဝါမှလွဲ မည်သူမျှ သူ့အားမမြင်ရချေ။ သူသည်

အေးစက်စက် သူ့လက်ကလေးနှင့် ကျွန်ုပ်၏ ဒရစ်ပိုက်တန်းလန်း သွင်းထားသော လက်တစ်ဖက်ကို ဆွဲ၏။ ထို့နောက် ပထမတင် လန့်စရာ ဖြစ်သော်လည်း ကြားနေကျဖြစ်၍ ကျွန်ုပ်အတွက် နောင်တွင် ရိုးသွားသော အဝေကြီးမှ လှမ်းပြောလိုက်သလို လိုဏ်သံပါသောသူ့အသံနှင့်

'ဟေ့ကောင် လာ ထ သွားမယ်'

ဟု ပိုင်စိုးပိုင်နင်း ခေါ်လေသည်။

သို့သော် ထိုအချိန်က ကျွန်ုပ်မှာ ရောဂါဆိုးကြီးမှ အနည်းငယ် ပြန်လည်သက်သာလာကာစဖြစ်၍ သူ့အား ရယ်ပြလိုက်မိသည်ထင်၏။ သေမင်းလေးသည် ကျွန်ုပ်အား တွေဝေစွာ ကြည့်၏။ သူ့ခွေးလေးကလည်း တဝုဝု ဟောင်၏။ သေမင်းလေးသည် ကျွန်ုပ်အား အလျင်စလို ပြော၏။

'မင်းက မသေသေးပါလားကွ၊ နေဦးကွာ၊ ငါနောက်တစ်ခေါက်ပြန်လာဦးမယ်။'

ထိုသို့ဖြင့် သူပြန်ထွက်သွားလေသည်။ ဤအကြိမ်သည် ကျွန်ုပ်နှင့် သေမင်းပထမဆုံး တွေ့ရသော အကြိမ်ဖြစ်လေသည်။ နောက်မှသိရသည်မှာ ထိုကာလ (၁၉၈၀) ပတ်ဝန်းကျင်က အီရန် အီရတ် စစ်ဖြစ်နေ၍ သေမင်းအလွန် အလုပ်များနေသောကာလဖြစ်သည်ဟူ၏။

ထိုသို့အားဖြင့် ကျွန်ုပ်သည် အနီ အကျင့်မကောင်းသော သေမင်းနှင့် ငယ်ပေါင်းကြီးဖော် အလွန်အမင်း ရင်းနှီးခဲ့ရလေတော့၏။ သေမင်းကလည်း ကျွန်ုပ် သေနိုးသေနိုး နှင့် လာလာ ကြည့်၏။ မသေပြန်သော် ဗျစ်တောက်ဗျစ်တောက် ရေရွတ်၍ ပြန်သွားပြန်၏။ ဒင်းအမြဲ ရွတ်နေကျ ကျွန်ုပ်မှတ်မိနေသော စကားမျိုးမှာ

"သေမယ်ဆိုရင်လည်း သေလိုက်ပေါ့၊ ဘာမှန်းမသိ သက်သက် အလုပ်ရှုပ်အောင် ဖုတ်လိုက်ဖုတ်လိုက် လပ် လုပ်ပြနေသေးတယ်၊ ဘာဖြစ်လဲ၊ သေပစ်လိုက်တော့ပေါ့၊ ငါ့မှာက လုပ်စရာတွေက အများကြီးရယ်၊ မင်း လာ လာခေါ်နေရတာက တစ်လုပ်၊ ငါ့များ လာနောက်နေသေးတယ်၊ သေခြင်းဆိုးရှည်ကြီးလုပ်ပြနေပြီးတော့၊ ဘာလဲ ... အရှူးထင်နေလို့လား၊ သေမင်းကွ ... မင်းအမေ့လင်များ မှတ်နေလား၊ ဒါပဲ ဟေ့ကောင်ရေ ဒီညဖြစ်ဖြစ်၊ မနက်ဖြန် ဖြစ်ဖြစ်တော့ တစ်ခါတည်း သေပစ်လိုက်တော့၊ သူ့ဟာသူသေပေးမှ ငါကခေါ်လို့ရတာ၊ ငါက သတ်လို့မရဘူးဆိုပြီး အဲဒီတစ်ကွက်နဲ့ မင်း ငါ့ကို အနိုင်ကျင့်နေတာ ဘယ်နှစ်ခါရှိပြီလဲ၊ ဒီမှာ ဟေ့ကောင် ... ဟိုပြေး သည်ပြေးနဲ့ သေမင်းလည်း မောတယ်ကွ၊ ကမ္ဘာပေါ်မှာ မင်းတစ်ယောက်ထည်း သေမလို သေမလိုနဲ့ ကမြင်းလို့ရမယ် ထင်နေလား"

ထိုသို့သော စကားမျိုးအားဖြင့် ကျွန်ုပ်အား ကြိမ်းမောင်းပြီး ပြန်သွားတတ်၏။ ကျွန်ုပ်မှာလည်း သူရောက်လာတိုင်း သေခါနီးဖြစ်၍ ဘာမှ ပြန်မပြောနိုင်ခဲ့ပါ။ အားနာပါးနာနှင့် ရယ်သာပြလွှတ်လိုက်ရ၏။

ထိုသို့အားဖြင့် သေမင်းနှင့ကျွန်ုပ်သည် ဆယ်စုနှစ် တစ်ခုကျော်ကြာမျှရင်းနှီးခဲ့ရလေသည်။ ကြာသော် ကျွန်ုပ်ကလည်း ဒင်းကို သံယောဇဉ် ဖြစ်၍ ဒင်းကလည်း ကျွန်ုပ်ကို သံယောဇဉ်ဖြစ်ကာ သမီးယောက်ဖတမျှ ရင်းနှီးခဲ့ရလေသည်။

တစ်ခုရှိသည်မှာ ထိုသေမင်းဆိုသော အကောင်သည် သူ့အလုပ် သူ့ရာဇဝင်ကို ကျွန်ုပ် စပ်စုလျှင်မူ သူကယ်တိုင် သေသွားမလောက် ဒေါသထွက်၏။ မင်း မနက်ဖြန် ဘာအလုပ်ရှိလဲတို့ ဘာတို့ မေးမိလျှင် သူများတွေရဲ့ သေခြင်းတရားနဲ့ မင်းနဲ့ဘာဆိုင်လဲ မေးစရာလား ဘာလားနှင့် ဟောက်တတ်၏။ သို့သော် ကျွန်ုပ် ပတ်ဝန်းကျင်မှ သတ္တဝါတို့၏ သေခြင်းတရားအတွက် သူရောက်လာရလျှင်မူ သူသည် အားနာသလို အမူအရာမျိုးပြတတ်လေသည်။

တစ်နေ့တွင်တော့ ကျွန်ုပ်နှင့် အနီသေမင်းသည် လမ်းပေါ်တွင် သွားလာနေကြကုန်သော ပုပုရွရွ လူ၊ ခွေး၊ သတ္တဝါများကို ကြည့်နေကြရင်း သေမင်းက ကျွန်ုပ်အား

"ဟေ့ကောင် အရိုး"

"ဘာလဲ"

"မင်းမသေသေးဘူးနော်"

"ဘယ်လိုလဲ ကိုယ့်လူသေမင်း ... မင်းက ငါ့ကို ခေါ်ချင်နေပြီလား"

"မဟုတ်ပါဘူး၊ မင်းမသေသေးတာ ငါတောင် မေ့သလို ဖြစ်နေတယ်"

"ဘာလဲ၊ ငါကသေသွား မင်းက ခေါ်သွားပြီးရင် ငါတို့ဘော်ဒါကဏ္ဍ ပျက်သွားမှာစိုးလို့လား"

"ဒီမှာ သူငယ်ချင်း အဲဒီ ကိစ္စက တစ်ချိန်ချိန်မှာ တကယ်ကို ဖြစ်လာမှာပါကွ၊ ဘာလဲ မင်းက မသေချင်သေးဘူးလား"

"မသေချင်လို့ရမလားကွ ငါ့လခး သေမင်းရဲ့"

"ငါတွေးမိတာ တခြားကွ"
"ဘာလဲ"
"သတ္တဝါတွေက မသေချင်ကြသေးဘူးကွ၊ သေရမှာ ကြောက်ကြတယ်၊ အဲဒီတော့ ငါ့ကို သူတို့ အတင်းမေ့ထားကြချင်တယ်၊ ငါ့နာမည် ကြားရင်တောင် ထွီ ထွမ် နဲ့ နိမိတ်မရှိ ဘာမရှိ လုပ်ချင်ကြတယ်၊ ငါ့ကို မုန်းကြတယ်ကွ၊ တကယ်တော့ကွာ အမှန်က သူတို့ဟာသတို့ သေဖို့သဘာဝ ရှိလို့ ငါကလည်း ငါ့အလုပ်ငါ လုပ်နေတာပဲ"
"သေမင်းက တောက်တီးတောက်တက် တွေးနေပါလား"
"ဟုတ်တယ်ကွ၊ မင်း စဉ်းစားကြည့်လေ၊ ငါလည်း ကြာတော့ ပျင်းတယ်ကွ၊ အခု မင်းရှိနေတယ်၊ ဒါပေမယ့် မင်းလည်း မင်းသက်တမ်း စေ့ရင် တခြားလူတွေလိုပဲ ငါ့ကိုထားပြီးသွားမှာပဲ"
"လွယ်ပါတယ်ကွာ၊ မင်း ငါ့လိုလူမျိုး နောက်တယောက်ထပ်ရှာပေါ့။"
"ရတော့ ရတာပေါ့ကွ၊ ဒါပေမယ့် ငါတစ်မျိုးစဉ်းစားမိတယ်။"
"ဘာလဲ"
"မင်းက သီချင်းလေး ဘာလေး စာတိုပေါက်ကရလေး ရေးစားတယ် မဟုတ်လား"
"အင်း"
"ငါ့ကို သူငယ်ချင်းလို သဘောထားပြီး သီချင်းထဲလည်း မင်းထည့်ရေးတယ်လေ၊ ဘာတဲ့ 'သေမင်းနဲ့ မင်းဟာ ငယ်သူငယ်ချင်းပါ၊ သူဟာ ဒီနေ့အထိ မင်းကို အကောင်းဆုံး စောင့်ရှောက်ပါရဲ့' ဆိုတာမျိုး"
"အေး ဘာဖြစ်တုန်း အဲဒါ"
"ဘာဖြစ်တုန်းဆိုတော့ ဒီလိုကွ .. ငါတစ်ခု စဉ်းစားမိတယ်"
"အင်း"
"လောကကြီးမှာ ဘာကောင်မဆို အချိန်တန်ရင် သေတာပဲကွ၊ အဲဒါ သဘာဝပဲ၊ ငါလည်း ငါ့အလုပ်ငါ ငါလုပ်နေတာပဲ၊ လူတွေက သူတို့ရဲ့ သေတတ်တဲ့ သဘာဝကျ မကောင်းမထင်ဘူး၊ ငါ့ကျ ပြောလိုက်ကြတာကွာ မို့ချိုးမျှစ်ချိုးနဲ့၊ ငါ့အကြောင်း ကြားရရင် ငါ့နာမည် ကြားရရင်ပဲ ကျက်သရေ ယုတ်သလေး ဘာလေးနဲ့ ငါ့အဖက်လုပ်ပေါင်းတာဆိုလို့ မင်းတစ်ယောက်လောက် ရှိတာ"
"လုပ်စမ်းပါဦး .. အဲဒီတော့"
"အဲဒီတော့ ငါမင်းကို မင်းမသေခင်လေး ကောင်းကောင်းမွန်မွန် နေရအောင် ငါ့ကို အဖက်လုပ်ပေါင်းဖူးတဲ့ လူသူငယ်ချင်း တစ်ယောက်အနေနဲ့ တစ်ခုခုတော့ ငါက ကျေးဇူးပြုချင်တယ်ကွ"
"နေပါ ကျေးဇူးရှင်ရယ် .. နော်၊ ငါ့ဟာငါ လူဖြစ်တုန်းလေး တော်သလို အေးအေးချမ်းချမ်း ရှာစားနေတာ မင်း ဝင်မပါချင်စမ်းပါနဲ့"
"နေစမ်းပါဦးဟ .. ငါပြောတာလည်း နားထောင်စမ်းပါဦး၊ မင်းကလည်း .. လူပီသလိုက်တာ ဘာမှန်း ညာမှန်းမသိ မကောင်းတဲ့ဖက်က စပြီးတွေးတော့တာပဲ"
"အေး ပြောစမ်းကွာ၊ မဟုတ်က ဟုတ်က ပြောလို့ကတော့ ..."
"ဒီလိုကွ"
"အေး ဘယ်လိုတုန်း"
"မင်းတို့ လူတွေမှာ ပုံပြင်ဆိုတာ ရတယ်မဟုတ်လား"
"အင်း ရှိတာပေါ့၊ ရှိတာမှ အများကြီး"
"ငါ့မှာလည်း ပုံပြင်တွေရှိတယ်ကွ"
"ဘယ်လို .. ဘာပုံပြင်လဲ၊ ညစ်တီး ညစ်စုတ်တွေလား"
"အာ ... ဘယ်ကလာ ကောင်းကောင်းမွန်မွန်တွေပါဟ၊ ကောင်းကောင်းမွန်မွန်မှ ထူးထူးဆန်းဆန်းတွေပါ ပါတယ် ကိုယ့်လူ"
"အမယ် တယ်ဆိုတဲ့စာပါလား၊ အဒီတော့"
"အဲဒီတော့ ဒီလိုလုပ်မယ်လေ၊ မင်းက ငါ့ကို လူ့ပုံပြင် သုံးပုဒ်ပြောပြ၊ ငါက မင်းကို သေမင်းပုံပြင် တစ်ပုဒ်ပြောပြမယ်၊ စာအုပ် တစ်အုပ်စာဖြစ်ရင် မင်းက ထုတ်ရောင်းစား၊ အမြတ်လေး ဘာလေးထွက်ရင် မင်းဘဝကူးကောင်းအောင် အလှူအတန်း ကုသိုလ်ရေးလေး ဘာလေး လုပ်ပြီးတော့ ငါ့ကိုလည္း အမျှအတန်းလေးဘာလေး ဝေပေါ့ကွာ၊ ဘယ်လိုလဲ ... အရိုး"
"အေး .. ဆိုးတော့ မဆိုးဘူးဟ ... နင့်အကြံ ဒါပေမယ့် သေမင်းရဲ့ ... မင်းနာမည်ကြီးပါရင် လူတွေက ကြောက်ပြီး ဖတ်မှဖတ်ကြပါ့မလား မသိဘူး"

"အမလေးကွာ၊ လူလုပ်နေပြီး မင်း လူအကြောင်း မသိဘူးလား အရှီးရဲ့၊ လူ့စိတ်ဆိုတာ ကြောက်လည်း ကြောက်တတ်တယ်၊ ကြောက်စရာ ကောင်းတာဆိုရင်လည်း သိချင်စိတ်ရှိသေးတယ်၊ မင်း စဥ်းစားကြည့်စမ်း ... မင်းတို့ လူ့ကမ္ဘာမှာ ကြောက်စရာကောင်းလို့သာ မဖတ်ဘဲ နေကြရင် သရဲဝတ္ထုတွေ၊ သရဲရုပ်ရှင်တွေ ဘယ်သူက အရှုံးပေါ်ခံပြီး ရေးစားရိုက်စားနေမှလဲ၊ ငါ ပြောတာသာ မင်းလုပ်ကြည့်စမ်းပါ၊ မင်း ခွက်ခွက်လန်အောင် ရှုံးရင် ငါနောက်တစ်မျိုး ကူညီမယ်။"

"တကယ်လား"

"တကယ်ပေါ့ဟ"

"တစ်ခုတော့ ရှိတယ်သေမင်းရ ... ငါပြောမယ့် ပုံပြင်တွေက ပေါက်တတ်ကရတွေနော်"

"မင်းကလည်း အကြောင်းသိချင်းပါကွာ၊ မင်းလုပ်ချင်တာတွေ ဘယ်တုန်းက ကောင်းကောင်းကန်းကန်း ရှိဖူးလို့လဲ၊ ပြောသာပြော ဟေ့ကောင် .. ငါ အပျင်းပြေရင် ပြီးရော"

"အေး ပြီးရော ပြောမယ်ကွာ၊ ဒါနဲ့ နေဦးဟ သေမင်းရဲ့"

"ဘာလဲ"

"စာအုပ်ထုတ်ရောင်းရင် ခေါင်းစဥ်ကို ငါက ဘယ်လို ပေးရမှာတုံး"

"ဒါများ အလွယ်လေး ဟေ့ကောင် .. ဒီလို ပေးလိုက်"

....

....

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

---

# ယုန်နဲ့လိပ်

"ဒီလိုရှိတယ် သေမင်းရဲ့"

"အင်း"

"ဟိုးရှေးရှေးတုန်းက တောထဲမှာ တောတိရစ္ဆာန်တွေ ထိုင်တတ်တဲ့ စည်ဘီယာဘားတစ်ခု ရှိတယ်ကွ"

“တလွဲကစပြီ ဟေ့ကောင် အရှီး .. ဘယ်တိရစ္ဆာန်မှ ဘီယာ သောက်တာ ငါမကြားဖူးဘူး”

“ငြိမ်ငြိမ် နားထောင်စမ်းပါကွာ၊ မင်းကလည်း သေမင်းလုပ်ပြီး ဘာဗဟုသုတမှ မရှိဘူး၊ သတင်းစာထဲမှာ သခင်ကြောင့် အရက်စွဲနေတဲ့ ခွေးတို့ ဘီယာတိုက်ရင် နို့ထွက်ကောင်းတဲ့ နွားမတို့ ဘာတို့ မင်းမကြားဖူးဘူးလား”

“အေးပါ .. ထားပါတော့”

“အဲဒီတောထဲက ဘား ... ဂျန်းဂဲလ်ဘား(Jungle Bar)ပေါ့ကွာ၊ အဲဒီဘားမှာ မော်ဒယ်လ်ရှိုးတို့ စင်တင်တေးဂီတတို့ ဘာတို့ ရှိတယ်၊ သမင်မလေးတွေ၊ မြေခွေးမ၊ မြွေဟောက်မလေးတွေက မလုံ့တလုံနဲ့ လမ်းလျှောက်ပြ သီချင်းဆိုပြကြတယ်၊ ညနေတိုင်ဆို အိမ်ကမိန်းမ ဝက်ဝံမကြီးတွေ မသိအောင် ဘားကို တိတ်တိတ်ခိုးလာပြီး မူးမူးနဲ့ ပန်းကုံးတွေဘာတွေ တက်စွပ်ပြီး စပ်ဖြီးဖြီး လာ လာ လုပ်နေကျ ဝက်ဝံကြီးတွေည်း ရှိတာပေါ့”

“အေးလေ .. ဒါမျိုးတွေက ဖြစ်နေကျပဲဟာ”

“အေး ... အဲဒီဘားမှာ အမြဲလာမူးနေတဲ့ လိပ်ယစ်ထုပ် တစ်ကောင်ရှိတယ်ကွ၊ တစ်နေ့ကျတော့ကွာ .. အပေါင်းအသင်းတွေနဲ့ တစ်ခါတစ်လေမှ လာထိုင်နိုင်ပြီး ဟော့ရှော့ ထ ထ လုပ်တတ်တဲ့ ယုန်တစ်သိုက် ရောက်လာရော၊ တိုတို ပြောရရင်ကွာ နည်းနည်း ရေချိန်ကိုက်လာတော့ ထုံးစံအတိုင်း ယုန်နဲ့သူ့ဘော်ဒါ တစ်သိုက်က စွာကျယ်စွာကျယ် ထလုပ်တာပေါ့၊ အဲဒီတော့ ချောင်တစ်ချောင်မှာ သူ့ဟာသူ တစ်ကောင်တည်း အေးဆေးမူးနေတဲ့ လိပ်က ယုန်တွေကို ထပြောတယ်၊ ‘ဟေ့ကောင်တွေ ... တစ်ခါတစ်လေမှ လာသောက်ပြီးတော့ ပုံမှန်ဖောက်သည်တွေ စိတ်ညစ်အောင်မလုပ်နဲ့’ ဘာနဲ့ပေါ့၊ ယုန်တွေက မခံနိုင်ဘူး၊ အဲဒါနဲ့ ယုန်တစ်ကောင်က လိပ်ကို ပြန်ပြောတယ်၊ ‘ဟေ့ကောင် လိပ် မင်းက ဆရာကြီးလား ဘာကောင်လဲ ဘာလဲ’ ပေါ့၊ ‘သတ္တိရှိရင် အပြေးပြိုင်မလား’ လို့ စိန်ခေါ်ရော၊ လိပ်က ပြန်ပြောတယ်၊ ‘ဟေ့ကောင် ယုန် မင်းများနေပြီ၊ အခုနေ အပြေးပြိုင်ရင် မင်းရှုံးသွားမှာပေါ့တဲ့၊ ယုန်တွေက အဲဒီစကားကြားတော့ ဝိုင်းဟားကြရော၊ ပြီးတော့ ခုနက ယုန်ကပဲ လိပ်ကို ပြောတယ်၊ ‘ဟေ့ကောင် လိပ်ကြီး သိပ်ကြီးကျယ်မနေနဲ့၊ သတ္တိရှိရင် အခု ပြိုင်ပြေးမလား၊ ရှုံးတဲ့ကောင် တစ်ဆိုင်လုံးရှင်းကြေး’ ဆိုတော့ ကျန်တဲ့ဝိုင်းတွေက တိရစ္ဆာန်တွေကလည်း အလကားသောက်ရမယ့်အပေါက်တွေ့ပြီဆိုပြီး လုပ်ကြလေ ဘာညာနဲ့ ဝိုင်းမြှောက်ပေးကြတာပေါ့”

“အမြဲမူးနေကျ ငမူးနဲ့ တစ်ခါတစ်လေမှ မူးတဲ့ ငမူးနဲ့ ဘာကွာလဲ ဆိုတာ လိပ်က သိတယ်၊ နောက်ပြီး ယုန်နဲ့လိပ်ဆိုတာက အပြေးပြိုင်ရင်သာ ယုန်ကမြန်တာ၊ အမူးဒဏ်ခံနိုင်တဲ့ နေရာကျ လိပ်က ကြွက်တွင်း၊ ဘယ်လောက်သောက်သောက် ရုပ်မပျက်ဘူး။

ယုန်ကျမရဘူး၊ နည်းနည်းသောက်တာနဲ့ မဟားဒယားမူးတတ်တာမျိုး၊ ယုန်ကစိန်ခေါ်တာကြားတော့ လိပ်ကပြုံးတယ်၊ ပြီးတော့ ယုန်တွေကို မခိုးမခန့်နဲ့ 'သဘောပဲ' လို့ပြောလိုက်တယ်၊ ယုန်စိန်ခေါ်တာကို လက်ခံလိုက်တယ်လဲ ကြားရော ဘားထဲက ကျန်တဲ့ တိရိစ္ဆာန်တွေက ဒီညတော့ ဘယ်သူနိုင်နိုင် ဘယ်သူရှုံးရှုံး ငါတို့ အလကား သောက်ရတော့မယ်ဆိုပြီး အပြေးပြိုင်ပွဲကို ဝိုင်းပြီး ကမကထ လုပ်ပေးကြတာပေါ့၊ ယုန်က လိပ်ကိုမေးတယ်၊ 'ဘယ်လို ပြိုင်ပြေးမလဲ' တဲ့၊ အာလေး လျှာလေးနဲ့၊ သူ့ကိုယ်သူတောင် သိပ်မဟန်တော့ဘူး၊ အဲဒါကို သိတော့ လိပ်ကပြောတယ်၊ 'ဝေးဝေး ပြိုင်ပြေးရင် ပင်ပန်းပါတယ်ကွာတဲ့၊ အခု ငါတို့ထိုင်နေတဲ့ ဒီဆိုင်ကိုပဲ သုံးပတ် ပတ်ပြေးကြတာပေါ့' ဆိုတော့ ယုန်က အရမ်းသဘောကျသွားတာပေါ့၊ သူပတ်ပြေးရင် ခဏလေးပဲဥစ္စာ၊ 'လာလေ' ဆိုပြီးဆိုင်အပြင်ထွက်သွားတယ်၊ လိပ်ကလည်း လှုပ်တုတ်လှုပ်တုတ်နဲ့ နောက်က လိုက်သွားတာပေါ့၊ ကျန်တဲ့ တိရိစ္ဆာန်တွေကလည်း ဟေးလားဝါးလားနဲ့ ဝိုင်းမြှောက်ပေးကြတယ်၊ ယုန်နဲ့အတူပါလာတဲ့ ဘော်ဒါတွေကလည်း လိပ်ကို 'အခွံချွတ်ပေါင်မလား' ဘာလားနဲ ရိကြတာပေါ့၊ အဲဒီလိုနဲ့ ပြိုင်ပွဲစရော ..."

"နေဦး အရိုး .. မင်းပြောနေတဲ့ ပုံပြင် ငါကြားဖူးသလိုလို ရှိတယ်နော်"

"မတူဘူး သူငယ်ချင်း သေမင်း၊ ငါ့ပုံပြင်က အသစ် မော်ဒန်နိုက်စ် (Modernize) ဖြစ်တယ်၊ လျှာမရှည်နဲ့ နားထောင်"

---

"အေးပါ ထားပါတော့"

"အဲဒီလိုနဲ့ ယုန်နဲ့လိပ် အရက်ဆိုင် ပတ်ပြေးပွဲ စရော၊ တိရိစ္ဆာန်ပေါင်းစုံရဲ့ ဟေးလားဝါးလား အသံတွေ ဆူညံနေတော့ အနီးအနားက အိပ်တန်းတက်နေတဲ့ ငှက်တွေတောင်ပြန်နိုးလာပြီး လာစပ်စုကြတယ်"

"ယုန်ဘက်က Fan လိပ်ဘက်က Fan တွေပိုများလာတာပေါ့"

"ဒါပေါ့ ညီလေး သေမင်းရဲ့၊ Fan တွေတင် ဘယ်ကမလဲ၊ ဂျာနယ်ထဲထည့်ဖို့ အားကစားကလောင်ရှင် တချို့တောင် ခပ်ထွေထွေနဲ့ ရောက်လာကြတာ"

"တယ်ဟုတ်ပါလားကွ"

"ဒါပေါ့ကွ၊ အဲဒီလိုနဲ့ ယုန်နဲ့လိပ် အပြေးပြိုင်ဖို့ နေရာလည်း ယူပြီးရော စင်တင်မှာ သီချင်းဆိုတဲ့ သမင်မလေးတစ်ကောင်က ဘောင်းဘီတိုလေးနဲ့ လက်သုတ်ပုဝါလေး ကိုင်ပြီး လှုပ်စိလှုပ်စိနဲ့ ယုန်နဲ့လိပ်ကြားမှာ လာရပ်တယ်၊ ပြီးတော့ တင်ကလေးကို ပစ်ပြီး လက်သုတ်ပုဝါလေးကို ခေါင်းပေါ်မှာ မြှောက်ထားလိုက်တယ်"

"သမင်မလေးက ဘာလာလုပ်တာတုံး"

"ကားပြိုင်ပွဲတွေမှာ တာလွှတ်ပေးတဲ့ ကောင်မလေးတွေလိုမျိုး ယုန်နဲ့လိပ် ကိုတာလွှတ်ပေးဖို့လေကွာ၊ မင်းကလည်း သေမင်းလုပ်ပြီး ထူပြန်ပြီ၊ နိုင်ငံခြားကားတွေ၊ MTV တွေ မကြည့်ဖူးဘူးလား၊ Fast & Furious တို့ Rihanna ရဲ့ Shut Up & Drivem တို့"

"အေးပါ ထားပါတော့"

"အဲဒီလိုနဲ့ သမင်မလေးက Go ဆိုပြီး လက်သုတ်ပုဝါလေး အောက်ချလို့ တာလွှတ်ပေးလိုက်ရော၊ တာလွှတ်တာနဲ့ ယုန်က ယိုင်ထိုးယိုင်ထိုးနဲ့ ကမူးရှူးထိုး ပြေးတော့တာပဲ၊ လိပ်ကတော့ တစ်လှမ်းခြင်း အေးဆေးပဲ၊ လိပ်ခြေလှမ်း နှစ်ဆယ်လောက်ပဲရှိသေးတယ်၊ ယုန်က ဆိုင်တစ်ပတ် ပတ်ပြေးပြီး ပြန်ရောက်လာတယ်၊ ယုန်ဘက်က ပရိတ်သတ်တွေက အားရတာပေါ့၊ လွှတ်မြန်တဲ့ကောင်ကြီးကွာ ဘာညာနဲ့ အော်ဟစ်အားပေးကြတယ်၊ လိပ်ဘက်က ပရိတ်သတ်ကတော့ သိပ်အသံမထွက်ဘူး၊ အခြေအနေ မကောင်းဘူး ထင်တယ်၊ ဆိုင်တောင် တစ်ပတ် ပတ်မိပါ့မလားနဲ့ အထင်သေးကြတာပေါ့၊ ယုန်နဲ့လိပ် ပတ်ပြေးနေတဲ့ ဂျန်းဂဲလ်ဘားရဲ့ မန်နေဂျာ ငှက်ကြားကြီးတစ်ကောင်ပဲ ယုန်ရဲ့ အခြေအနေကို ကြည့်ပြီး ခေါင်းတဆတ်ဆတ်နဲ့ ပြုံးနေတယ်၊ ဟုတ်တော့ဟုတ်တယ်လေ၊ ယုန်က မူးမူးရူးရူးနဲ့ ပတ်သာပြေးနေတာ တစ်ပတ်ပဲရှိသေးတယ်၊ ခြေလှမ်းက သိပ်မမှန်ချင်ဘူး၊ ယိုင်ထိုး ယိုင်ထိုးနဲ့၊ ပတ်ပြေးလိုက်တော့ သောက်ထားတဲ့ အရှိန်ကလည်း တက်လာတာကိုး၊ လိပ်ကတော့ ယုန်လို မဟုတ်ဘူး၊ နှေးသာ နှေးတာ ခြေလှမ်း မမှားဘူး၊ လိပ်က ယစ်ထုတ်ကိုး၊ တော်ရုံ ဘယ်မူးမလဲ အေးဆေးပဲ"

လိပ်ပတ်ပြေးလို့ ပထမတစ်ပတ်ရဲ့ သုံးပုံနှစ်ပုံလောက် ရောက်တော့ ယုန်က ဒုတိယတစ်ပတ် ပြန်မှီလာတယ်၊ အခြေအနေတော့ သိပ်မကောင်းတော့ဘူး၊ ယုန်ကို ကြည့်ရတာ မူးမူနဲ့ ဘယ်နားချော်လဲခဲ့လဲ မသိဘူး၊ မည်းသည်းပေတူးလို့၊ ညစ်ပတ်စုတ်ပြတ်နေပြီး ဒူးတစ်ဘက်လည်းပွန်း၊ နားရွက်တစ်ဘက်လည်း စုတ်နေတယ်၊ သိပ်မြန်မြန်လဲ မပြေးနိုင်တော့ဘူး၊ စိုက်စိုက် စိုက်စိုက်နဲ့ သိုင်းကွက်နင်းနေပြီ၊ ခေါင်းကြီးလည်း စိုက်လို့၊ လိပ်ကို စောင်ပေပေ တစ်ချက်ကြည့်ပြီး ကော်တက်သွားပြန်ရော၊ ပါးစပ်ကလည်း မသဲမကွဲ ဗလုံးဗထွေးနဲ့ ဘာတွေပြောနေလဲ မသိဘူး၊ စိတ်ကိုတော့ တင်းထားပုံရတယ်၊ သုံးပတ်ပြည့်ဖို့ တစ်ပတ်ပဲ ကျန်တော့တာကိုး၊ လိပ်ကတော့ သိတယ် မဟုတ်လား၊ သူ့စတိုင် အတိုင်း Steady ပဲ၊ တစ်ပတ်ပြည့်တော့ ဆိုင်ထဲဝင်ပြီး တစ်ခွက် ထပ်မော့ သွားသေးတယ၊

အဲဒီလို ပြေးကြရင်းနဲ့ လိပ်သာ ဒုတိကမြောက် တစ်ပတ်ပြန်ရောက်လာတယ်၊ ယုန် ပန်းဝင်မလာဘူး၊ ယုန်ဘက်က ပရိတ်သတ်က ဆူဆူညံညံ ဖြစ်လာတယ်၊ ပန်းတိုင် ရောက်ခါနီးမှ ဘယ်နားသွား မူးနေပြီလဲ မသိဘူး၊ လိုက်ရှာပြီး တွဲထူမှ ထင်တယ်တွေ ဘာတွေ ဖြစ်လာတော့ လိပ်နဲ့အတူ နေ့တိုင်း သောက်ဖော်သောက်ဖက် ခြသေ့်ကြီးက ဝေါင်းကနဲ ထ ဟိန်းတယ်၊ 'သူ့ဟာသူ အသုံးမကျလို့ ဘယ်မှာ လဲနေနေ ဘယ်ကောင်မှ သွားမထူနဲ့၊ သူ့ဟာသူ ထပြီး ပန်းဝင်ရင် ဝင် မဝင်ရင် မတတ်နိုင်ဘူး' လို့ ပြောတယ်၊

ဆိုင်မန်နေဂျာ ငှက်ကြားကြီးကလည်း 'ဘေးလူ ဝင်ပါရင် ပါတဲ့ ကောင်ဘက်က အရှုံးပဲ' လို့ပြောတော့ ပရိတ်သတ်က ဘာမှ မလုပ်ရဲတော့ဘူး၊ လိပ်ကတော့ ခပ်တည်တည်ပဲ၊ ဒုတိယ တစ်ပတ် ပတ်တော့လည်း ဆိုင်ထဲ ခဏဝင်ပြီး တစ်ခွက် ထပ်မော့သွားသေးတယ်၊ သူ့ပုံစံက လန်းဆန်းလို့ လုံးဝ ခြေလှမ်းမပျက်ဘူး၊ တာလွှတ်ပေးတဲ့ သမင်မလေးကိုတောင် မျက်စေ့တစ်ဘက် မှိတ်ပြပြီး 'အေးဆေးပါ အချစ်ကလေးရယ်' လို့ ရိသားသေးတယ်၊

---

အဲဒီလိုနဲ့ တိုတိုပြောရရင် ဖိုးသမားလိပ်သာ တတိယအကြိမ် ပန်းဝင်ပြီး နိုင်သွားတဲ့အထိ ယုန် ပေါ်မလာတော့ဘူး၊ ပြိုင်ပွဲပြီးလို့ လိုက်ရှာကြတော့ ယုန်ကို ဆိုင်နောက်ဖက်က အိမ်သာနားမှာ ခေါင်းစိုက်ပြီး မှောက်နေတာတွေ့ရတယ်၊ အန်ဖတ်တွေလည်း ပေပွလို့၊ တွဲထူတာတောင် ခေါင်းကြီး ငိုက်စိုက်နဲ့ စကားမေးမရတော့ဘူး၊ အဲဒါနဲ့ ဆိုက်ကားနင်းတဲ့ မျောက်တစ်ကောင် ခေါ်ပြီး အိမ်ပြန်ပို့လိုက်ရတော့တယ်၊ ယုန်ရဲ့ မိသားစုလည်း အဲဒီညက အလောင်းအစား ရှုံးလို့ ဘားဆိုင်တစ်ခုလုံး တခြားလူတွေ လက်ကမြင်းပြီး စွပ်ထားကြတဲ့ ပန်းကုံးဖိုးတွေပါ မကျန် ရှင်းလိုက်ကြရတယ်၊ ခိုင်လုံတဲ့ ဈေးထဲက သတင်းအရ ယုန်မိသားစုဟာ ဟန်ပဲရှိတာ၊ တကယ် မချမ်းသာဘဲ ကြွားချင်ကြတော့ အိမ်ဂရန်ပါ ပေါင်ထားရတယ် ဆိုလား၊ ယုန်နဲ့ သူ့မိန်းမဟာ အမေဇုန်တောမှာ ကျောင်းတက်ဖို့ ပို့ထားတဲ့ သူ့သားယုန်တစ်ကောင်ကိုတောင် ကျောင်းစရိတ် ဆက်မထောက်ပံ့နိုင်လို့ ပြန်ခေါ်ထားရတယ် ဆိုလား၊ သူတို့သမီး ယုန်မလေး တစ်ကောင်ကိုတောင် ပိုက်ဆံရှိတဲ့ စီးပွားရေးသမား ကြောင်ကတိုး မုဆိုးဖိုကြီး တစ်ကောင်နဲ့ ပေးစားဖို့ စပ်နေတယ် ဆိုလားကွာ၊
ယုန်ကို ဝိုင်းအချဉ်ဖမ်းလိုက်ကြတဲ့ လိပ်ရယ်၊ ခြသေ့ရယ်၊ ဂျန်းဂဲလ်ဘားက ငှက်ကျားနဲ့ သမင်မလေးတွေရယ်၊ ယုန်ကို အဲဒီဆိုင် လာဖို့ ခေါ်လာပေးတဲ့ ယုန်ဘော်ဒါ ယုန်မည်းတစ်သိုက်ရယ်ကတော့ လက်ဝါးချင်းရိုက်ပြီး အောင်ပွဲခံနေကြတယ်၊ အဲဒါနဲ့ ပုံပြင်ပြီးရော သူငယ်ချင်း သေမင်းရဲ့"
"ဟင် .. မင်းဟာကလည်း ပြီးချင်တော့ ချက်ချင်းပါလား၊ မင်းပုံပြင်က ဘာသင်ခန်းစာ အနှစ်သာရမှလည်း မပါဘူး"
"သင်ခန်းစာ အနှစ်သာရ သိပ်ပါတာပေါ့ သူငယ်ချင်းရယ်"
"ဘာပါလို့လဲ"
"နံပါတ်တစ် .. ကိုယ်ဘယ်လောက် ခံနိုင်မှန်းမသိရင် ဘယ်တော့မှ မသောက်နဲ့"
"နံပါတ်နှစ် .. ကိုယ့်ခွင် မဟုတ်ရင် ဘယ်တော့မှ သွားမစွာနဲ့"
"နံပါတ်သုံး .. ကိုယ် နိုင်နိုင်တယ် မနိုင်နိုင်ဘူး သေချာမစဉ်းစားဘဲနဲ့ သူများကို အထင်သေးပြီး ဘယ်တော့မှ သွားမပြိုင်နဲ့"

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

---

# ယုန်နဲ့လိပ်
## (Reloaded)

"ကဲ .. ဦးဦးရိုး နောက်တစ်ပုံ ပြောမယ်၊ သားသား သေမင်းလေး ငြိမ်ငြိမ် နားထောင်မလား"
"ဟေ့ကောင် စကားကို ကောင်းကောင်းပြော၊ တငတင်စီးစီးနဲ့၊ ငါ ကောက်ရိတ်တံနဲ့ ပိုင်းလိုက်ရ"
"ဟားဟား နောက်တာပါကွ မင်းကလည်း ... ကဲ အချိန်မရှိဘူး၊ ဟေ့ကောင် နောက်တစ်ပုံပြောပြမယ်၊ နားထောင်"
"OK ... နောက်တစ်ပုံက ဘာလဲ"
"ယုန်နဲ့လိပ်ပဲ"
"ဟင် ခုနကပဲ ပြောပြီးသွားပြီလေကွာ"
"မတူဘူး သူငယ်ချင်း၊ ခုနကပုံက ရိုးရိုး ယုန်နဲ့လိပ်၊ အခု ငါပြောမှာက ယုန်နဲ့လိပ် (Reloaded) မင်း သိုင်းဝတ္ထုတွေ၊ သိုင်းကားတွေ ဖတ်ဖူး ကြည့်ဖူးလား"
"ဘာဆိုင်လို့လဲဟ"
"ဆိုင်တယ်ကွ၊ သိုင်းဝတ္ထုတွေထဲမှာ အဖေအတွက် သားက သွေးကြွေးဆပ်တာတွေ ဘာတွေ မင်းသိတယ် မဟုတ်လား၊ အခု ငါပြောမယ့်ပုံက အဲဒါမျိုး သူငယ်ချင်း"
"မင်းဟာက မဟုတ်သေးပါဘူး အရိုးရာ .. ယုန်နဲ့လိပ်ပုံပြင် ငါ တစ်ခုတည်း ကြားဖူးပါတယ်၊ သွေးကြွေးဆပ်တဲ့ကိစ္စတွေ ဘာတွေ မပါပါဘူး"
"ဒီမှာ သေမင်း၊ မင်းက ငါပြောပြမယ့် ပုံပြင်တိုင်းကို မင်းသိမှာပဲလို့များ ကိုယ့်ကိုကိုယ် အထင်ကြီးနေလား၊ ဒီမှာကိုယ့်လူ ငါက Own Tune သမားကွ၊ ပုံပြင်ကို ကိုယ့်ဟာကိုယ် Own Tune ဖန်တီးလို့ရတယ်၊ (တွံ) အသင်သေမင်းသည် (ဂနာဟိ) မသေမချင်း မြဲမြဲစွာ မှတ်ထားပေရော့"

“ငါ့နယ်ကွာ ပုံပြင်လေး ပေါက်ကရတစ်ပုဒ် ပြောဖို့ အရေးများ Own Tune တွေဘာတွေနဲ့ ကြီးကြီးကျယ်ကျယ် လုပ်လို့၊ ကိုင်း ပြောစမ်း .. ယုန်နဲ့လိပ် Reloaded”
“ခုနက အပြေးပြိုင်ပြီး ရှုံးသွားတဲ့ Rabbit Family ကို မှတ်မိတယ် မဟုတ်လား”
“ယုန်မိသားစုလို့ မြန်မာလို ပြောလည်းရပါတယ်ကွာ၊ အင်္ဂလိပ်လိုက တုတ်လိုက်ချင်သေးတယ်”
“မဟုတ်ဘူးကွ၊ အခုပုံက နည်းနည်း ဘိုဆန်တယ်၊ မင်းမှတ်မိလား၊ ပြိုင်ပြေးတာ ရှုံးတော့ ယုန်မိသားစုက တစ်ဆိုင်လုံး စားသောက် ပျော်ပါးထားကြတာတွေ ရှင်းလိုက်ရတော့ မွဲရောလေ”
“အေးလေ”
“အဲဒါနဲ့ ငါပြောခဲ့သလိုပေါ့၊ အမေဇုန်တောကို ပို့ပြီး ကျောင်းတက် ခိုင်းထားတဲ့ ရှုံးသွားတဲ့ ယုန်ရဲ့ သားကိုတောင် သူ့အဖေယုန် ဆတ်ဆော့လို့ မွဲတော့ ကျောင်းစရိတ် ဆက်မထောက်နိုင်တော့လို့ ပြန်ခေါ်ရတယ်လေကွာ”
“အေးလေကွာ၊ ယုန်သမီးလေးတောင် မုဆိုးဖို ကြောင်ကတိုးကြီး အိမ်မှာ တကူကူးစီးတာတို့၊ ရပ်နိုင်ပေ့ ရပ်နိုင်ပေ့တို့၊ ကျီးဖြူ ကျီးမည်း ဘယ်မှာနေ ဟောဒီမှာနေ အာလောက်လောက် လုပ်ဖို့တို့ လွှတ်လိုက်ရသေးတယ်ဆို”
“မင်း မှတ်ဉာဏ် ကောင်းသေးသားပဲ သေမင်းရဲ့၊ ငါပြောမှာက ယုန်သမီးလေး တကူကူးကိစ္စ မဟုတ်ဘူး၊ အမေဇုန်တောက ပြန်လာတဲ့ ဂျူနီယာယုန် Rabbit Junior အကြောင်း”
“လုပ်စမ်း”
“ဒီလိုဟ ... အဖေ စီနီယာယုန်က လိပ်ကိုရှုံးတော့ ဂျူနီယာယုန်လည်း ကျောင်းတက်နေရင်း တန်းလန်းကနေ ဘုမသိ ဘမသိ ပြန်လာရတာပေါ့၊ အဲဒီကောင်က အမေဇုနမှာ ကပ္ပလီယုန်တွေနဲ့ ပေါင်းပြီး Rapper လုပ်နေခဲ့တာ။ ရောက်လာတော့လည်း တော်တော်နဲ့ သွေးက မပြောင်းဘူးဟာကိုး၊ ခေါင်းပေါင်းပေါ်မှာ ဦးထုပ်ဆောင်းလို့ နားရွက်နှစ်ဖက်က ထိုးထိုးထောင်ထောင်နဲ့ လည်ပင်းမှာလည်း Rabbit J.R ဆိုတဲ့ စာလုံးကြီး ဖောက်ထားတဲ့ သူငယ်တော် ဆွဲကြိုးကြားနဲ့၊ ဇန္နုလ ဘောင်းဘီပွကြီးနဲ့၊ ကလယ်ကုလား စွပ်ကျယ်နဲ့၊ ရှိ့ရှိ့ ဖြစ်နေသေးတာပေါ့၊ ဒီရောက်တော့ သူ့အဖေယုန်က ယုန်နဲ့လိပ် အပြေးပြိုင်တာ ယုန်ရှုံးလေခြင်း ဆိုပြီး ဘယ်သူ့မှ မျက်နှာမပြရဲဘဲ ဒီပရက်ရှင်း (Depression) တွေဝင်လို့ အိမ်ထဲမှာ မှိုင်နေတာကိုး၊ အဖေယုန် အဲဒီလို ဖြစ်နေတာ တွေ့တော့ သားယုန်က အနားသွားပြီး
ရှိ့ရှိ့ ... Come on Come on
Dear my rabbit father
U looks so poor .......
Something wrong here
Let me know .... man
What's the real matter ....!

---

“အု အု ဆိုပြီး Rapping နဲ့ မေးတာပေါ့ကွာ၊ ရှုံးပြီး မွဲသွားလို့ တင်းနေရတဲ့အထဲ အနားမှာ ရှုစိ ရှုစိ လာလုပ်နေတော့ အဖေယုန်က သားယုန်ကို ‘ကိုယ့်အမေလင် ကိုယ် ဘာမှတ်လို့ လာနောက်နေတာလဲ’ ဆိုပြီး ထကန်တာပေါ့၊ သူ့သားလို international အမေဇုန်ယုန်မဟုတ်တော့ Rap တွေဘာတွေလည်း မသိဘူးလေ၊ အကန်ခံရတော့မှ သားယုန်လည်း အချိုး နည်းနည်းပြေသွားပြီး ‘အဖေ ဘာဖြစ်နေတာလဲ’လို့ ကောင်းကောင်းမေးတယ်။ အဲဒီတော့မှ အဖေယုန်ကလည်း နည်းနည်းစိတ်ပြေသွားပြီး အရက်ဆိုင်က လိပ်ကို မူးမူးနဲ့ စိန်ခေါ်ပြီး အပြေးပြိုင်မိလို့ အန်ဖတ်ဆို့ပြီး ရှုံးတဲ့အကြောင်းပြောပြတာပေါ့။”
“သူတို့ကို တာလွှတ်ပေးတဲ့ သမင်ပေါင်တိုမလေး အကြောင်းရော မပြောပြဘူးလား”
“အဲဒါတော့ မပြောဘူးကွ၊ ဖွက်ထားတယ်။ မတော် ပြောပြမိလို့ သူစွပ်ထားတဲ့ ပန်းကုံးကိစ္စတွေ ပေါ်ကုန်ရင် သူ့မိန်းမယုန်မကြီးက ရှေ့သွားနှစ်ချောင်းနဲ့ ခုတ်မှာကြောက်လို့၊
အကြောင်းစုံသိရတော့ သားယုန်က ရယ်တယ်။ ‘ဒါများအဖေရာပေါ့။ ကျနော်အခုပဲ သွေးကြွေးသွားဆပ်လိုက်မယ်၊ အရကသမားလိပ် အမောဆို့သေမှ အဖေအတွက် သူ့အခွံကြီး အမှတ်တရ ကောက်လာခဲ့မယ်’ ဆိုပြီး ကွတ ကွတနဲ့ ထွက်သွားရော။
သားယုန်က အဖေယုန်လို ပိန်ချိချိတော့ မဟုတ်ဘူး။ အမေဇုန်မှာတုန်းက သူ့သူငယ်ချင်း ကပ္ပလီယုန်တွေအားကျလို့ အားကစားတွေဘာတွေ လုပ်တော့ဘော်ဒီနည်းနည်းပိုတောင့်တယ်။ နောက်ပြီး ကပ္ပလီယုန်တွေနဲ့ ဘတ်စကက်ဘောတွေ ဘာတွေကစားဖူးတော့ အဖေထက်အမောလည်း နည်းနည်းပိုခံနိုင်တယ်။
ဒီလိုနဲ့ ဂျူနီယာယုန်လည်း ဂျန်းဂဲလ်ဘားရှေ့ရောက်လာတာပေါ့။ ဆိုင်ရှေ့မှာ သူ့အဖေယုန်ကို လိပ်က မန်နေဂျာငှက်ကျားတို့နဲ့ ဝိုင်းဘတ်ကြလို့ ရတဲ့ ပိုက်ဆံနဲ့ဝယ်ထားတဲ့ ဟာလီဒေးဗစ်ဆင်ဆင်ကယ်ကြီး ရပ်ထားတာကို တွေ့တယ်။ မီးတောက်ပုံစတစ်ကာတွေ ဘာတွေ ကပ်ထားပြီး ဆီတိုင်ကယ်ပေါ်မှာ လိပ်ခွံဟောင်းကြီးတစ်ခုစွပ်လို့ အမယ် ဆိုင်ကယ်နောက်မြီးမှာတောင် ယုန်ရုပ်တစ်ရုပ်ကို ကြိုးနဲ့ချည်ပြီး မြေကြီးပေါ်ချထားသေး၊ ဆိုင်ကယ်မောင်းသွားရင် မြေပေါ်မှာ လူးလိမ့်ပြီး တရွတ်တိုက်ပါသွားအောင် ချည်ထားတာ၊ အဲဒီ ယုန်ရုပ်ရဲ့ ရင်ဘတ်မှာ စာတောင်ကပ်ထားသေးတယ်၊
‘Idiot!’
ဆိုပဲ..... အဲဒါကြီးတွေ့တော့ သားယုန်က ပိုတင်းသွားပြီး ဆိုင်ကယ်ကြီးကို ထွီကနဲ တံတွေးထွေးတယ်။ ပြီးတော့မှ သူ့

ဗန္ဒုလဘောင်းဘီပွကြီးကို ဖြပ်ဖြပ်နဲ့မ၊ ဂျန်းဂဲလ်ဘားရဲ့ ဆင်နားရွက်တံခါးကို ခြေထောက်နဲ့ကန်ဖွင့်ပြီး အထဲဝင်သွားတယ်။အထဲ ရောက်တော့ ထောင့်ဝိုင်းတစ်ဝိုင်းမှာ ဆံပင်ရှည်ကြီး ဖားလျားနဲ့ လိပ်ခွံပေါ်ဆေးမှင်ကြောင် (tattoo) တွေထိုးထားပြီး လည်ပင်းမှာ ချိန်းကြိုးကြီးဆွဲလို့ ဂျင်းဘောင်းဘီနဲ့ Roker စတိုင် မူးပြီးထိုင်နေတဲ့ လိပ်ကို တွေ့ရော၊ ဘားကောင်တာနောက်က ကန်းထရီး Country ဦးထုပ်နဲ့ မန်နေဂျာ ငှက်ကျားကလည်း ဆေးပြင်းလိပ်ကြီးခဲလို့ ယုန်ကို ကြည့်တယ်။ တစ်နေရာမှာ ဂါဝန်အတိုအပြတ်လေးတွေနဲ့ သမင်မလေး နှစ်ကောင်ကလည်း ချိုတွေကို ဆတ်ကနဲ တစ်ချက်ခါပြီး ဝင်လာတဲ့ ယုန်ကို ကြည့်နေတယ်ဆိုပဲ၊

သားယုန်ကလည်းဘယ်သူ့မှ ဂရုမစိုက်ဘူး၊ လိပ်အနားကို လျှောက်သွားပြီးတော့။ 'အိုင်ဆေးအန်ကယ် တော့တစ်(စ်) ' လို့သွားခေါ်တယ်၊ လိပ်က မျက်လုံးပွင့်လာပြီး ယုန်ကို ခြေဆုံးခေါင်းဆုံးကြည့်တယ်၊ ပြီးတော့မှ 'မင်းဘာလဲ၊ ကိုဖိုးယုန်သားလား' လို့မေးတယ်တဲ့၊

ဂျူနီယာယုန်က လိပ်မျက်နှာနားကို နှာခေါင်းချင်းထိလုမတတ် ကပ်ကြည့်ပြီး 'စကားများမနေနဲ့ လိပ်ငမူးကြီး၊ ခင်ဗျားကြိုက်တဲ့ ပုံစံပြော၊ ခင်ဗျားနဲ့ ကျုပ်အပြေးထပ်ပြိုင်မယ်' လို့ ပြောတယ်တဲ့။"

"အရိုး၊ မင်းပုံပြင်က ရုပ်ရှင်ထဲက လူမိုက်တွေလို ဖြစ်နေပါလား"

"စကားမများစမ်းနဲ့သေမင်းရာ၊ မင်းငြိမ်ငြိမ်နားထောင်စမ်းပါ"

---

"အေးပါ ထားပါတော့"

"ဂျူနီယာယုန်က အဲဒီလိုပြောတော့ လိပ်ငမူးက ဟက်ဟက်ပက်ပက် ထရယ်တာ သီးတောင်သီးတယ်ဆိုပဲ၊ သူရယ်တော့ မန်နေဂျာငှက်ကျားနဲ့ သမင်မလေးတွေလည်း ဘုမသိ ဘမသိ ထရယ်ကြတယ်"

"ဘာမှန်းမသိပဲ လိုက်ရယ်တာပဲလား"

"တောတိရိစ္ဆာန်တွေပဲကွာ .. မင်းကလည်း နည်းနည်းတော့ ပိန်းကြမှာပေါ့၊ လိုက်မရယ်လို့လည်း မဖြစ်ဘူးကွ၊ လိပ်က ဂျန်းဂဲလ်ဘားမှာ Big Joe ပဲ ဥစ္စာ၊ သူက ဆရာကြီးဟ"

"ဟုတ်ပါပြီ ထားပါတော့"

"အားရပါးရ ခွက်ထိုးခွက်လန် ရယ်ပြီးတော့မှ လိပ်ကပြောတယ် 'တကယ်လား' တဲ့၊ သားယုန်က ဘာမှ ပြန်မပြောဘူး၊ မိုက်ကြည့် ကြည့်နေရင်းနဲ့ပဲ လိပ်ကို ခေါင်းညိတ်ပြလိုက်တယ်၊ လိပ်က ထိုင်နေရာက ပျင်းရိပျင်းတွဲနဲ့ ထတယ်၊ ဘာမှ မပြောဘူး၊ ဆိုင်အဝကို လျှောက်သွားတယ်၊ တံခါးဝမှာ ရပ်နေပြီး အပြင်ကိုကြည့်နေတယ်၊ ခဏနေမှ ယုန်ကို လက်ရပ်ပြီး လှမ်းခေါ်တယ် 'မင်းလာဦး' တဲ့"

ယုန်က ကွတကွတနဲ့ လိပ်အနားသွားရပ်တော့ တံခါးဝကနေ လှမ်းမြင်နေရတဲ့ ဂျန်းဂဲလ်ဘား ရှေ့ကတောင်ကြီးကို လက်ညှိုးထိုးပြတယ်၊

"ဂျန်းဂဲလ်ဘား ရှေ့မှာ တောင်ကြီးရှိသလား"

"ငါတို့အတွက်တော့ တောင်ကုန်းလောက်ပေါ့ သေမင်းရာ ... ယုန်တွေ၊ လိပ်တွေ အတွက်တော့ တောင်ကြီးပေါ့"

"အေးပါ ထားပါတော့၊ ငါ့ခွေးမှ မင်းပုံပြင်ကလည်း ထားပါတော့ချည်း လုပ်နေရတာပဲ"

"ဟ မင်းကလည်း ပုံပြင်ပါဆိုနေ၊ အဲဒီ တောင်ကို လိပ်က လက်ညှိုးထိုးပြတော့ ယုန်ကမေးတယ်၊ ဘာလဲတဲ့"

"ဘာလဲလို့ မမေးလို့'ဘဇာအကြောင်းနည်း ငါ့ရှင်' လို့မေးရမလား ငါ့နှယ်"

"သေမင်း ... မင်းငြိမ်ငြိမ် နားထောင်စမ်းကွာ"

"အေးပါ ထားပါတော့"

"ယုန်က မေးတော့ လိပ်ကပြောတယ်၊ 'ဘာလဲ မလုပ်နဲ့ ဟေ့ကောင်' တဲ့၊ အဲဒီတောင်ထိပ် မင်းနဲ့ငါ သွားမယ်၊ တောင်ထိပ်ကနေ ဒီဆိုင် ဒီတံခါးဝအထဲ အပြေးပြိုင်မယ်၊ တစ်ခေါက်တည်းပဲ ဘယ်လိုလဲ' ဆိုတော့ ယုန်က မထိမဲ့မြင်နဲ့ လိပ်ကို ကြည့်ပြီး Rapper အထာ ခေါင်းကြီးကိုမော့ရင်း တညိတ်ညိတ်နဲ့ 'အခုလား' လို့ပြန်ပြောတယ်၊ လိပ်ကလည်း 'လုပ်လေ' တဲ့၊ လိုရင်းပြောရရင် သူတို့ နှစ်ကောင် တောင်ထိပ်ရောက်လို့ နေရာယူကြရောပေါ့ကွာ"

"တာလွှတ်ပေးမယ့် သမင်မလေး ပါသေးလား"

"မင်းကလည်း ဒါပဲ မေးနေပါလား သေမင်းရယ် ... သိပ်သိချင်နေရင် သမင်မလေးနဲ့ ဆတ်ဖားကြီးတို့ ဆိတ်သိုးကြီးတို့အကြောင်း နောက်မှ ငါပြောပြမယ်"

"ဟုတ်ပါပြီ ထားပါတော့"

"တာလွှတ်မယ့် လူမပါဘူးကွ၊ မန်နေဂျာ ငှက်ကျားကြီးက ဆိုင်ဝ ပန်းတိုင်ကနေပဲ မီးကျည်ဖောက်ပြီး အချက်ပြမှာ၊ မီးကျည်ပေါက်တာ တွေ့ရင် ပြေးရုံပဲ"

"မီးကျည်က အီတလီ ဘောလုံးပွဲတွေမှာ ပရိတ်သတ်တွေ ဖောက်ဖောက် ဆော့တဲ့ မီးကျည်အနီမျိုးလား"

"သေမင် .. မင်းကလည်း စကားများလိုက်တာကွာ၊ ငြိမ်ငြိမ် နားထောင်စမ်းပါဆို"

"မဟုတ်ဘူးလေကွာ ငါ သိပ်မရှင်း .."

"မရှင်းလဲ တော်သလို တွေးကြည့်လိုက်ပေါ့ကွာ၊ မင်းကလည်း ပုံပြင်ပါဆို"

"အေးပါ ထားပါတော့"
"အဲလိုလုပ်စမ်းပါ သူငယ်ချင်းရဲ့၊ အဲဒါနဲ့ တောင်ထိပ်က ယုန်နဲ့လပ်က မီးကျည် အဖောက်ကို စောင့်ကြည့်နေတာပေါ့ကွာ၊ ဒါပေမဲ့ တစ်ခုရှိတာက တောင်ထိပ်က သူတို့ထင်သလို မြေပြန့်ကျယ်ကျယ် မရှိဘူးဆိုပဲ၊ အဖုအထစ် အချွန်အတက်တွေ ခဲတွေနဲ့၊ သူတို့ တာထွက်မယ့်နေရာ ကတ်ကတ်သတ်သတ် ရပ်နေရတာပေါ့၊ အဲဒါနဲ့ အောက်ကမီးကျည်လည်း ဖောက်ရော ဂျူနီယာယုန်လည်း အားရပါးရ ပြေးလိုက်မဟဲ့ ပြင်တုန်း တာက မထွက်ရသေးဘူး၊ သူ့ဘောင်းဘီအပွကြီး သူနင်းပြီး လဲပါလေရောတဲ့၊ အဲဒါနဲ့ လန့်ပြီး ဆွဲမိဆွဲရာ ဆွဲလိုက်တာ အမူးသမား Rocker လိပ်ရဲ့ ဆံပင်ရှည်ကြီး ဆွဲမိပြီး နှစ်ကောင်လုံး တောင်အောက် တလိမ့်ခေါက်ကွေး ထိုးဆင်းကျသွားကြတာ လိမ့်ကာလိမ့်ကာနဲ့ ..."
"ဟို ဘောလုံးပွဲ ကြေညာတဲ့လူ ပြောသလိုပါလား"
"နားထောင်စမ်းပါဟ"
"အေးပါ ထားပါတော့"
"လိပ်ဆိုတဲ့ အကောင်က တစ်ခုခု လန့်ပြီဆို ခြေတွေ လက်တွေ ခေါင်းတွေကို အခွံထဲ သွင်းပစ်လိုက်တဲ့ သဘာဝ ရှိတာကိုး .. သူ့အခွံကြီးကလည်း လုံးတုံးတုံး မာမာကြီးဆိုတော့ တောင်ပေါ်ကနေ ဒေါင်ဒေါင်နဲ့ ကျလာတာ အတူတူ ချော်လဲပြီး ကျလာတဲ့ ယုန်ကိုတောင် ကျော်တက်သွားတဲ့အပြင် တာလွှတ်ပေးတဲ့ ဆိုင်ဝက ငှက်ကျားတို့ တစ်သိုက်ကိုပါ ဝင်တိုက်ပြီး ဆိုင်ထဲအထိ ရောက်အောင် ပန်းဝင်သွားလိုက်တာ ဘားကောင်တာကို ဒုန်းကနဲ ဝင်တိုက်မှ ရပ်သွားပြီး ပက်လက်ကြီးနဲ့ ယက်ကန်ယက်ကန် ချာလည် လည်နေတယ် ဆိုပဲ၊ ဂျူနီယာ ယုန်ခမျာတော့ တောင်စောင်းတနေရာမှာ လည်ပင်းက သူငယ်တော် ဆွဲကြိုးကြီးနဲ့ ကျောက်စွန်းနဲ့ ချိတ်နေလို့ ကြိုးဆွဲချသလို ဖြစ်ပြီး မနည်း နှာနှပ်ယူရသတဲ့၊ ဘာပဲပြောပြော အခွံနဲ့ ပန်းဝင်ဝင် အသားနဲ့ပဲ ပန်းဝင်ဝင် အရင် ပန်းဝင်လာတာ လိပ်ဆိုတော့ လိပ်ပဲ နိုင်သွားပြန်တာပေါ့၊ ပက်လက်လန်နေတဲ့ လိပ်ငမူးကို သွားလှန်ပေးကြတော့ လိပ်က ပြောတယ်တဲ့၊ 'ဒါမျိုးဖြစ်လာခဲ့ရင် ဒီလိုဖြစ်လောက်တယ် ထင်လို့ တောင်ပေါ်မနည်း တက်ပြိုင်တာ' ဆိုပဲ၊ ရှုံးသွားတဲ့ ဂျူနီယာယုန်ကတော့ သူ့ကိုလိပ်ကတွန်းချတယ်လို့ သတင်းလွှင့်တယ်၊ လိပ်ကလည်း ယုန်က သူ့ကို ဆောင့်ကန်ချရာက နှစ်ကောင်လုံး ကျတာလို့ ပြန်ပြောတယ်၊ ဘာပဲဖြစ်ဖြစ် ပြီးရော .."
"ပြီးပြီလား"
"အေးလေကွာ"
"သင်ခန်းစာက"
"နံပါတ်တစ် .. ကိုယ့်အဝတ်အစား ကိုယ့်အသုံးအဆောင်တွေနဲ့ ကိုယ့်သေတွင်း ကိုယ်မတူးမိစေနဲ့"
"နံပတ်နှစ် .. အပြိုင်အဆိုင် လုပ်ကြတဲ့ အခါမျိုးမှာ ပေါက်တတ်ကရတွေ လျှောက်ဖြစ်လာရင် ကိုယ့်ဘက်က အသာရနိုင်မယ့် ကာလံဒေသံမျိုး ရှာထားပါ"
"နံပါတ်သုံးကရော .."
"နံပါတ်သုံး မရှိတော့ဘူး၊ တစ်ခု လျော့သွားပြီ"
"သြော် .. အင်း .. အေးပါကွာ ထားပါတော့"

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

# ယုန်နဲ့လိပ်

**(Revolution)**

"ဒီတစ်ပုံပြင်ပြီးရင် မင်းပြောရမယ့် အလှည့်နော် ဟေ့ကောင်"
"ဟကောင်ရ သေမင်းပါကွ၊ ကတိတည်ပါတယ်၊ မင်းတို့လူတွေလို မဟုတ်ဘူး၊ မင်းပြောမယ့် ဟာသာပြော"
"အေး ပြောမယ်ကွာ..... ဟိုးရှေးရှေးတုန်းက ယုန်တွေနဲ့ လိပ်တွေရှိ......"
"ဟေ့ကောင်"
"အင် ... ဘာလဲ"
"မင်း ဒီယုန်တွေ လိပ်တွေအပြေးပြိုင်တဲ့ အကြောင်းကလွဲပြီး တခြားဟာ မပြောတတ်တော့ဘူးလား"
"ဘာဖြစ်လို့လဲ၊ ဒါအသစ်ကွ"
"မင်းဟာက လွန်လွန်းနေပြီ ဟေ့ကောင်...... မင်းတို့လူတွေဟာ ဒီလုချည်းပဲ၊ အကြောင်းအရာလေး တစ်ခုရရင် မရှည်ရှည်အောင် ချဲ့ကားပြီး မျိုးစုံ ကြံဖန်လုပ် စားကြတော့တာပဲ၊ ငါ ဒေါသထွက်လာပြီနော်"
"မင်းကလည်းကွာ ... ဒီတစ်ခုတော့ သည်းခံနားထောင်လိုက်ပါ၊ နောက်မင်း နားမထောင်ချင်ရင် ငါ အခန်းဆက်တွေ မပြောတော့ဘူး၊ တစ်ပုံချင်းပဲ ပြောတော့မယ် ဟုတ်ပြီလား"
" မင်းသေချာတယ်နော်အရိုး၊ သေမင်းကို ကူလီကူမာ လာမလုပ်နဲ့၊ သေမင်း စိတ်ဆိုးတယ်"

“အေးပါသေမင်းရယ်၊ ကျေးဇူးရှင်ရယ်... ဒီတစ်ပုံတော့ သည်းခံနားထောင် လိုက်ပါ၊ ငါ့မှာလည်း တန်းလန်းကြီး ဖြစ်နေတာလေ၊ အဆုံးသတ်ချင်လို့ပါ၊ ဒီတစ်ခါ ယုန်နဲ့လိပ်က ‘ယုန်နဲ့လိပ် Revolution’ တဲ့.”

“အမယ် မင်းဟာက ဟိုနိုင်ငံခြား သိပ္ပံရုပ်ရှင် သုံးကားတွဲ တစ်ခုနဲ့ တူသလိုလို.... ”

“ အေးလေ၊ အကျင့်ပါနေလို့ ခိုးချ ... အာ .... ဘာတွေ လျှောက်ပြောမိပြီးလဲမသိဘူး၊ တော်ကွာ... နားထောင်”

“အေးကွာ၊ ထုံးစံအတိုင်း ထားပါတော့.”

“ အခုပုံက ခုနက နှစ်ပုံဖြစ်လာတဲ့ အဖြစ်အပျက်ကွ၊ ယန်နဲ့လိပ် အပြေးပြိုင်ကြတာ နှစ်ခါတတိ ယုန်ကချည်း ရှုံးသွားတော့ ယုန်တွေနဲ့လိပ်တွေ လောကမှာ ကျွတ်စီကျွတ်စီ ဖြစ်လာကြတာပေါ့.”

“ဘာလဲ ယုန်ဂျာနယ်တို့ လိပ်ဂျာနယ်တို့မှာရော အပြန်အလှန် ဆောင်းပါးတွေရေးပြီး ဆော်ကြသေးလား”

“ ဘာပြောကောင်းမလဲ ကိုယ့်လူရယ်၊ ဒါမျိုး ပွဲဆူပြီဆို သူတို့ အကြိုက်ပဲ ဥစ္စာ ဆော်ကြတာပေါ့၊ ဆော်ကြရုံတင်မကဘူး တက်ယုန်လောက တက်လိပ်လောက တွေထဲမှာပါ ‘မင်းဘာကောင်လဲ ငါဘာကောင်လဲ မေးစရာမလို အားလုံးရဲ့အမြင်မှာ သိပ်ရှင်းတာမို့’ တွေ ဘာတွေ ဖြစ်လာတာပေါ့.”

“ ဘာတွေလဲကွ အရိုးရ၊ တက်ယုန်တွေ တက်လိပ်တွေဆိုတာ”

“ ဒီလိုလေကွာသေမင်းရဲ့၊ ဒို့လူတွေမှာဆို လူငယ်လူရွယ်တွေကို တက်လူလို့ ခေါ်ကြတယ် မဟုတ်လား၊ အဲဒီလိုပဲ ယုန်ချာတိတ် လိပ်ချာတိတ် တွေကိုလည်း တက်ယုန် တက်လိပ် ခေါ်တာ”

“ ဩော် အေး ထားပါတော့.”

“အဲဒီလိုနဲ့ ယုန်လောကနဲ့ လိပ်လောကထဲမှာ ကြိုးကြားကြိုးကြား တိတ်တိတ် ကျိတ်လုပ်တဲ့ အပြေးပြိုင်ပွဲလေးတွေလည်း ပေါ်လာတယ်၊ တချို့ပွဲတွေမှာ ယုန်တွေ နိုင်လိုက် တချို့ပွဲတွေကျ လိပ်တွေနိုင်လိုက် ဖြစ်နေတယ်”

“မင်းဟာက မဟုတ်သေးဘူးနော် ဟေ့ကောင် ... ယုန်နဲ့လိပ် ရိုးရိုးအပြေးပြိုင်ကြရင် ဘယ်လိုနည်းနဲ့မှ ဒီလောက် နှေးကွေးတဲ့လိပ်က ယုန်ကိုနိုင်မှာ မဟုတ်ဘူး”

“ဒီလိုရှိတယ် သေမင်းရဲ့ ... လိပ်တွေထဲမှာက လိပ်နင်ဂျာတွေ ဘာတွေရှိသေးတာကိုး၊ နောက် လိပ်တွေ လိပ်လည်ကျတာက ရှိသေးတယ်၊ ယုန်နဲ့လိပ် Revolution ကာလက အပြေးပြိုင်ပွဲ တစ်ခု နှစ်ခု ငါပြောပြမယ်၊ ယုန်တွေ ရှုံးတဲ့ပွဲမျိုးတွေ”

“ကိုင်း လုပ်စမ်း”

“ယုန်ချာတိတ် လိပ်ချာတိတ် တချို့ အပြေးပြိုင်ကြဖို့ လုပ်ရော၊ ဒီတောထဲကနေ ဟိုဘက် တောစပ်အထိ ပြေးကြမယ်ပေါ့၊ ပန်းတိုင်က သွားစောင့်တဲ့ အကောင်ကစောင့်၊ လမ်းမှာလည်း ဒိုင်လိပ်ကြီး ဒိုင်ယုန်ကြီးတွေ ဘာတွေထားပေါ့ကွာ၊ အဲဒါနဲ့ ပြေးကြရော၊ တာလွှတ်တော့ ထုံးစံအတိုင်း ယုန်က ရှုးခနဲပြေးတော့ လိပ်ဆိုတာ နောက်မှာ အပြတ်အသတ်ကို ကျန်ခဲ့တာ၊ ဒါပေမဲ့”

“အင်း ဖြစ်ပြီ တစ်ခုခု”

“ဒါပေမဲ့ ပြေးလမ်းကြားမှာ ချောင်းတစ်ခု ကန့်လန့်ခံနေတာကို သတိမထားမိကြဘူး၊ ဝုန်းဒိုင်းကြဲပြီး ပြေးလာတဲ့ယုန်လည်း ချောင်းကမ်းနား ရောက်တော့ တုန့်ခနဲ ရပ်သွားတာပေါ့၊ ချောင်းကလည်း တောထဲက တောင်ကျချောင်းလို ဟာမျိုးဆိုတော့ ရေစီးကသန်သန်နဲ့ .. ပြေးလာတဲ့ ယုန်ကလည်း ပြေးပဲပြေးတတ်တာ ရေကျမကူးတတ်ဘူးဟာကိုး၊ ချောင်းကမ်းပါးမှာ ခုန်ဆွ ခုန်ဆွ ဖြစ်နေတာပေါ့၊ ယုန်ဘက်က အုပ်စုက တံတားထိုးရမယ် ဘာညာနဲ့ပြောနေတော့ လိပ်ဘက်က အုပ်စုက လက်မခံဘူး၊ အစကတည်းက ရေကူးတတ်တဲ့ ယုန်ကို ပြေးခိုင်းပါလား၊ ပြေးလမ်းကြောင်းကို သဘောတူတုန်းက တူပြီးတော့ အခုမှ ခုန်ဆွ ခုန်ဆွနဲ့ ဘာဖြစ်တယ် ညာဖြစ်တယ် လုပ်မနေနဲ့၊ တံတားတော့ မထိုးရဘူး၊ သဘာဝအတိုင်းကူးလို့ရမယ့် နေရာကို ချောင်းကမ်းပါး အတိုင်း လိုက်ရှာကူးလို့ ပြောကြတယ်၊ ပြိုင်ပွဲကြီးကြပ်တဲ့ ဒိုင်တွေကလည်း အဲဒီအတိုင်းပဲ ဆုံးဖြတ်တော့ ပြိုင်ပွဲဝင်တဲ့ ယုန်ခမျာ ချောင်းရိုးတလျှောက် အထက်ဘက်ပြေးလိုက် အောက်ဘက်ပြေးလိုက်နဲ့ ကူးစရာနေရာရှာတာပေါ့၊ အဲဒီတုန်းပဲ လိပ်က လှုပ်စိလှုပ်စိနဲ့ ကမ်းနား ရောက်လာ ပလုံဆို ရေထဲခုန်ချ ဟိုဘက်ကမ်းကူးပြီး ဆက်ပြေးသွားတာ ပန်းဝင်ပြီး နိုင်သွားရော၊ ယုန်ကတော့ အထက်ပြေးလိုက် အောက်ပြေးလိုက်နဲ့ ချောငးကမ်းပါးမှာ ကူးစရာနေရာ ရှာတုန်း”

“အရိုးရယ် .. မင်း ပုံပြင်ထဲက ယုန်တွေကလည်း အသုံးမကျ လိုက်ကြတာများ လွန်ပါရောလား .. မင်းတို့ လူတွေ ပြောတော့ ယုန်ဆိုတာ ပညာရှိဆို”

“ပညာရှိဆိုတာ ထုံးစံအတိုင်း အရေအတွက် နည်းတယ်ဟ၊ ပေါတောတော ယုန်တွေကသာ တစ်ပုံကြီး”

“အေးပါ ထားပါတော့.”

“ထားပါတော့ မလုပ်နဲ့ သေမင်းရဲ့၊ ဦးနှောက် မရှိတာတွေက တကယ် အများကြီးဟ၊ တကယ်တမ်းပြောရရင်”

“အေးပါ ဟုတ်ပါပြီ၊ လေကြောရှည် မနေစမ်းပါနဲ့၊ မင်းပုံသာ မင်းပြီးအောင် ဆက်ပြော”

“နောက် ပြိုင်တဲ့ တစ်ပွဲကျ ယုန်ကို လိပ်တွေက ဝိုင်းညစ်ကြတာကွ”

“ဘယ်လိုလဲ၊ ဟိုတားမြစ်ဆေး သုံးတဲ့ အမေရိကန် အပြေးမယ်လိုလား၊ ဒါမှမဟုတ် လိပ်ခွံထဲမှာ ဂျက်အင်ဂျင်တွေ ဘာတွေ ဖွက်ဆင်ထားတာမျိုးလား”

“အဲဒီလို မဟုတ်ဘူးကွ၊ အပြေးပြိုင်ကြမယ် ဆိုပြီး ပြေးလမ်းကြောင်းတွေ တာထွက်မယ့်နေရာ ပန်းဝင်မယ့် နေရာတွေလည်း သတ်မှတ်ပြီးရော အပြေးပြိုင်မယ့်လိပ်က ဘာလုပ်တယ မှတ်လဲ”

“ဘယ်သိမလဲဟ၊ မသိလို့ နားထောင်နေတာပေါ့”
“အပြေးပြိုင်မယ့် လိပ်က သူ့လိပ်ခွံမှာရှိတဲ့ ဒီဇိုင်းနဲ့ ချွတ်စွပ်တူမယ့် လိပ်မျိုးသုံးလေးကောင်ကို အင်တာနက်ကနေ ရှာပြီး အကူအညီတောင်းတယ်”
“အမယ် လိပ်ကပဲ အင်တာနက် သုံးရတယ်ရှိသေး”
“Globalization ခေတ်ကိုး သေမင်း ငတုံးရဲ့ .. ကမ္ဘာကြီးက ရွာကြီးဖြစ်နေပြီဟ”
“အေးပါ ထားပါတော့”
“ပြိုင်ပွဲမှာလောင်းကြေး ဆုကြေးတွေကလည်းများတော့ သူ့ကိုကူညီမယ့် သူနဲ့ ချွတ်စွပ်တူတဲ့ လိပ်သုံးလေးကောင် ရတယ်၊ လိပ်ကလုံး (Clone) တွေပေါ့ကွာ၊ ပြိုင်ပွဲမကျင်းပခင်ညကျတော့ အဲဒီလိပ်တွေက ပြေးလမ်းကြောင်း တစ်လျှောက်မှာ သုံးလေးကောင် ပန်းဝင်ခါနီးမှာ တစ်ကောင် တစ်နေရာစီခွဲပြီး ချုံကြားထဲ ပုန်းနေကြတယ်၊”

“ပြိုင်ပွဲစတဲ့ အချိန်ကျတော့ လိပ်က ခပ်တည်တည်ပဲ ယုန်နဲ့အတူး တာထွက်ဖို့ နေရာယူတယ်၊ တာလွှတ်လို့ ယုန်လဲစွတ်ပြေးရော လိပ်က ပြတ်ကျန်ခဲ့တာပေါ့၊ ဒါပေမယ့် မင်းသေသေပဲ လိပ်က ပြေးတယ်၊ ဘေးပရိတ်သတ်တွေနဲ့ ဒိုင်တွေ သတိမထားမိတဲ့ တစ်နေရာကျမှ အသာလေး ဘေးထွက်ပုန်းပြီး သူတို့လိပ်တွေ ချိန်းထားတဲ့ နေရာသွားစောင့်တယ်၊
ယုန်ကတော့ ဘယ်သိမလဲ တစ်ခါတည်း ပြေးချလာတာပေါ့၊ တစ်နေရာရောက်တော့ သူ့ရှေ့မှာ လှုပ်စိလှုပ်စိ သွားနေတဲ့ လိပ်ကို တွေ့တယ်၊ ယုန် တော်တော် အံ့သြသွားတယ်၊ ဒီလိပ် ငါကျော်တက်ခဲ့တာပါပေါ့၊ ဘယ်လိုဖြစ်လို့ ငါ့ရှေ့ ရောက်နေတာလဲပေါ့၊ အမှန်က သူကျော်တက်လာတာ တစ်ကောင် အခု သူ့ရှေ့မှာ ရောက်နေတာက တစ်ကောင်၊ လိပ်တွေက မင်းသေလို့ သူမရိပ်မိတာ၊ အဲဒါနဲ့ ဖိပြေးလိုက်တော့ ဒုတိယလိပ်ကို သူကျော်တက်သွားပြန်ရော၊ အမယ် လိပ်တွေက ဘယ်လောက် မင်းသေတယ် မှတ်လဲ၊ ယုန်လည်း ကျော်တက်သွားရော ဒုတိယလိပ်က ‘သွားနှင့် သွားနှင့်’ ဆိုပြီး အေးအေးဆေးဆေး လက်တောင်ပြလွှတ်လိုက်သေးတယ်”
“မင်းဟာက ယုတ္တိမရှိတော့ဘူး၊ ဒုတိယလိပ်က သူပုန်းနေတဲ့ နေရာနား ယုန်ရောက်လာတော့မယ်ဆိုတာ ဘယ်လိုလုပ်သိလဲ”
“ဟ နလပိန်းတုံး သေမင်းရဲ့ ... နည်းပညာခေတ် IT ခေတ်ကွ၊ လိပ်တွေက သူတို့ အချင်းချင်း ဆက်သွယ်တဲ့ Wireless Nano Phone လေးတွေ သူတို့အခွံထဲမှာ ထည့်ဖွက်ထားပြီး ဆက်သွယ်နေကြတာ၊ ယုန် ဘယ်နေရာရောက်နေပြီလဲ သိရအောင် တာမလွှတ်ခင် ယုန်ဖင်မှာ GPS တစ်လုံးတောင် ကပ်လွှတ်လိုက်သေး”
“ဒါဆို လမ်းတစ်လျှောက်က ပရိတ်သတ်တွေ ဒိုင်တွေကရောကွာ”
“တောထဲပြေးနေတာလေကွာ၊ ဒီလောက် အပင်တွေ ချုံတွေ ရှုပ်ရှက်ခပ်နေတာ ဘယ်သူက လိပ်တွေကို မျက်ခြေမပြတ် ကြည့်နေနိုင်မှာလဲ”
“မင်း ဆင်ခြေနဲ့ မင်းကတော့ ဟုတ်နေတာပဲ .. ယုန်တွေကလည်း တုံးကို တုံးလွန်းပါတယ်ကွာ၊ မသကာ ကွင်းပြောင်ပြောင်လေး ရှာပြေးရင် ပြီးရော”
“လျှာမရှည်စမ်းပါနဲ့ သေမင်းရယ် .. ငါပြောတာကို အေးအေး နားထောင်စမ်းပါ၊
အဲဒီလိုနဲ့ ဒုတိယလိပ်ကို ကျော်တက်ပြီး ဆက်ပြေးလာတဲ့ ယုန်ဟာ နောက်တစ်နေရာ ရောက်တော့ ရှေ့မှာ ပြေးနေတဲ့ လိပ်တစ်ကောင်ကို တွေ့ပြန်ရော၊ အဲဒီမှာ သူတွေးတယ်၊ ဒါ သိပ်မဟုတ်တော့ဘူးပေါ့၊ သူလည်း သေလုမျောပါး အမြန်ဆုံး ပြေးလာတာ လျှာတောင်ထွက်နေပြီ၊ ဒါတောင် လိပ်က သူ့ရှေ့ရောက်ရောက်နေတော့ တောပဲ ခြောက်သလား၊ ဒါမှမဟုတ် လိပ်ပဲ မှော်ပေါက်ပြီး တန်ခိုးရှိနေသလားပေါ့၊ ဒါပေမဲ့ သူ့ခမျာ တတိယ လိပ်ကို ရပ်ပြီး စုံစမ်းမနေအားဘူး၊ ပန်းတိုင်ကလည်း နီးလာပြီကိုး ဖပြေးတယ်၊ စတုတ္ထလိပ်ကို တွေ့ပြန်ရော၊ စဉ်းစားနေရင်တောင် ကြာနေမှာစိုးလို့ မျက်စိမှိတ်ပြီး ပြေးချလိုက်တာ ပန်းတိုင်ကိုလည်း လှမ်းမြင်တော့ ... ”
“ဘာဖြစ်တုံး”
“ဘာဖြစ်ရမလဲ၊ တလှုပ်လှုပ်နဲ့ ပန်းဝင်သွားတဲ့ လိပ်ကို လှမ်းတွေ့လိုက်ရတာလေ၊ ယုန်ခမျာ ပန်းဝင်အောင်တောင် ဆက်မပြေးနိုင်ဘူး၊ နေရာမှာတင် တုန့်ကနဲ ရပ်သွားပြီး တွေတွေကြီး ပန်းတိုင်ကို ငေးနေတာ၊ မျက်လုံးထဲက မျက်ရည်ပေါက်ကြီးတွေလည်း ပေါက်ကနဲ ပေါက်ကနဲ ကျလာတယ်၊ နောက် နှုတ်ခမ်းတွေ တုန်လာပြီးပြောတယ်၊ ‘သေမှာပဲ၊ အဲဒါတွေနဲ့ကို သေမှာ၊ သေကို သေသွားမှာပဲ၊ သေဆိုလည်း သေပေးလိုက်မှာပေါ့၊ ဘာလို့ ပြေးခိုင်းနေသေးလဲ၊ အခု သေပေးဆို သေပေးမှာပေါ့’ တဲ့ ငိုမဲ့မဲ့ကြီး၊
ယုန်အပေါင်းအသင်းတွေကတော့ ယုန်နားလာပြီး နှစ်သိမ့်ကြတယ်၊ ‘စိတ်လျှော့လိုက်ပါ သူငယ်ချင်းရယ်တဲ့၊ မင်းတို့ကိ တာလွှတ်လိုက်ပြီး သိပ်မကြာဘူး ပန်းတိုင်ရောက်ခါနီး ဟိုခြုံကွေ့နားမှာ လိပ်ပေါ်လာတော့တာပဲတဲ့၊ သိပ်မြန်လွန်းပါတယ်ကွာ’ တဲ့၊ အဲဒီလိုနဲ့ ယုန်ရှုံးသွားပြန်ရော ...”
“ဒါ မတရားသဖြင့်ပဲကွ၊ အိုလံပစ်မှာဆို လိပ်တွေတစ်ပြုံလုံး အဖမ်းခံရမှာပဲ”
“မင်းကလည်း အိုလံပစ်ပြိုင်ပွဲ ဝင်တဲ့လိပ် ရှိလို့လား၊ ငါပြောတာသာ နားထောင်စမ်းပါဟ၊
အဲဒီလို ဖြစ်ပျက်နေကြတာတွေ ပြန်ကြားရတော့ ယုန်လူကြီး အသိုင်းအဝိုင်းနဲ့ လိပ်လူကြီး အသိုင်းအဝိုင်းက နှစ်ဦးနှစ်ဖက်ညှိပြီး ဒီကိစ္စကို အဆုံးသတ်ဖို့ စည်းဝေးကြတယ်၊ ဆုံးဖြတ်ကြတာက ယုန်တွေဘက်ကလည်း တစ်ကောင်ရွေး လိပ်တွေဘက်ကလည်း

တစ်ကောင်ရွေးပြီး နောက်ဆုံးတစ်ပွဲပဲ ပြိုင်မယ်၊ နောင်လည်း သားစဉ်မြေးဆက် ယုန်တွေနဲ့ လိပ်တွေ ဘယ်တော့မှ အပြေး ထပ်မပြိုင်ကြေး၊ ပြိုင်ပွဲ စည်းကမ်းကလည်း ဒီလို .. အားလုံး မျှမျှတတဖြစ်အောင် အဲဒီ ယုန်နဲ့လိပ်ကို ကမ္ဘာတစ်ပတ် ပြေးခိုင်းမယ်၊ ကမ္ဘာတစ်ပတ် တကယ်ပြေးခဲ့မှန်းသိရအောင် ရောက်ခဲ့တဲ့ နိုင်ငံတွေမှာ ဗီဇာတုံး ဝင် ဝင် ထုခဲ့ရမယ်၊ ကမ္ဘာတစ်ပတ် ပတ်ပြေးပြီး ဒီတောထဲကို အရင်ပြန်ရောက်လာတဲ့ အကောင် အနိုင်လို့ သတ်မှတ်မယ်ပေါ့၊ အားလုံး နှစ်ဦးနှစ်ဖက် သဘောတူကြတယ်၊ ဒါပေမဲ့ အဲဒီ ပြိုင်ပွဲမှာလည်း နောက်ဆုံး လိပ်ပဲ နိုင်သွားပြန်တယ်”

“မဟုတ်တော့ဘူး ထင်တယ်နော် အရှိုး .. မင်းဟာက အရမ်းကို လွန်လွန်းသွားပြီ၊ ကမ္ဘာတစ်ပတ် ပတ်ပြေးတာတောင် ယုန်ကလိပ်ကို မနိုင်ပြန်ဘူး ဆိုတော့ မင်းပုံပြင် လိပ်ဘက်က အရမ်း ပင်းလွန်းနေပါလား”

“ဟ ငါ ဘက်လိုက်တာ မဟုတ်ဘူး၊ အဲဒါ တကယ်ပဲဟ”

“ဒါဆို ဘယ်လိုဖြစ်တာလဲ”

“ပြောပြမယ် နားထောင် ဒီလိုဟ .. အဲဒီယုန်နဲ့ လိပ်တို့ရဲ့ နောက်ဆုံးအကြိမ် ကမ္ဘာပတ် အပြေးပြိုငပွဲကြီး စ တာလွှတ်လိုက်ပြီးလို့ နှစ်တော်တော် ကြာသွားတော့ အင်္ဂလိပ် ရေလက်ကြားလောက်ကနေပြီး ပြိုင်ပွဲ ကျင်းပရေး ကော်မတီကို ကြေးနန်းတွေ E-mail တွေ ဝင်လာတယ်၊ လမ်းမှာ ယုန်သေသွားပြီတဲ့၊ ပြိုင်ပွဲ ပြီးသွားပြီ၊ လိပ်ပဲ နိုင်သွားပြီတဲ့”

“ဟင် ဘယ်လိုဖြစ်တာလဲ အမောဆို့ သေသွားတာလား”

“မဟုတ်ဘူးဟ၊ ယုန်က သက်တမ်းစေ့လို့ သူ့ဟာသူသေသွားတာ၊ မင်းစဉ်းစားကြည့်လေ သေမင်းရဲ့ .. မင်းကလည်း သေမင်းလုပ်နေပြီး ဘာမှ မစဉ်းစားတတ်ဘူး၊ ဒီလိုကွ ယုန်ဆိုတဲ့ သတ္တဝါရဲ့ သက်တမ်းက တိုတိုလေး၊ လိပ်ကျတော့ တချို့ဆို နှစ်ပေါင်း သုံးရာကျော်လောက်အထိ အသက်ရှည်တဲ့ သတ္တဝါမျိုးကိုး”

“အေး ဟုတ်သားဟ”

“အဲဒါပြောတာပေါ့၊ အပြေးပြိုင်ကြရင်းနဲ့ လမ်းမှာ ယုန်သေသွားတော့ လိပ်ပဲ အနိုင်ပေးရတာပေါ့၊အမယ် ဒါတောင် လိပ်က ဘာပြောတယ် မှတ်လဲ၊ ကျောင်းမှန်းကန်မှန်း သိသွားအောင် အာဖဂန်နစ္စတန် နယ်စပ်လောက်အထိ ပြေးပြပါ့မယ် တကဲကဲလုပ်နေလို့ ဟိုမှာ စစ်တွေဖြစ်နေတယ်၊ မလုပ်ပါနဲ့ တော်ကြာ လိပ်စွပ်ပြုတ် ဖြစ်သွားလိမ့်မယ်။ စစ်သွေးကြွ ဆိုတာတွေက အထူအပါးသိတာတွေ မဟုတ်ဘူး၊ ဒီပြိုင်ပွဲမှာလည်း ခင်ဗျားပဲ နိုင်နေပြီပဲ တော်ပါတော့၊ ပြန်သာလာခဲ့ပါလို့ ပြိုင်ပွဲကျင်းပရေး ကော်မတီက မနည်းတောင်းပန်ပြီး ပြန်ခေါ်လိုက်ရတယ်”

“သူပြေးချင်တာ ပြေးပစေပေါ့ကွ”

“သေမင်း .. မင်းဦးနှောက် မရှိဘူးလား၊ လိပ်တစ်ကောင် ကမ္ဘာတစ်ပတ် ပတ်မိတဲ့အချိန်အထိ မင်းထိုင်စောင့်မလား၊ ဒီလောက် အကြာကြီး ဘယ်သူမှ စိတ်မရှည်ဘူး၊ ဒီမှာ သူငယ်ချင်း သေမင်း .. သေမင်းတောင် သေချင်သေသွားမယ် လိပ်တစ်ကောင် ကမ္ဘာတစ်ပတ် ပတ်မိဖို့ လွယ်မလား၊ ဒါပဲ ငါ့ပုံပြင် ပြီးပြီ”

“ဟေ့ကောင် သင်ခန်းစာက ဘာလဲ”

“မှတ်ထား သူငယ်ချင်း .. ယုန်နဲ့လိပ်ရယ်၊ ယုန်နဲ့လိပ် Reloaded ရယ်၊ ယုန်နဲ့လိပ် Revolution ရယ် ပုံပြင်သုံးပုဒ်ပေါင်းရင် သင်ခန်းစာ တစ်ခုပဲ ရှိတယ်”

“ဘာလဲ”

“ဒီလောက် ပေါက်တတ်ကရ အဓိပ္ပါယ် မရှိတဲ့ ပံပြင်သုံးပုဒ် ငါပြောပြတာကို အချိန်ကုန်ခံ၊ နားအပူခံ၊ ယုတ္တိရှိတယ် မရှိဘူး ထိုင်စဉ်းစားပြီး အလုပ်ပျက် အကိုင်ပျက် နားထောင်နေတဲ့ သေမင်းလောက် တုံးတဲ့သတ္တဝါမျိုး မဖြစ်စေနဲ့၊ ဒါပဲ”

“ငါ ...”

“ဟေ့ကောင် .. ခွေးရှိုး ... မင်းဆီ ငါမလာတော့ဘူး”

“မရဘူးလေ သူငယ်ချင်း .. ငါ့ကို ပုံပြင်တစ်ပုဒ် ပြောပြဦး၊ မင်း ကတိပေးထားတယ်လေကွာ၊ မင်းကတိတည်တယ်ဆို သေမင်းရဲ့ ဟဲ ဟဲ ...”

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

## သေမင်းပုံပြင်(၁)
## သရဲ နဲ့ မျက်မမြင်

“ဟေ့ကောင်”

“အင်း”

"ပြောလေကွာ"
"နေစမ်းပါဦးဟ"
"သေမင်းရယ် မင်းကလည်း .. သေမင်းလုပ်နေပြီး ငါ့ပြောပြစရာ ပုံလေးတစ်ပံတောင် တော်တော် စဉ်းစားနေရသလားဟ၊ အသက်ကလည်း ကြီးလှပြီ၊ ငါ မမွေးခင်ကတည်းက မင်းရှိနေတာ ငါသေပြီးရင်လည်း မင်းရှိနေဦးမှာပဲ၊ ငါမပြောနဲ့ ငါ့ဘိုးဘေး ဘီဘင် ဘုဘောက်တွေ လက်ထက်ကတည်းက ကုန်ကုန် ပြောရရင်ကွာ ကမ္ဘာဦး ကတည်းက မင်းအလုပ် မင်းလုပ်လာတာ၊ မင်း အဖြစ်အပျက်တွေထဲမှာ ငါ့ပြောစရာ ပုံလေးတစ်ပုံတောင် မင်းမမှတ်မိဘူးလား"
"မဟုတ်ဘူးဟဲ့၊ နလပိန်းတုံးရဲ့၊ ငတုံးရဲ့၊ ငထုရဲ့၊ အရူးရဲ့ .. မင်းဟာက ဘာမှလည်း မသိဘူး၊ စကားကလည်း တယ်ရှည်သကိုး အရိုးရယ် ... ငါ စဉ်းစားတာ မင်းနဲ့ တန်မယ့် မင်းဉာဏ်မီလောက်မယ့် အဖြစ်အပျက် တစ်ခုခုလောက်ကို ပြန်စဉ်းစားနေတာ"
"အောင်မာ .. ငါနဲ့ တန်မယ့်ဟာပဲ စဉ်းစားနေရတယ် ရှိသေး၊ မင်း တော်တော် စဉ်းစားနေရတယ်ဆိုတော့ .. ဘာလဲ ငါကိုက တော်တော်တုံးပြီး တော်တော် ဒုံးဝေးနေသလား"
"အေး"
"ဘာကွ"
"ဟုတ်တယ် ဟေ့ကောင်၊ မငး ဒီတစ်သက်မှာ မင်းဉာဏ်မှီနိုင်တာ တကယ့်ကို နည်းနည်းလေးရှိတယ်၊ ဒီမှာ ငါပြောပြမယ်၊ ငါက သေမင်းနော် ဟေ့ကောင်၊ မင်းစိတ်ထဲ ပေါတောတောကောင်ကြီးများမှတ်နေသလား၊ မင်းတို့လူတွေ ကိုးကွယ်ယုံကြည်နေကြတဲ့ ဘာသာတရားတွေ အားလုံးရဲ့ အပြင်ဘက်မှာတောင် ငါရှိနေတာနော်၊ ငါက သဘာဝတရား၊ နိယာမတရားတစ်ခုရဲ့ ကိုယ်စားလှယ်နော်၊ ပေါ့သေးသေးမှတ်နေလား၊ လူတွေ ကိုးကွယ်နေကြတဲ့ နတ်တွေ တမန်တော်တွေ ဘုရားတွေတောင် သေခြင်းနဲ့ ကင်းလို့လား"
"ဟုတ်ပါပြီ သိပ်ပါဝါ မပြချင်စမ်းပါနဲ့၊ မင်းကလည်း ပုံလေးတစ်ပုဒ် ပြောဖို့အရေးကို ..."
"ပုံလေးတစ်ပုံ မဟုတ်ဘူး သူငယ်ချင်း၊ ငါပြောပြမယ့် ဟာတွေက ငါ့ကိုယ်တွေ့ အဖြစ်အပျက်တွေ၊ အဲဒါတွေထဲမှာ မင်းအတွက် ယူတတ်ရင် အတွေးအခေါ်တွေ တရားတွေ ရလိမ့်မယ်၊ ဟောဒီ လောက စကြဝဠာကြီးထဲမှာ ရုပ်ထွေးနက်နဲလှချည်ရဲ့ဆိုတဲ့ အရာအားလုံးဟာ သဘာဝတရားအရ ရိုးရိုးရှင်းရှင်းလေး ဖြစ်နေကြတာတွေချည်းပဲ၊ ဒီမှာ အရိုး ... ဘယ်ကိစ္စမဆို ဖြစ်လာတယ်၊ ပြီးရင် ပျက်သွားတယ်၊ ပျက်သွားဖို့ဖြစ်လာတယ်၊ ဖြစ်လာဖို့ ပျက်သွားတယ်၊ ရိုးရိုးပဲနော်၊ မင်းစဉ်းစား၊ ဒါပေမဲ့ အဲဒီကိစ္စကို မင်းဉာဏ်ပေါက်စလေး လိုက်မီသမျှ တွေးကြည့်၊ မင်းသိသမျှ အရာအားလုံးပဲ့ အခြေခံဟာ အဲဒါတစ်ခုထဲပဲ၊ ဒါသဘာဝပဲ၊ ငါပုံပြင်တစ်ခုပြောပြမယ် နားထောင်"
"အိုကေ သူငယ်ချင်း ပုံပြင်က ..."
"ငါရယ် သရဲတစ်ကောင်ရယ် မျက်စိမမြင်တဲ့ လူတစ်ယောက်ရယ် အကြောင်း"
"ကြိုက်ပြီ"
"ကြိုက်ရင် ငြိမ်ငြိမ် နားထောင်၊ ငါပြောနေတုန်း ဝင်မပါနဲ့"
"ဖြစ်တယ် သူငယ်ချင်း"
"ဒီလိုကွ .. တစ်ခါတုန်းက မျက်စိမမြင်တဲ့ လူတစ်ယောက်ရှိတယ်"
"ဒီလိုရှိတယ် သေမင်းရဲ့ .. မျက်စိမမြင်တာဆိုတော့ မွေးရာပါလား၊ သူငယ်နာလား၊ ရောဂါကြောင့် ကွယ်တာလား၊ စုံလုံးကန်းလား၊ တစ်ဖက်ကန်းလား၊ တိမ်စွဲလား၊ မှုန်တာလား၊ မျက်စံကျွတ်လား၊ ဒါမှမဟုတ် ..."
"အာ ... လျှာရှည်လိုက်တာကွာ၊ ငါပြောနေတုန်း မင်းဝင်မပါပါနဲ့ဆို၊ ဒီလိုဟေ့ မျက်မမြင် အဲဒီလူဟာ မွေးကတည်းက မျက်လုံးဆိုတဲ့ အင်္ဂါအစိတ်အပိုင်းကို မပါလာတာ ရှင်းပြီလား၊ ဘာမှပါမလာဘူး၊ သူ့မှာ မြင်ခြင်းဆိုတာ မရှိဘူး၊ မွေးကတည်းက ဘာမှမမြင်ဖူးဘူး၊ လူဆိုတာ မျက်စိရှိတယ်၊ မျက်စိဆိုတာ မြင်တတ်တယ်ဆိုတဲ့ သဘောတောင် သူ့ကို ဘယ်လို ရှင်းပြရမှန်းမသိဘူး၊ အဲဒီကိစ္စ လုံးလုံး သူနားမလည်ဘူးကွာ ရှင်းပြီလား"

"ဟင် အဲလို ကိစ္စမျိုးရှိသလား"
"ရှိတာပေါ့ဟ၊ အဲဒါကြောင့်ပြောတာ၊ မင်း ဉာဏ်ပေါက်စလေးနဲ့ ဝင်မပါပါနဲ့လို့၊ မင်းမသိတိုင်း မရှိဘူး ထင်နေလား၊ လောကကြီးမှာ မင်းမသိပေမဲ့ ရှိနေတာတွေ ရှိတယ်"
"အေးပါ ဟုတ်မှာပါ"
"အဲလို လုပ်စမ်းပါ နားထောင် ..
အဲဒီ မျက်မမြင်ဟာ စောင်းသမားရဲ့ သားအဖြစ် မွေးလာတယ်ကွ၊ မွေးကတည်းက မမြင်ရတာဆိုတော့ သူ့အတွက် လူ့ဘဝဆိုတာ အမြဲ မှောင်ကြီးမည်းကြီးထဲမှာပေါ့ကွာ၊ အမြင်တို့ မြင်ရတာ မမြင်ရတာတို့ မရှိတော့ သူ့ဘဝက အေးအေးဆေးဆေးပဲကွ၊ ဒီလိုပဲ သူ့အဖေ စောင်းလိုက်တီးပြီး ရှာကျွေးတာကို ထိုင်စားရင်း ကြီးလာတာ၊ သူ့အမေက မျက်လုံးမပါတဲ့ သူ့ကို မွေးလာတာလည်း တွေ့ရော မီးတွင်ထဲမှာ သွေးလန့်ပြီး ငါ့ခေါ်ရာနောက် လိုက်လာရရှာတယ်၊ ကျန်တဲ့ မျက်လုံးရှိတဲ့ လူတိုင်းက သူ့ကို သနားပေမဲ့ သူကတော့ သူ့ကိုယ်သူ သနားစရာကောင်းတယ်ဆိုတာ သိတောင် မသိဘူး၊ ဘယ်သိမလဲ၊ သူက တခြားလူတွေကိုလည်း သူ့လို

မှောင်ကြီးမည်းကြီး ဖြစ်နေတယ်လို့ထင်တာကိုး၊ အဲဒီတော့ အဲဒီလူဟာ မျက်စိမမြင်တာနဲ့ ပတ်သက်ပြီး ဘာမှ ထူးထူးခြားခြား မခံစားရဘူး၊ အေးဆေးပဲ”

“တခြားလူတွေက မျက်စိဆိုတာ ဘာလဲလို့ ပြောမပြဘူးလား”

“ပြောတော့ ပြောပြကြတာပေါ့ကွာ၊ ဒါပေမဲ့ သူက နားကို မလည်တာ၊ ဥပမာကွာ မျက်စိဆိုတာ ကြည့်လို့ ရတယ်လို့ လူတွေက ပြောတော့ သူက ကြည့်တယ်ဆိုတာ ဘာလဲပေါ့၊ ကြည့်တယ်ဆိုတာ တခြားဟာတွေ ဘာဖြစ်နေတာကို မြင်တာဆိုတော့ သူကလည်း မြင်တယ်ဆိုတာ ဘာလဲ လုပ်ပြန်ရော၊ မြင်တယ်ဆိုတာ၊ လင်းတာ မှောင်တာ၊ လူတွေ၊ အိမ်တွေ၊ ကျွဲ၊ နွား၊ နေ၊ လ၊ အရောင်တွေ ဖြစ်ပျက်နေတာတွေ တွေ့ရတာဆိုတော့ သူကလည်း အဲဒါတွေက ဘာတွေတုံး လုပ်ပြန်ရော၊ မွေးကတည်းက ဘာမှာမှ မမြင်ရတာကွာ၊ ဘာနဲ့မှ ဥပမာပြလို့ မရဘူးဖြစ်တာပေါ့၊ ခက်တာက မျက်လုံး ဆိုတာကလည်း လက်နဲ့ ပေးကိုင်ကြည့်လို့ရတာမှ မဟုတ်တာ၊ သူများက သူ့သနားလို့ မျက်လုံးဆိုတာ ဒီမှာ စမ်းကြည့်ဆိုပြီး ပေးကိုက်ခံနိုင်မလဲကွ၊ မတော် ကုတ်ထည့်လိုက်လို့ နောက်တစ်ယောက်ပါ ထပ်ကန်းသွားနိုင်တယ်လေ၊ အဲဒီလို ဘေးကလူတွေနဲ့ သူနဲ့ လုံးခြာလိုက်နေရင်း တဖြည်းဖြည်းကြီးလာတော့ သူ့အဖေ စောင်းသမားကြီးက တွေးတယ်၊

မျက်လုံးမရှိတဲ့ ငါ့သားဟာ ဘာမှလုပ်စားလို့ရမာ မဟုတ်ဘူး၊ ငါသေရင် သူလည်း ဝတ်ပြီးသေမှာပဲ၊ အဲဒီတော့ ငါသေပြီး နောက်ပိုင်း သူတစ်ခုခု လုပ်စားလို့ရအောင် စောင်းလေးတော့ တီးတတ်အောင် စောင်းတီးလေးတော့ သင်ပေးထားဦးမှဆိုပြီး အဲဒီမျက်မမြင်လေး ခုနှစ်နှစ်သား အရွယ်လောက်မှာ စောင်းတီး စသင်ပေးတယ်၊ မျက်မမြင်လည်း စမ်းစမ်း စမ်းစမ်းနဲ့ စောင်းတီးသင်ရတာပေါ့ကွာ”

“တော်တော်တော့ ကတ်သီးကတ်ဖဲ့ နိုင်မှာပဲ”

“သေချာတာပေါ့၊ ဒါပေမဲ့ သူ့မှာက တခြားလုပ်စရာလည်း မရှိတော့ စောင်းတီး သင်ရတာကိုပဲ ပျော်နေတာဟ၊ သူ့အဖေက သူ့အတွက စောင်းတစ်လက်လည်း ဝယ်ပေးထားရော နေ့နေ့ညည အိမ်မှာ စောင်းပဲ ထိုင် ထိုင်တီးနေတာ”

“နားကို ငြီးနေရော နေမှာပဲ၊ အရပ်က ရပ်ကွက်လူကြီးတွေ ဘာတွေ သွားမတိုင်ဘူးလား”

“ပထမ သင်ကာစတော့ ဒုံဒုံဒေါင်ဒေါင် နားငြီးတာပေါ့ကွာ၊ ဒါပေမဲ့ တစ်ခုရှိတာက သူ့အဖေ စောင်းသမားကြီးဟာ သူ့သား မျက်မမြင်မှာ စောင်းတီးခြင်း အတတ်နဲ့ ပတ်သက်တဲ့ ပါရမီအထုံက ဘဝ အဆက်ဆက် ကြးကြီးမားမားပါလာတာ မသိဘူး၊ နောက်ပြီး မျက်မမြင်ဆိုတော့ နားရဲ့ အာရုံးစူးစိုက်မှုအားဟာ အရမ်းကို ကောင်းနေတာ၊ အဲဒီလိုနဲ့ မျက်မမြင်ဟာ ဘာမှ မကြာသေးတဲ့အချိန်လေးမှာပဲ သူ့အဖေထက်သာတဲ့ စောင်းသမားတစ်ယောက်ဖြစ်လာတယ်၊ လူပျိုပေါက်အရွယ်လဲ ရောက်ရော .. ပတ်ဝန်းကျင်က သူကြားရတဲ့ အသံတွေ မှန်သမျှကို သူ့စောင်းနဲ့ အင်မတန် နားထောင်ကောင်းတဲ့ ဂီတသံတွေ ဖြစ်အောင် လိုက်တီးနိုင်နေပြီ၊ သူ့ပတ်ဝန်းကျင်မှာလည်း သူအင်မတန် ကျော်ကြားလာတယ်၊ သူ့လက်သံကို ငွေတွေ ပုံပေးပြီး တကူးတက လာနားထောင်ကြသူတွေတောင် ရှိလာတယ်၊ ဒါပေမဲ့ သူက ဘာကိုမှ ဂရုမစိုက်ဘူး၊ နားထောင်ချင်တဲ့လူ ရှိရှိ မရှိရှိ စောင်းတီး နေရရင်ကို ပျော်နေတာ၊ သူ့စောင်းလက်သံကိုပဲ မကောင်း ကောင်းအောင် ဖန်တီးဖို့ အထပ်ထပ် ကြိုးစားနေတာ၊ အဲဒီလိုနဲ့ မျက်မမြင်ဟာ တဖြည်းဖြည်း စောင်းဝိဇ္ဇာဖြစ်လာပြီး လူတွေ အရာဝတ္ထုတွေ သတ္တဝါတွေကို သူ့စောင်းနဲ့ လိုရာခိုင်းစေနိုင်တဲ့ အဆင့်ထရောက်လာတယ်၊ ဥပမာ .. ငှက်တစ်ကောင် သူ့အနားမှာ အော်လိုက်မိလို့ အဲဒီငှက်သံကို သူကြားပြီး သူ့စောင်းနဲ့ တစ်မျိုးတစ်ဖုံလိုက်တီးလိုက်ရင် အဲဒီငှက်ဟာ မနေနိုင်ဘူး၊ သူ့အနားလာပြီး သူခိုင်းတာလုပ်ဖို့ ခစားနေရတယ်၊ မျက်မမြင်ဟာ အဲဒီလောက်အထိ စွမ်းလာတယ်”

---

“အကျိုးနည်းမှကွာ၊ လူတွေဆို သူ့အနားတောင် လေလည်ရဲမှာ မဟုတ်ဘူး၊ သူကြားသွားလို့ လိုက်တီးလိုက်ရင် လေလည်မိတဲ့ အစိတ်အပိုင်းက ကိုယ်ပိုင် ပစ္စည်းအဖြစ်ကနေ ရွှေ့လျောသွားနိုင်တယ်”

“ညစ်တီးညစ်စုတ်တွေ မတွေးစမ်းနဲ့ကွာ၊ နားထောင် …

မျက်မမြင် စောင်းဝိဇ္ဇာဟာ အဲဒီလောက်အထိ ကျွမ်းကျင်လာတဲ့ အခါကမှတော့ လူတွေဟာ သူ့ကို ထိတ်လန့်လာကြတယ်၊ သူ့ကို ကြောက်လာကြတယ်၊ မျက်မမြင်ဟာ မကောင်းစိတ်တော့ မရှိဘူး၊ သူကလူပျော်ပဲ၊ တခြားလူတွေ တိရိစ္ဆာန်တွေ အပင်တွေ ပစ္စည်းတွေရဲ့ ကောင်းကျိုးအတွက်ပဲ သူ့စောင်းကို တီးနေတယ်၊ ဥပမာ – လူနှစ်ယောက်ရန်ဖြစ်နေသံ ကြားရလို့ သူ့စောင်းကို တီးလိုက်ရင် အဲဒီလူနှစ်ယောက်ဟာ ချက်ချင်းရပ်သွားပြီး တစ်ယောက်နဲ့တစ်ယောက် သင့်မြတ်လို့ ပွေ့ဖက်န် ပြေလည်သွားကြတယ်၊ တိရိစ္ဆာန်တွေဆိုလည်း အဲဒီလိုပဲ၊ အရာဝတ္ထုပစ္စည်းတွေ ကျိုးပဲ့ ကွဲသံကြားလို့ သူ့စောင်းတီးလိုက်ရင် ပြန်ကောင်းသွားတယ်၊ အပင်တစ်ပင်က အသီးတစ်လုံး မြေပေါ်ကြွေကျသံ ကြားလို့ စောင်းတီးလိုက်ရင် ကြွေကျသွားတဲ့ အသီးနေရာမှာ နောက်တစ်လုံး ချက်ချင်းသီးလာတယ်၊ အဲဒါမျိုးပဲ သူလုပ်တယ်၊ တရားမျှတမှု ရှိဖို့၊ ပြဿနာတွေ ပြေလည်ဖို့ပဲ သူ့စောင်းကို အသုံးပြုတယ်”

“ဒီလူ အခုခေတ်သာရှိရင် ဘောလုံးပွဲတွေတော့ ပျက်စီးမှာပဲ၊ အရှုံးအနိုင်မပေါ်ပဲ အားလုံး သရေချည်းကျနေကြမှာ၊ လောင်းမိတဲ့ကောင်တွေလည်း ရှုံးချည်းနေမှာပဲ”

“ငြိမ်ငြိမ် နားထောင်စမ်းပါဟ”

“အေးပါ၊ ငါက သဘောပြောပြတာပါ”

“မျက်မမြင် စောင်းဝိဇ္ဇာဟာ အရမ်းကို ကျော်ကြားလာတယ်၊ သူဟာ ဆက်ပြီး ကြိုးစားနေတယ်၊ တဖြည်းဖြည်းနဲ့ သူဟာ

စကြဝဠာအသံတွေရဲ့ အကြောင်းခြင်းရာကို လူသားတစ်ယောက် သိသင့်တတ်သင့်တဲ့ ဘောင်တစ်ခုကို ကျော်ထွက်လာတယ်၊ မျက်မမြင်ရဲ့ စောင်းသံဟာ လူတွေ နားမလည်နိုင်၊ မသိနိုင်တဲ့ အချို့သောနားတွေ ကြားနိုင်လောက်အောင် ရောက်လာတယ်၊ နောက်ဆုံး ငါ့ဆီကို သူ့စောင်းသံရောက်လာတယ်၊ သူ့ရဲ့ စောင်းပညာဟာ တစ်စုံတစ်ရာကို ကျော်လွန်လာနေပြီ၊ မျက်မမြင်ဟာ လူ့လောကကနေ ထွက်ခွာသွားသင့်တဲ့ အချိန်ကို ရောက်လာတယ်၊ အဲဒီမှာ .."

"သေရောလား မင်းကြောင့်"

"အာ .. နားထောင်စမ်းပါဟဲ့၊ ဒါ ကလိုင်းမင့်စ် ရောက်နေပြီ"

"အောင်မာ .. သေမင်းကများ ကလိုင်းမင့်လေး ဘာလေးနဲ့"

"မျက်မမြင် စောင်းဝိဇ္ဇာရဲ့ သတင်းကို လလူချင်း မပြောနဲ့ လူတွေ မသိနိုင်တဲ့ ကောင်းခြင်းဘက်ကဘုံတွေလည်း သိလာတယ်၊ ဆိုးခြင်းဘက်က အန္တရာယ်ဘုံတွေကလည်း ကြားတယ်၊ နောက် သေခြင်း ရှင်ခြင်းတွေနဲ့ ဆိုင်တဲ့ ငါလည်း ကြားတယ်"

"သေမင်း မင်း ဘာတွေပြောနေတာလည်း"

"အဲဒီ ကိစ္စတွေ မင်းဉာဏ်မမှီဘူး၊ မင်းလို လူတစ်ယောက်အနေနဲ့ မသိနိုင်ဘူး၊ အဖြစ်အပျက်တွေကိုပဲ ငြိမ်ငြိမ်နားထောင်၊ ဟိုဟာ သည်ဟာ လျှောက်မမေးနဲ့"

"မင်းကလည်း"

"အဲဒီမှာ မျက်မမြင်စောင်းဝိဇ္ဇာရဲ့ ပညာကို လိုချင်တဲ့ မကောင်းတဲ့ဘက်က ကိုယ်စားလှယ် တစ်ယောက်ပေါ်လာတယ်၊ မာရ်နတ်လို့ ခေါ်ခေါ်၊ လူစီဖာလို့ ခေါ်ခေါ် ရှိုက်တန်တို့ စေတန်တို့ ကြိုက်တာ ခေါ်ခေါ် အဲဒီတစ်ကောင်ဟာ .."

"မာရ်နတ်ကိုများ တစ်ကောင်လေး ဘာလေး ခေါ်လို့၊ သေမင်း မင်းတယ်လူပါးဝပါလား၊ မင်းက သူ့ထက် စွမ်းလား"

"ငြိမ်ငြိမ် နားထောင်ဆိုကွာ၊ မင်းနဲ့မဆိုင်တာ မမေးနဲ့၊ ငါမပြောဘဲ ရပ်လိုက်ရမလား"

"မလုပ်ပါနဲ့ ကျေးဇူးရှင်ရယ် ပြောပါ၊ ငါမေ့သွားလို့ ဝင်မေးမိတာပါ"

"အဲလို နေစမ်းပါ၊ အဲဒီ မကောင်းတဲ့ တစ်ကောင်ဟာ မျက်မမြင် စောင်းဝိဇ္ဇာနေတဲ့ တိုင်းပြည်ရဲ့ ရှင်ဘုရင် နန်းတော်ကြီးထဲကို အမတ်တစ်ယောက် အဖြစ်အယောင်ဆောင်ပြီး ဝင်လာတယ်"

"ရှင်ဘုရင်ကလည်း သူ့အမတ်တွေ သူမမှတ်မိဘူလား၊ စေတန် အမတ်သစ်တစ်ယောက် တိုးလာတာ သသိမှာပေါ့ဟ"

"သိတယ်လေ၊ သိလို့မေးတော့ ဟိုကောင်က အတော် ဖြစ်သွားတာပေါ့၊ 'အရှင်မင်းကြီး အကျိုးအတွက် အဝေးက လာရတဲ့ အမတ်ပါ၊ အရှင်မင်းကြီး ဘုန်းတော်ကို ပုန်ကန်မယ့် စောင်းသမားတစ်ယောက်ကို တွေ့ရလို့ လာလျှောက်ထားရပါတယ်' ဆိုပြီး ဘုရင် အထင်လွဲအောင် မျက်မမြင်ကို ခေါ်သတ်အောင် ဝင်ကုန်းတိုက်တော့တာပေါ့"

"စောင်းဝိဇ္ဇာ သေမှ သူတို့မကောင်းတဲ့ဘက်ကို ခေါ်သွားလို့ရမှာကိုး၊ စောင်းသမား မျက်မမြင်သေမှ သူ့စောင်းပညာကြီးကို ယူလို့ရမှာမို့ ဘုရင်ကို ကုန်းတိုက်တာ"

"သေမင်း ... မျက်စိမမြင်ရတဲ့ အထဲ ဟိုကောင် အလကားသေမှာကို မင်းက ဘာမှ ဝင်မလုပ်ပေးဘဲ ဘာလုပ်နေလဲ အဲဒီတုန်းက .. လက်ဖက်ရည်ဆိုင် သွားထိုင်နေသလား၊ ဒါမှမဟုတ် မင်းဘုံဆိုင်ထဲ မူးပြီး မှောက်နေလား"

"ငြိမ်ငြိမ် နားထောင်ပါဆိုကွာ၊ မကောင်းတဲ့ဟာက ဘုရင်ကို ကုန်းတိုက်ပေမဲ့ ဘုရင်က အလကား နေရင်းတော့.. ဖမ်းပြီး မသတ်လိုက်ဘူးကွ၊ အဲဒီ စောင်းသမား သွားခေါ်လာခဲ့ကြ၊ ပြီးရင် သူသတ်ကုန်းမှာ ချုပ်ထားလိုက်။ ငါစစ်မေးပြီးမှ သတ်ရင်သတ် မသတ်ရင်လွှတ် ဆုံးဖြတ်မယ်ဆိုပြီး အမိန့်ပေးတော့ ရဲမက်တွေက မျက်မမြင်စောင်းသမားကို သွားခေါ်လာပြီး လူသတ်ကုန်းမှာ ကြိုးတုတ်ထားလိုက်တာပေါ့၊ မျက်မမြင်ကတော့ သူသေမယ်ဆိုတာတောင် သိပ်မရိပ်မိရှာဘူး၊ အေးဆေးပဲ၊ လူသတ်ကုန်းမှာ ကြိုးတုတ်ထားလည်း သူက လူသတ်ကုန်းတောင် ဘာမှန်းမှမသိတာ"

"လူသတ်ကုန်းဆိုတော့ မင်းခွင်ထဲရောက်လာပြကွ"

"ဟေ့ကောင် မင်း ဝင်ပြောပြန်ပြီလား"

"သြော် အေး ဆောရီး"

"ညကျတော့ မကောင်းတဲ့ဟာက သရဲတစ်ကောင် ယောင်ဆောင်ပြီး လူသတ်ကုန်းက မျက်မမြင်ဆီ သွားတယ်၊ ပြီးတော့ သူ့အစွမ်းရှိသမျှ မျက်မမြင် လန့်ပြီးအသက်ထွက်သွားအောင် အမျိုးစုံ ခြောက်လှန့်တယ်၊ သူတို့ နှစ်ကောင်နားမှာ ငါကရပ်ကြည့်နေတယ်၊ ငါရှိနေတယ် ဆိုတာ သူတို့ နှစ်ကောင်လုံး မသိဘူး"

"မင်းရောက်နေပြီ ဆိုတော့ မျက်မမြင်နဲ့ စေတန်သရဲနားမှာ သေခြင်းတရားရှိနေပြီပေါ့၊ အဲဒလိုလား"

"အေး နားထောင် ဖြတ် ဖြတ် မမေးနဲ့၊ သရဲက မျက်မမြင်ကို မျိုးစုံလှန့်ပြတယ်၊ ဒါပေမဲ့ မျက်မမြင်ဟာ ဘာမှမဖြစ်ဘူး၊ မောလောက်ရှိတော့ သရဲက မျက်မမြင်ကို မေးတယ်၊ မင်းဘာမှ မဖြစ်ဘူးလားတဲ့၊ သရဲ မေ့နေတယ်ကွ၊ ဟိုက မျက်မမြင်ပဲဟာ ဘာတွေ့မှာလဲ၊ သရဲမေးမှ သရဲရှိနေတာကို မက်မမြင်က သိတာ၊ ပြီးတော့ 'ခင်ဗျား ဘယ်သူလဲ' တဲ့၊ သရဲ တော်တော် စိတ်ညစ်သွားတယ်၊ 'ငါက သရဲလေ' လို့ပြောတယ်၊ အဲဒီတော့ ဟိုက 'တွေ့ရတာ ဝမ်းသာသဗျာ၊ ကျုပ်လည်း အဖော်မရှိလို့ ပျင်းနေတာ၊ ခင်ဗျားက ရဲမက်လား' လို့ ပြန်မေးတော့ သရဲလည်း သူ့နဖူး သူရိုက်ရတာပေါ့၊ ပြီးတော့ ပြောတယ်၊ 'ဒီမှာ ဟေ့ကောင်၊ ကြောင်တောင်တောင် မလုပ်နဲ့၊ ငါကသရဲကြီးကွ၊ မင်းမကြောက်ဘူးလား' ဆိုတော့ ဟိုက .. 'ကျုပ်မှ မမြင်ရတာ

ကိုသရဲရယ်တဲ့၊ ကြောက်တာကဘယ်လိုတုန်း' တဲ့၊ မျက်မမြင်က သူ့လာစကားပြောတော့ သရဲကို လူထင်နေတာ၊ သူ့ဘဝမှာ သရဲဆိုတာ ဘာမှန်းမှမသိတာ၊ ဘယ်ကြောက်မလဲ၊ အဲဒီတော့မှ သရဲက သတိရသွားပြီး ကြောက်စရာကောင်းတဲ့ အသံပေါင်းစုံနဲ့ တစ်ခါ ထပ်ခြောက်ပြန်ရော၊ သရဲသာ မောသွားတယ်၊ မျက်မမြင်ဟာ မကြောက်တဲ့အပြင် သဘောတောင်ကျနေသေးတယ်၊ သူက အသံသမားကိုဟ၊ သရဲခြောက်တဲ့ အသံကို မကြားဖူးတော့ အသံဝိဇ္ဇာက အသံတွေကို လိုက်မှတ်နေတာကိုး၊ သရဲမောပြီး အသံတိတ်သားတော့ မျက်မမြင်ကပြောတယ်၊ 'ကိုသရဲရယ်တဲ့၊ လုပ်စမ်းပါဦးတဲ့၊ ကျုပ်မကြားဖူးတဲ့ အသံတွေ နားထောင်ရတာ ထူးဆန်းလွန်းလို့' တဲ့"

"မျက်မမြင်က သရဲ ဘာမှန်းမသိလို့ မကြောက်တာ ထားပါတော့၊ မင်းက သရဲ ခြောက်ပြတာတွေကို မြင်လည်းမြင် ကြားလည်းကြားရတာ မင်းမကြောက်ဘူးလား"

"ဝင်ပြောပြန်ပြီ ငါကသေမင်းဟဲ့၊ သရဲကြောက်မလား"

"သြော် အေး ဟုတ်သား"

"နောက်ဆုံး သရဲက ဘာမှမတတ်နိုင်တဲ့အဆုံး မျက်မမြင် စောင်းဝိဇ္ဇာကို အမှန်အတိုင်း ဖွင့်ပြောပြတယ်၊ သူ့ရဲ့ စောင်းပညာကို လိုချင်လို့ သူ့ကို သေအောင်လုပ်ရတယ် ဆိုတောပေါ့၊ အဲဒီတော့မှ မျက်မမြင်က အားရပါးရ ရယ်ပြီးပြောတယ်၊ သူ့ပညာကို လိုချင်တာများ သေအောင်လုပ်ဖို့ မလိုပါဘူးတဲ့၊ ဘယ်သူမဆို သူသင်ပေးမှာပေါ့လို့ ပြောတော့ သရဲ အားတက်သွားတယ်၊ 'ဒါဆို အခု လုပ်လိုက်လေ' ဆိုတော့ မျက်မမြင်က 'သူ့မျာ စောင်းမှမရှိတာ ဘယ်လို သင်မလဲ' မေးတော့ သရဲက စောင်းနှစ်လက်ကို ချက်ချင်းဖန်ဆင်းပြီး မျက်မမြင်ကို ချည်ထားတဲ့ ကြိုးတွေကိုလည်း ဖြေပေးလိုက်တယ်၊ မျက်မမြင် စောင်းဝိဇ္ဇာက ပြောတယ်၊ 'အချိန်အများကြီး သင်ပေးစေချင်ရင်တော့ သူ့ကို အိမ်ပြန်လိုက်ပို့ပါ' တဲ့၊ 'ဒါမှမဟုတ် အခိက အကျဆုံး အပိုဒ်သုံးပိုဒ်ကိုပဲ သင်ချင်ရင်တော့ အခု သင်ကြတာပေါ့' ဆိုတော့ စေတန်သရဲက ဒုတိယလမ်းကိုပဲ ရွေးလိုက်တယ်၊ သူလည်း တန်ခိုးရှင်ပဲဟာ၊ အဓိကကျတဲ့ လျှို့ဝှက်စောင်းပညာကိုပဲ သင်တော့မယ်ပေါ့၊ အဲဒါနဲ့ သူတို့ စသင်ကြရော"

"မင်းကလည်း ဘေးကနေ ခိုးသင်တယ်ပေါ့"

"ငြိမ်ငြိမ် နေစမ်းပါဟ"

"မျက်မမြင် စောင်းဝိဇ္ဇာက ပြောတယ်၊ 'အခု သင်ပေးတဲ့ စောင်းအတတ်ရဲ့ အနှစ်သာရ သုံးပိုဒ်ဟာ စတီးပြီးရင် ဆုံးတဲ့အထိ တီးရတယ်၊ သေချာ နားထောင် မှတ်သားပါတဲ့၊ ပြီးသွားလို့ မမှတ်မိတော့မှ သူနောက်တစ်ခေါက် ထပ်တီးပြမယ်' လို့ သရဲကို ပြောတော့ သရဲကလည်း လိုက်မှတ်ဖို့ပြင်တယ်၊

ပထမ တစ်ပိုဒ်ကို စတီးပြီးတဲ့ အချိန်မှာပဲ မကောင်းမှုရဲ့ ကိုယ်စားလှယ် စေတန်သရဲဟာ ထိတ်လန့်တကြား ဆက်မတီးဖို့ တားမြစ်တယ်၊ ဒါပေမဲ့ စောင်းဝိဇ္ဇာ မျက်မမြင်ဟာ သူပြောခဲ့သလိုပဲ သူ့စောင်းသံကို ရပ်တန့်လို့ မရတော့ဘူး၊ စောင်းတီးနေရင်းနဲ့ပဲ သူ့ပညာကို သင်ချင်တဲ့ သရဲကို 'သေချာ အာရုံစိုက် နားထောင်ပါ အော်မနေပါနဲ့' လို့ စေတနာနဲ့ မှာကြားသေးတယ်၊ ဒါပေမဲ့ သရဲကလည်း အော်ဟစ်တားမြစ်နေတာပဲ၊

ဒုတိယ တစ်ပိုဒ် စတီးတဲ့အချိန်မှာ စေတန်ရဲ့ အသံတွေဟာ တဖြည်းဖြည်း တိမ်ဝင်သွားတယ်၊ ဒုတိယတစ်ပိုဒ် ဆုံးတဲ့ အချိန်မှာပဲ သရဲဟာ သေဆုံးသွားခဲ့တယ်၊ မျက်မမြင် စောင်းဝိဇ္ဇာဟာ သရဲသေသွားတာ မသိဘူး၊ သူဟာ စောင်းကို တီးနေရင်း ကောင်းသောနားနဲ့ ကြားပါလို့ အထပ်ထပ် ပြောနေတယ်၊

တတိယ တစ်ပိုဒ်ကို တီးတဲ့အချိန်မှာ ငါဟာ သူ့စောင်းသံကို မကြားရတော့ဘူး၊ သူ့ လှုပ်ရှားမှု တီးခတ်မှုတွေကိုပဲ ငါတွေ့နေရတယ်၊ တဖြည်းဖြည်းနဲ့ မျက်မမြင် စောင်းဝိဇ္ဇာဟာ ငါ့မြင်ကွင်းထဲမှာ မှိန်ပြလာပြီး တတိယအပိုဒ် ဆုံးတဲ့အချိန်မှာ သူဟာ ငါ့ရှေ့က ပျောက်ကွယ်သွားခဲ့တယ်"

"ဘာတွေ ဖြစ်ကုန်တာလဲ"

"ဘာတွေ ဖြစ်ကုန်တယ်ဆိုတာ ငါမင်းကို မပြောပြနိုင်ဘူး သူငယ်ချင်း၊ ပြောလည်း မင်းရဲ့ဦးနှောက်က နားလည်မှာမဟုတ်ဘူး"

"မင်းပြောသလိုဆို စေတန်သေပြီပဲ၊ လောကကြီးမှာ စေတန် မရှိတော့ဘူးပေါ့"

"သူဟာ အကြိမ်ကြိမ် သေခဲ့ဖူးတယ်က"

"ဘယ်လိုလဲဟ၊ မင်းပြောတဲ့ ပုံပြင်က ပြီးပြီလား"

"အေး"

"ဟင် မင်းပုံပြင်က ဘာလဲကွ၊ မင်းကငါ့ကို ဘာပြောချင်တာလဲ"

"အဓိက ငါပြောချင်တာ တစ်ခုပဲရှိတယ်"

"ဘာလဲ"

"အရာရာပေါ်မှာ ကောင်းသောစိတ်နဲ့ မေတ္တာတရားကို အခြေခံတဲ့ ပညာရပ်တစ်ခုဟာ ငါလို သေမင်းကိုတောင် တွေဝေငေးမော လှည့်ဖျားနိုင်စွမ်း ရှိတယ် သူငယ်ချင်း"

"သေမင်း ဒီပုံပြင်အတွက် မင်းကိုငါ ကျေးဇူးတင်တယ် သူငယ်ချင်း၊ ဒါပေမဲ့ တစ်ခုရှိတယ်"

"ဘာလဲ"

"နောက်တစ်ခါ ဆိုရင်တော့ ငါနားလည်နိုင်လောက်တာလေးတွေပဲ ရှာပြောပါကွာ၊ ငါပုံပြင်ပဲ နားထောင်ချင်တာပါ"

"အေးပါဟ တော့ုံးရ"

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

# PK ပေါက်ကျိုင်း

အခါတပါး၌ ကျွန်ုပ်နှင့်သေမင်းသည် ပန်းဆိုးတန်းလမ်းမကြီး တစ်လျှောက် ယောင်တောင် ယောင်တောင်နှင့် လျှောက်သွားနေကြရာ မနလရုံး (မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံး – အချို့က ပတ်စ်စပို့ရုံး ဟုခေါ်ကြ၏) ရှေ့သို့ရောက်ကြသော် ကိုယ့်တိုင်းပြည် ကိုယ်မနေဘဲ သူများတိုင်းပြည် ပိုကောင်းမည်ထင်၍ အလကားနေရင်း နိုင်ငံခြား သွားရန် ရုံးရှေ့တွင် တိုးဝှေ့နေကြကုန်သော လူအုပ်ကြီးကို တွေ့လေ၏။ ဤတွင် သေမင်းနှင့် ကျွန်ုပ်သည် ကိုယ့်ထမင်းကိုယ်စား၍ အလကား အားယားနေကြသူများ ဖြစ်သည်နှင့်အညီ လမ်းဘေး ပလက်ဖောင်းအရိပ်ရသော တစ်နေရာမှ သူတို့ကိစ္စနှင့် သူတို့ ရှုပ်နေကြသော ထိုလူအုပ်ကြီးကို ကြည့်ကောင်းကောင်းနှင့် ထိုင်၍ ကြည့်နေကြလေ၏။

ကိစ္စများမြောင် ဤလူ့ဘောင်ဝယ် ကိုယ့်ကိစ္စနှင့်ကိုယ် ရှုပ်နေကြလျက် ကိုယ့်အာရုံ စူးစိုက်ရာနှင့်ကိုယ် ဟုတ်နေကြသော လူတို့ကို ထိုင်ကြည့်ရသည်မှာ အရသာတစ်မျိုးရှိလှသည်ကို အတွေ့အကြုံအရ သိနှင့်ထားပြီးသော သေမင်းနှင့် ကျွန်ုပ်သည် ထိုထို ဤဤ လူတို့ကို ကြည့်လျက် ရယ်ချင်လျက် ပက်ကျိဖြစ်နေကြလျက် ရှိ၏။ အများအမြင်တွင်မူ ကျွန်ုပ်တစ်ယောက်တည်း လမ်းဘေးထိုင်လျက်ရှိသည်ကိုသာ တွေ့ကြရမည် ဖြစ်၏။ သေမင်းသည် ကျွန်ုပ်အား ပြော၏။

"သူငယ်ချင်းရယ် ရေးတုန်းက လူတွေများ တစ်နေရာက တစ်နေရာသွားရင် တယ်လွယ်ကြတယ်ဟ၊ နောက်မှ လူတွေက ကိုယ့်တိုင်းပြည် သူ့တိုင်းပြည်၊ ကိုယ့်နိုင်ငံ သူ့နိုင်ငံ နယ်နိမိတ်တွေ လုပ်လိုက်ကြတော့ ခုခေတ် လူတွေမှာ ရှုပ်ကုန်ကြရာရောဟဲ့၊ မင်းကြည့်စမ်း .. ကမ္ဘာကြီးဟာ လူတကာအတွက် ဘယ်မှာမဆို နေစရာ နေရာကောင်းကြီး ဖြစ်တဲ့ဥစ္စာ၊ ခုကြည့်စမ်း တစ်နိုင်ငံက တစ်နိုင်ငံ သွားဖို့ ဘယ်လောက် အလုပ်ရှုပ်ကြလဲ၊ အဲဒါ မင်းတို့လူတွေ ပြောပြောနေတဲ့ ယဉ်ကျေးမှု တိုးတက်ခြင်းမှ ဟုတ်ရဲ့လားဟ"

ကျွန်ုပ်သည် ပြန်ချေပရလေ၏။

"ဒီလိုရှိတယ် သူငယ်ချင်းသေမင်းရဲ့ .. လူတွေမှာ ခေတ်ဆိုတာ ရှိတယ်ဟ၊ ဒီခေတ်မှာ ဒီလိုလုပ်ကြပေမဲ့ နောင်တစ်ခေတ်မှာ နောက်တစ်မျိုး လုပ်ရင်လုပ်ကြမှာ၊ အရင်ခေတ်ကလည်း တစ်မျိုးတစ်ဘာသာ လုပ်ခဲ့ကြမှာပေါ့၊ အဓိက ကတော့ လူတွေပါပဲကွာ၊ သည်ကနေဟိုသွား ဟိုကနေသည်သွား လုပ်ချင်ကြတာ လူ့သဘာဝပဲဟာ၊ မင်း စဉ်းစားကြည့်လေ၊ တို့မြန်မာစကားပုံမှာတောင် 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' တို့၊ အဲဒါကို ဆန့်ကျင်တဲ့ဘက်က 'သေချင်တဲ့ကျား တောပြောင်း' တို့ စကားပုံမျိုးတွေ ထားခဲ့ကြတာပဲ၊ လူ့စိတ်ဆိုတာက အမျိုးမျိုးပဲဥစ္စာ၊ သည်နေရာမှာ နေတာထက် ဟိုနေရာမှာ နေတာ ပိုကောင်းမယ်လို့ တွေးကြတာဖြစ်မှာပေါ့"

"ငါတော့ မထင်ဘူး အကောင်ရဲ့၊ အခုကြည့်လေ သူများတိုင်းပြည် သွားဖို့လုပ်နေတဲ့ လူတွေဟာ ဟိုမှာလည်း အလုပ် လုပ်ရမှာပဲ၊ သည်မှာနေရင်လည်း အလုပ် လုပ်ရမှာပဲ မဟုတ်လား"

"မင်းပြောတာ ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ သည်မှာနေရင်လည်း အလုပ် လုပ်ရတဲ့ ကိစ္စကို ခဏထားလိုက်ကွာ၊ တစ်ရွာပြောင်းလို့ သူကောင်းဖြစ်သွားတဲ့ ရှေးမြန်မာ ပုံပြင်တစ်ပုဒ် မင်းနားထောင်မလား"

"ဘာလဲ ခရစ္စတိုဖာကိုလံဘတ် အမေရိကတိုက် ရှာတွေ့တဲ့ အကြောင်းလား"

"လုပ်ပြီ တလွဲက မြန်မာပုံပြင်ပါဆို ဘယ်က ကိုလံဘတ်က ပါလာတုံး"

"သူနာမည်မှာ ကို ပါတယ်လေကွာ၊ ကိုဝင်းအောင်တို့ ကိုစန်းမြင့်တို့လို ကိုလံဘတ် မြန်မာထင်လို့"

"အေး ကပြားလောက်တော့ စပ်မယ်ထင် .. အာ .. တော်ကွာ .. ဘာတွေ လာပြောနေတာတုံး၊ ငါပြောတာ နားထောင်စမ်းပါဟ"

“လုပ်စမ်း”

“ဒီလိုရှိတယ် သေမင်းရဲ့ ...
ရှေးတုန်းက အဲဒါ တော်တော်ကြာပြီပေါ့ကွာ၊ သန်လျင် သီလဝါ ဆိပ်ကမ်းလောက်မှာ သင်္ဘောသား အေးဂျင့်ရုံး ထောင်စားတဲ့ လင်မယား နှစ်ယောက်ရှိတယ်ကွ”

“ဘာလဲ ကိုလံဘတ်နဲ့ သူ့မိန်းမလား”

“အာ .. ကိုလံဘတ်က ဘယ်ကပါလာပြန်တုံး”

“မသိဘူးလေကွာ၊ မင်းပဲ သင်္ဘောသား အေးဂျင့်ဆို၊ ကိုလံဘတ်လည်း အဲဒါလုပ်စားတာပဲ”

“မဟုတ်ပါဘူးဟ၊ ငါပြောတဲ့ လင်မယားက စပိန်စပ်တွေ”

“အော် .. ရာအူးတို့ အမျိုးကိုး”

---

“ဘယ်က ရာအူးလဲ”

“ရီးရဲလ် ရာအူလေ၊ ဘောကန်စားတာ”

“အာ .. ဘယ်က ရာအူး ပါလာပြန်တာလဲ သေမင်းရယ်၊ ငါပြောတာပဲ ငြိမ်ငြိမ် နားထောင်စမ်းပါ၊ မင်းဝင်ဝင် မပါစမ်းပါနဲ့၊ ပြောနေတာတောင် ဘယ်ရောက်သွားလဲ မသိဘူး”

“သင်္ဘောသားအေးဂျင့်လင်မယားကွာ”

“အေး အေး အဲဒီ သင်္ဘောအေးဂျင့် လင်မယားက သားလေး တစ်ယောက် မွေးလာရော”

“ဘယ်လိုမွေးလဲ ဖန်ပြွန်သန္ဓေသားလား”

“လုပ်ပြန်ပြီ နင့်ကြီးတော်ကြီးလို အရပ်လက်သည်နဲ့ မွေးတာဟဲ့၊ မင်း ဝင်ဝင် မပြောပါနဲ့ဆို သေမင်းရာ၊ ဘာလဲ ကလေးမွေးအောင် ဘယ်လိုလုပ်သလဲပါ ပြောပြရဦးမလား”

“သေမင်း နားရှက်တယ် ဟေ့ကောင် ပေါက်ကရမပြောနဲ့”

“ဒါဆို မင်း ငြိမ်ငြိမ်နားထောင်”

“အေး ပြီးရော၊ ပြောကွာ”

“အဲဒီသားလေး အရွယ်ရောက်လာတော့ သူ့အဖေက ‘မင်း သင်္ဘောသားလုပ်မလား’ လို့မေးတယ်၊ ဒါပေမဲ့ သူ့အမေက ကန့်ကွက်တယ်၊ ‘ကျွန်မ သားလေး မောင်ပေါက်ကျိုင်းကို ယောင်လည်လည်နဲ့ ပလက်ဖောင်း ဆားဗစ် မယူခိုင်းနိုင်ဘူး၊ ကျုပ်တို့မှာ ပိုက်ဆံရှိတာပဲ၊ နိုင်ငံခြားပို့ပြီး ကျောင်းတက်ခိုင်းမယ်’ လို့ပြောတယ်”

“အခုခေတ်လို အင်္ဂလန်မှာ ကျောင်းတက်ခိုင်းတာမျိုးပေါ့၊ အင်္ဂလန်ကတော့ ငါ့အထင် သိပ်မနိပ်ဘူး အရိုးရဲ့၊ အင်္ဂါကြီး လန်နေတာဆိုတော့ ....”

“အာ .. ပေါက်တတ်ကရတွေ ဝင် ဝင် မပြောပါနဲ့ဆို သေမင်းရယ်၊ မင်း ငြိမ်ငြိမ် နားထောင်စမ်းပါ၊ အင်္ဂါလန်လန် ဗုဒ္ဓဟူးလန်လန် နင့်အလုပ်လား”

“အေးပါ အေးပါ”

“အဲဒါနဲ့ မောင်ပေါက်ကျိုင်းလည်း အထုပ်ဆွဲပြီး သူတို့ခေတ်မှာ နာမည်ကြီးတဲ့ မဇ္ဈိမဒေသက ဒိသာပါမောက္ခကျောင်းကြီးကို ရောက်သွားရော ..”

“ကျောင်းအုပ်ကြီးက နှစ်ယောက်တောင်ပဲလားဟ၊ ဒိသာရယ် ပါမောက္ခရယ်”

“ဟယ် .. ဒိသာပါမောက္ခဆိုတာ တစ်ယောက်တည်းဟဲ့၊ သေမင်း အရူးရဲ့၊ သူက သူ့ခေတ်မှာတော့ ဆရာကြီးပဲ၊ သူ့ကျောင်းမှာ မင်းညီမင်းသားတွေပဲ နေကြတာ၊ အပြင်လူဆိုလို့ သူဌေးသူကြွယ်သား နည်းနည်းပဲရှိတာ၊ ကျောင်းလခ အဆမတန်တောင်းလို့ သာမန်လူ မနေနိုင်ဘူး”

“အခုခေတ် အောက်စဖုတ်တို့ ဘာတို့လိုပေါ့ ...”

“အောက်စဖို့ဒ် (Oxford ) ပါဟ သေမင်းရ၊ ပီအောင်ခေါ်စမ်းပါ၊ ကြားရတာ ရိုင်းလွန်းလို့”

“ခေါ်တတ်ပါဘူးကွာ၊ မင်းတို့ ဘိလပ်စကား လျှာယားလွန်းလို့”

“မင်းကလည်း သေမင်းလုပ်ပြီး မပြောတတ်ယောင် ဆောင်နေသေးတယ်၊ WTC ပြိုကျပြီး အမေရိကန်တွေ သေတုန်းက မင်းပဲ ဘိလပ်လိုပြောပြီး သွားခေါ်တာ မဟုတ်လား၊ မှန်မှန်ပြော”

“ဟီး ဟီး ဟုတ်တယ်”

“တော်ကွာ၊ အဲဒါနဲ့ ပေါက်ကျိုင်းလည်း ကျောင်းကြီးရောက်တော့ သိပ်သဘောကျသွားတယ်၊ (ဓာတဗေဒ) Chemistry သင်ပြီး ခါတ်ခွဲခန်း လောင်တဲ့ မင်းသားက လောင်၊ (ရူပဗေဒ) □Physics သင်ပြီး ချိန်သီး ခြေမပေါ်ကျတဲ့ မင်းသားကကျ၊ မင်းသမီးတွေကလည်း ကျောင်းမှာ စကတ်တိုလေးတွေ၊ ရှောပန်လေးတွေ၊ စွပ်ကျယ်သာသာ အင်္ကျီပါးလေးတွေနဲ့ အနောက်တိုင်းက ကျောင်းတွေလို လန်ထွက်နေကြတာ တွေ့တာကိုး၊ ပေါက်ကျိုင်းလည်း သွားရည်တမြားမြားနဲ့ ကျောင်းတက်ချင်စိတ်တွေ တဖွားဖွား ပေါ်လာတာပေါ့၊ အဲဒါနဲ့ ဒိသာပါမောက္ခကြီးဆီ ပြေးသွားပြီး ‘အိုင်ဆေး ဒိသာပါမောက္ခကြီး ကျုပ်ကျောင်းတက်ချင်တယ်’ လို့သွားပြောတယ်၊ ပါမောက္ခကြီးက မျက်မှန်ကြီးပင့်ပြီး မေးတယ်၊ ‘လူကလေး ဘာသင်မှာလည်း’ တဲ့၊ ပေါက်ကျိုင်းလည်း ဒီကျောင်းမှာ ကြာကြာနေရ၊ ငမ်းရရဓာစေး‌ငဲပြီးရော ဆိုပြီး ‘ဘာသင်ရ သင်ရ သင်မယ်ဗျာ’ ဆိုတော့ ပါမောက္ခကြီးက ပေါက်ကျိုင်းကို ခြေဆုံး ခေါင်းဆုံးကြည့်ပြီး အဓိကမေးခွန်းကို မေးတယ်၊ ‘မင်း ကျောင်းစရိတ် ဘယ်လောက်ပါလဲ’ တဲ့၊ ပေါက်ကျိုင်းကလည်း ခေတဲ့ကောင်မှ မဟုတ်တာ၊ အဖေပိုင်တဲ့ သင်္ဘောတစ်စီး ရောင်းပြီး ကျောင်းလာတက်တဲ့ကောင်ဆိုတော့ ခပ်တင်းတင်းပဲ၊ ‘ရွှေအချိန် သုံးဆယ်ပါပါတယ်’ လို့လည်း ဖြေရော ဒိသာပါမောက္ခကြီးက မျက်နှာကြီးဝင်းသွားပြီး တစ်ခါတည်း လက်ခံလိုက်တယ်၊ ငွေရေးကြေးရေးက အဓိကကိုးဟ၊ အခုခေတ် နိုင်ငံခြား ကျောင်းတွေလိုပေါ့၊ ပေါက်ကျိုင်းလည်း ကျောင်းတက်ခွင့်ရတော့ ပျော်တာပေါ့၊ သူက ပါမောကကြီးကို မေးတယ်၊ ‘ကျုပ် ဘာသင်ရမလဲ’ တဲ့၊ ပါမောက္ခကြီးက ပြောတယ် ‘မင်းမှာပါလာတဲ့ ရွှေအချိန် သုံးဆယ် ငါ့ပေးခဲ့၊ ကျောင်းထဲမှာ တော်သလိုသာ လျှောက်ကြည့်နေ၊ နောက်မှ ငါကြည့်လုပ်မယ်’ ဆိုတော့ ပေါက်ကျိုင်းလည်း ကျောင်းထဲ လျှောက်သဝေထိုး အလေလိုက်နေတာပေါ့”

“မင်းဟာကလည်း တယ် ကော်မာရှယ် (Commercial ) ဆန်သကိုးကွ”

“သေမင်းရဲ့ .. ကမ္ဘာကျော် ကျောင်းကြီးတွေဆိုတာ ပေါက်ကျိုင်းတို့ခေတ်ထဲက ကော်မာရှယ် ဆန်ကြတာချည်းပဲကွ”

“စကော်လာ (Scholar) တွေ၊ စတိုင်ပင် (Stipend) တွေ၊ အိတ်စက်(ပ)ရှင်း (Exception) တွေရော ပေးသေးလား”

“အခုခေတ် ကမ္ဘာကျော် ကျောင်းကြီးတွေလိုပဲ ပေးချင်ယောင် ဆောင်တာပေါ့ကွာ၊ ပေးတော့လည်း မဖြစ်စလောက်ပေါ့”

“မင်းကလည်း ကော်မာရှယ် ယူနီဗာစတီ ( Commercial University ) ပါဆို ဘယ်နေမလဲဟ လုပ်တာပေါ့”

"ဒါဆို ခုခေတ် စင်ကာပူတို့၊ ဩဇီတို့၊ ယူအက်စ်တို့၊ ဘရစ်တစ်ရှ် တို့ကကျောင်းတွေ ဒိသာပါမောက္ခကြီးထက် အများကြီး ခေတ်နောက်ကျတာပေါ့"

"ကျတာပေါ့ သေမင်းရဲ့ .. ခေတ်နောက်ကျတဲ့ အပြင် ပရိုမိုးရှင်းလုပ်တာည့်တောင် နေသေး၊ ပေါက်ကျိုင်းတို့ ကျောင်းအုပ် ဒိသာပါမောက္ခကြီးဆို သူ့ကျောင်းလာတက်အောင် ဘယ်လောက် အဆွယ်ကောင်းတယ် မှတ်လဲ၊ အက်စ်ကီးမိုးတွေ ဂြိုလ်သားတွေတောင် ဒိသာပါမောက္ခကြီး အထင်ကြီးပြီး ကျောင်းလာနေကြတာ၊ ကျောင်းစရိတ်ကလည်း ဘာကြီးသလဲ မမေးနဲ့"

"ထားပါတော့ သူငယ်ချင်းရယ်၊ ကြားရတာ ရင်မောလိုက်တာ။ဖူး ... နောက်ဘာဆက်ဖြစ်တုံး"

"ဒီလိုကွ သေမင်းရဲ့၊ ပေါက်ကျိုင်း ကျောင်းတက်နေတဲ့ အချိန် တခြားဒေသကြီး တစ်ခုမှာ တကောင်းဆိုတဲ့ တိုင်းပြည်ကြီး တစ်ပြည်ရှိပြီး ဘုရင်ကြီး တစ်ပါးအုပ်ချုပ်နေသတဲ့"

"တစ်ကောင်းဆိုတော့ One Good ပြည်ကြီးပေါ့၊ One Good, Two Bad, Three Noisy, Four Fighting"

"ဘာတွေပြောနေတာတုံး"

"လူနဲ့ပတ်သက်တဲ့ မှတ်သားစရာ စကားလေ၊ မှတ်ထား အရိုးရဲ့ .. လူဆိုတာ တစ်ယောက်ထဲဆ ကောင်းတယ်၊ နှစ်ယောက်ဆို မကောင်းတော့ဘူး၊ ပေါင်းပြီး မဟုတ်တာလုပ်ရော၊ သုံးယောက်ဆို ဆူညံ ဆူညံနဲ့ နားငြီးလာတယ်၊ အေး၊ လေးယောက်ဆို သတ်ကြရောဟ"

"မှတ်သားစရာပါလား"

"မှတ်ထား မှတ်ထား၊ ပညာဆိုတာ ရတုန်းယူ"

"အောင်မာ .. ကပါကွာ ထားပါတော့၊ အဲဒီ တကောင်းပြည် ဘုရင်ကြီးခမျာ စိတ်ညစ်နေရှာတာကွ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ သမီးတစ်ယောက်ထဲပဲ ရှားရှားပါးပါး ထွန်းကားရှာပြီး သားမရှိဘူး ဖြစ်နေတာ"

"ဘာလဲ၊ တကောင်း ဘုရင်ကြီးသမီးက ဆံပင်ကို ဆေးဆိုးလိုက်၊ ကောက်လိုက်၊ ဖြောင့်လိုက်၊ ရှော့ပင်းထွက်လိုက်၊ ရည်းစားထားလိုက် လုပ်နေလို့ အကုန်အကျ များပြီး စိတ်ညစ်နေတာလား"

"အဲဒီလို မဟုတ်ဘူးဟ၊ သမီးပဲ ရှိပြီး သားမရှိတော့ ထီးမွေနန်းမွေ ဆက်ခံမယ့်လူ မရှိဖြစ်နေလို့ စိတ်ညစ်နေတာ"

"အလွယ်လေးပဲ၊ ယောကျ်ားပေးစားလိုက်ပေါ့"

"မင်းလိုတော့ ဘုရင်ကြီးရော၊ သူ့ မှူးကြီးမတ်ရာတွေကပါ တွေးမိတာပေါ့ကွာ၊ မင်းသမီးကို ယောကျ်ား ပေးစားလိုက်ရင် ခြေလည်း ငြိမ်သွားမယ်၊ ထီးမွေနန်းမွေ ဆက်ခံမယ့်သူလည်း ရမယ်ဆိုတာ သိတာပေါ့၊ သိလို့လည်း ပေးလည်း ပေးစားတယ်၊ အဲဒီ ပေးစားတဲ့ နေရာမှာ ပြဿနာ တက်လို့ဟ"

"အရိုး .. ပေးစားတယ်ဆိုတဲ့ အသုံးအနှုန်း မသုံးစမ်းပါနဲ့ကွာ၊ သိပ်မကောင်းဘူး၊ မင်းသမီးကို ယောကျ်ားပေးစားတယ်ဆိုတော့ မင်းသမီးယူတဲ့ ယောကျ်ားက မင်းသမီးကို ယူစားသလို ဖြစ်နေတယ်၊ မင်းသမီးကို ယူစားရအောင် မင်းသမီးက မုန့်ဖက်ထုပ်မှ မဟုတ်တာ"

"အေး ဟုတ်တယ်ကွ၊ မင်းသမီးက မုန့်ဖက်ထုပ် မဟုတ်ဘူး၊ မုန့်အုပ်ကလေး .. အာ .. ဘာတွေ လာပြောနေတာတုံး သေမင်းရဲ့ နားထောင်စမ်းပါ ငြိမ်ငြိမ်"

"မဟုတ်ပါဘူး၊ ငါက မင်းအသုံးအနှုန်း သိပ်မသန့်လို့ စေတနာနဲ့ အကြံပေးတာ"

"အေး ထားကွာ၊ ပေးစားတယ်လို့ မပြောဘူး၊ လက်ဆက်ပေးတယ်ပေါ့"

"အဲလိုလုပ်ပါ"

"အေး မင်းသမီးကို အဲလို လက်ဆက်ပေးတဲ့ ကိစ္စမှာ ပြဿနာတက်ရောဟေ့"

---

"ဘာလဲ၊ မင်းသမီးက ယောကျ်ား မယူချင်ဘူး ငြင်းလို့လား"

"ဘယ်ကလာကွာ၊ ယူချင်တာမှ ဘယ်နှစ်ယောက်နဲ့ လက်ဆက်ပေးပေး ပြုံးပြုံးလေး ယူတာပဲ၊ ဒါပေမဲ့ မင်းသမီးနဲ့ ယူတဲ့လူဟာ ဒီနေ့ယူ နောက်နေ့သေတာပဲ"

"မင်းသမီးက တော်တော်ကြမ်းတယ်ထင်တယ်"

"သေမင်း မင်းပေါက်ကရ မတွေးနဲ့၊ တကယ်ဖြစ်တာက တခြားကွ၊ ဒီလိုဟေ့ မင်းသမီးက နဂါးကြီးတစ်ကောင်နဲ့ တိတ်တိတ်ပုန်း ရည်းစားဖြစ်နေတာ"

"ဘာပြောတယ်၊ နဂါးနဲ့ ဟုတ်လား"

"အေး"

"နဂါးကြီးနဲ့ ဖြစ်တယ်၊ ဟုတ်လား"

"အေးပါဆို"

"ဒီလောက် ရှည်လမျော အကြီးကြီးနဲ့ ရည်းစားဖြစ်နေတယ်၊ ဖြစ်နေတာမှ တိတ်တိတ်ပုန်းတောင် ဖြစ်နေနိုင်သေးတယ် ဟုတ်လား"

"အေး"

"အရှိး"

"ဘာလဲဟ"

"မင်းပြောတော့ မင်းသမီးက မကြမ်းဘူးဆို"

"မကြမ်းဘူးလေ၊ သူ့ဟာသူ အေးဆေးပဲ ရည်းစားထားနေတာပဲဟာ"

"အရှိး .. နဂါးဆိုတာ အရှည်ကြီးနော်၊ နောက် အကြီးလည်း အကြီးကြီး၊ စပါးကြီးမြွေ အကောင်တစ်ရာစာလောက် ရှိမှာ၊ နောက်ပြီး ထိပ်မှာလည်း အမောက်ကြီးနဲ့"

"အေးလေ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ ဒီလောက် ကြောက်စရာကောင်းတဲ့ နဂါးနဲ့တောင် မကြောက်မရွံ့ တိတ်တိတ်ပုန်း ရည်းစား လုပ်ထားတဲ့ အပြင် သူ့လာလာယူတဲ့ ယောကျ်ားတွေလည်း တစ်ယောက်ပြီးတစ်ယောက် လက်ခံ ယူလိုက်သေးတယ် ဆိုတော့ မင်းပြောတဲ့ မင်းသမီးက ဘယ်လိုလဲ သူငယ်ချင်းရယ်၊ လူမှ ဟုတ်ရဲ့လား၊ ဒါတောင် မင်းက မင်းသမီး မကြမ်းဘူးချည်း ဇွတ်ပြောနေသေးတယ်၊ မကြမ်းရင် ဘာဖြစ်နေလဲ မင်းရှင်း .. ရှင်းဆို ခုရှင်းကွာ၊ တကတည်း ဒီလောက်ကြောက်စရာကောင်းတဲ့ မိန်းမကို"

"အာ မဟုတ်သေးဘူး ဟေ့ကောင်၊ မင်းတွေးတာ လွဲနေပြီဟ၊ ဖြစ်တာက ဒီလို ..
နဂါးက မင်းသမီးကို လူပျို လာလှည့်တော့ လူယောင်ဆောင် လာတာကွ၊ လူယောင်ဆောင်တာမှ ဟိုမျက်မှန်နဲ့ ကိုရီးယား မင်းသားလေ ဘယ်သူကွာ .. တံဆိပ်ခေါင်းလုပ်ပြီး ဂျပန်မှာ ရောင်းတာ သောက်သောက်လဲ ရောင်းကောင်းလို့ စီးပွားဖြစ်သွားတဲ့ ငနဲလေကွာ ခပ်ချောချောဟာ"

"ဘေယောင်ဂျွန်းလေကွာ"

"အေး အေး .. အဲဒီ ဘေယောင်ဂျွန်းရုပ်နဲ့ နဂါးက မင်းသမီးကို လူပျိုလာလှည့်တော့ မင်းသမီးလည်း ချောလို့ ပြန်ကြိုက်သွားတာပေါ့၊ နေစမ်းပါဦး သေမင်းရဲ့ မင်းကလည်း ဘေယောင်ဂျွန်းကို သိတာပဲလား"

"သေမင်းပေမဲ့ ခေတ်မီတယ် ကိုယ့်လူ၊ ကိုရီးယား မင်းသား မင်းသမီးတွေ ငါကောင်းကောင်းသိတယ်၊ ဘာမှတ်လဲ၊ မင်းကိုတောင် ကိုရီးယားဆန်ဆန် နာမည်လေး ပြောင်းပေးရကောင်းမလား ငါစဉ်းစားနေတာ"

"ဘာတဲ့တုံး ငါ့နာမည်"

"ချွဲဆို့သေတဲ့"

"အေး .. ငါ ချွဲဆို့သေဆိုရင် မင်းကလည်း စောင်ခြုံဖြီးပဲ၊ စောင်နက်ကြီး ခြုံခြုံထားပြီး စပ်ဖြည်းဖြည်းနဲ့ တော်ကွာ အကြောင်းအရာ ပျောက်တယ်၊ အဲဒီလို ဘေယောက်ဂျွန်းရုပ်နဲ့ နဂါးကို မင်းသမီးက ကြိုက်လို့ သမီးရည်းစား ဖြစ်ပြီးနောက်မှ မင်းသမီးက သိတာကိုး၊ အဲဒါကြောင့် သူ့အဖေ ဘုရင်ကြီးကို အသိမပေးဘဲ ညညကျမှ တိတ်တိတ်ချိန်းတွေ့နေကြရတာ၊ ဘုရင်ကြီးကို အသိပေးရင် လူနဲ့နဂါးဆို ဘယ်ပေးစားမလဲ၊ ဘုရင်ကြီးနဲ့ မှူးမတ်တွေကလည်း မသိတော့ မင်းသမီးကို ယောကျ်ားရှာပြီး လက်ဆက်ပေးတာပေါ့၊ မင်းသမီးယူတဲ့ ယောကျ်ားကို ညညကျ လာတဲ့ ဘေယောင်ဂျွန်းနဂါးက တွေ့တော့ လုပ် လုပ်သွားတာ မနက်ကျ အလောင်းပဲ တွေ့ကြရတာပေါ့၊ အဲဒီလို ဖြစ်ဖြစ်နေတာ တစ်ယောက်ရှာ လက်ဆက်ပေးလိုက် မနက်ကျ သေလိုက်နဲ့၊ ကြာတော့ သူတို့မင်းသမီးကို ယူရဲတဲ့ ယောကျ်ား အနီးအနားမှာ ရှားလာရော၊ အဲဒါနဲ့ မှူးမတ်တွေက လော်ထမ်းပြီး လမ်းတကာ လျှောက်လို့ မင်းသမီးကို ယူမယ့်ယောကျ်ား ရှာနေရတဲ့အဖြစ် ရောက်နေတယ်၊ အကြောင်းသိတော့ ဘယ်သူကမှလည်း မင်းသမီးကို သွားမယူရဲဘူး၊ မနက်ကျ သေမှာကိုး"

---

"သူတို့ ဒုက္ခလည်း မသေးဘူးဟ"

"အဲဒီလို ဖြစ်နေတဲ့ အချိန် ဟိုတစ်ဘက်မှာလည်း ကျောင်းလာတက်တဲ့ ပေါက်ကျိုင်းကြောင့် ဒိသာပါမောက္ခကြီး ဒုက္ခရောက်နေတာ"

"ဘာလဲ ကျောင်းထဲမှာ လျှောက်သောင်းကြမ်းနေလို့လား"

"မဟုတ်ဘူးကွ၊ ပေါက်ကျိုင်းက ကျောင်းသာလာတက်တာ တစ်သက်လုံး ယောင်ပေပေနဲ့ ဘာစာမှ တတ်ခဲ့တာ မဟုတ်ဘူး၊ ဒိသာပါမောက္ခကြီးရဲ့ Higher Education နဲ့ စာတစ်လုံးမှ မတတ်တဲ့ ပေါက်ကျိုင်းနဲ့ သွားတွေ့နေတာပေါ့၊ ဘာမှကို သင်ပေးလို့မရဘူး၊ အစက စ သင်ပေးရအောင်လည်း ဒီအရွယ်ကြီးကျမှ ကကြီး ခခွေး သင်ရမှာ ပါမောက္ခကြီးက စိတ်မရှည်ဘူး၊ ပေါက်ကျိုင်း ရွှေတွေ ယူထားပြီးသားလည်း ဖြစ်နေတော့ ဒိသာပါမောက္ခကြီးမှာ တော်တော်ခွကျနေတာ၊ ဒါပေမဲ့ သိတယ် မဟုတ်လား၊ ဒိသာပါမောက္ခကြီးပဲ၊ တခြားလူမှ မဟုတ်တာ၊ တစ်နေ့ကျ အကြံရပြီး ပေါက်ကျိုင်းကို ခေါ်ပြောတယ်
'မောင်မင်းလူကလေး ပေါက်ကျိုင်းတဲ့၊ မောင်မင်း ငါ့ကျောင်းထဲ လာမွေနေတာလည်း ကြာပြီတဲ့၊ မဟုတ်ကဟုတ်ကတေလည်း လုပ်သမျှ တော်တော် စုံပြီတဲ့၊ အဲဒီတော့ ကျောင်းတွင်း သင်ခန်းစာတွေ တော်တော်စုံပြီလို့ မောင်မင်းကို ကျွန်ုပ်ယူဆတယ်၊ အဲဒီတော့ မောင်မင်း ကိုယ့်အိမ် ကိုယ်ပြန်တော့၊ မောင်မင်း လူကလေး ကောင်မွန်စွာ သောင်းကျန်းနိုင်ခဲ့ကြောင်း ကျွန်ုပ် လက်မှတ်ထုတ်ပေးလိုက်မယ်' လို့ ပြောတယ်၊
ဒါပေမဲ့ ပေါက်ကျိုင်းက စာသာမတတ်တာ သဘော်ာ အေးဂျင့်သား လူလည်ပဲ၊ သူ့ဘာမှ မသင်ပေးဘဲ ပြန်လွှတ်လိုက်တာတော့ ဘယ်ခံမလဲ၊ ဒီအဘိုးကြီး ငါ့ရွှေတွေ လိမ်ယူတာပဲ ဆိုပြီး 'အိုင်ဆေး ဒိသာပါမောက္ခကြီး ဘာမှမသင်ရသေးဘဲနဲ့ လက်မှတ်တော့ယူပြီး မပြန်နိုင်ဘူး၊ ခင်ဗျားကြီး ကျုပ်ကို နည်းနည်းတော့ သင်ရမယ်၊ တစ်ခုခု မသင်ရင် မပြန်ဘူး၊ ကျောင်းထဲမှာပဲ နေမှာပဲ၊ ဒါမှ

မဟုတ်ရင်လည်း ကျုပ်ရွှေတွေ အားလုံးပြန်ပေး’ ဆိုပြီးပြောတော့ ဒိသာပါမောက္ခကြီးပဲ ပြန်ခွကျနေပြန်ရော၊ ရွှေတွေလည်း ပြန်မပေးချင်ဘူး၊ ဘာသင်ပေးရမှန်းလည်း မသိဘူး၊ ဒါနဲ့ ဒီကောင် ငါ့ကျောင်းက ထွက်ကိုသွားမှ အေးမှာပါ ဆိုပြီး တစ်မျိုးကြံပြန်တယ်၊ နောက်နေ့ကျ ပေါက်ကျိုင်းကို ခေါ်ပြန်ပြီး ပြောတယ်၊
’မောင်မင်းလူကလေး ပေါက်ကျိုင်းတဲ့၊ မောင်မင်းရဲ့ ပြင်းပြတဲ့ဆန္ဒအရ မောင်မင်းကို တခြား ဘယ်ကျောင်းသားကိုမှ မသင်ပေးဖူးတဲ့ ဘဝနေနည်း စကားသုံးခွန်း သင်ပေးလိုက်မယ်’ တဲ့၊ ‘မောင်မင်း သေချာမှတ်သွား’ တဲ့၊ ပြီးရင် ‘မောင်မင်းဟာ ဒေသန္တရ ဗဟုသုတရစေဖို့ ခြေဦးတည့်ရာကို သုံးနှစ်တိတိ လျှောက်သွားရမယ်’ တဲ့၊ ပြီးရင် ‘ငါ့ကျောင်းကို ယောင်လို့တောင်မှ ပြန်မလာနဲ့တော့၊ မင်းအိမ်မင်းပြန်’ တဲ့၊ ‘အဲဒါကို သဘောတူသလား’ လို့ မေးတော့ ပေါက်ကျိုင်းက ပြန်ပြောတယ်၊ ‘သုံးနှစ်တိတိ သွားချင်ရာ လျှောက်သွားဖို့ ခင်ဗျားက စရိတ်ပေးမှာလား’ ဆိုတော့ ဒိသာပါမောက္ခကြီးကလည်း ပေါက်ကျိုင်းလိုကောင် ကျောင်းထဲမရှိ အေးရောသဘောနဲ့ ‘ကျွန်ုပ် လုံလောက်အောင် ပေးလိုက်မယ်’ လို့ပြန်ပြောတယ်၊ အဲဒါနဲ့ နှစ်ဦးနှစ်ဖက် သဘောတူပြီး ဒိသာပါမောက္ခကြီးက ပေါကကျိုင်းကို စကားကြီး သုံးခွန်းသင်ပေးလိုက်တယ်၊ ‘တစ် – မေးပါများ စကားရ၊ နှစ် – သွားပါများခရီးရောက်၊ သုံး – မအိပ်မနေ အသက်ရှည်’ ‘မောင်မင်း လူကလေး သေချာမှတ်ထား၊ ပြီးရင် သွားတော့’ ဆိုပြီး ခရီးစရိတ် ထုတ်ပေးလိုက်တော့ ပေါက်ကျိုင်းလည်း ကျေနပ်ပြီး ထွက်သွားရော၊ အမှန်မှာ ဒိသာပါမောက္ခကြီးက ပေါက်ကျိုင်းကို အမြင်ကပ်လို့ ပညာရှိနည်းနဲ့ ကျပ်လွှတ်လိုက်တာ”

“ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမလဲ မင်း စဉ်းစားကြည့်လေ၊ လူတစ်ယောက်ဟာ အိပ်လည်း မအိပ်ဘူး၊ လျှောက်လည်း သွားနေတယ်၊ ရောက်ရာနေရာမှာ တွေ့ကရာလူကို ဟိုမေးသည်မေးလည်းလုပ်သေးတယ်ဆိုတော့ တစ်နေရာ မဟုတ် တစ်နေရာတော့ ဒီကောင် ဒုက္ခရောက်မှာပဲ ဆိုပြီး လွှတ်လိုက်တာ၊ ဒါတောင် တစ်နှစ်လောက်ဆို ဒုက္ခမရောက်မှာ စိုးလို့ သုံးနှစ်လောက် လျှောက်သွားရမယ်လို့ သေချာအောင်မှာလိုက်သေးတယ်
ဒါပေမဲ့ ပေါက်ကျိုင်းဟာ ကျောင်းမှာတုန်းက ကျောင်းသားဆိုးကွ၊ ငယ်ငယ်ထဲက မှတ်ဉာဏ်ကလည်း သိပ်ကောင်းတာမဟုတ်တော့ ဒိသာပါမောက္ခကြီး ပြောလိုက်တဲ့ သုံးခွန်းကို အမြဲ သတိမရနေဘူးကွ၊ မေ့နေတဲ့ နေ့တွေဆို အိပ်ချင်လည်း အိပ်နေတာပဲ၊ စကားလည်း တခြားလူတွေကို ပြောချင်မှပြောတာ၊ တွေ့ရာလျှောက်သွားချင်မှလည်း သွားပြီး ကြုံရာ ဝင်ပျော်ရင် ပျော်နေတာမျိုး၊ ဒါပေမဲ့ လျှောက်သွားရတာ သဘောကျတဲ့ ကောင်မျိုးဆိုတော့ သွားရင်း သွားရင်း တကောင်းပြည်ရောက်သွားတယ်၊ တကောင်းပြည်ရောက်တော့ ဈေးတစ်ခု ထောင့်နားမှာ သူ့လို ခပ်တေတေ ငနဲတစ်သိုက်နဲ့ ပေါင်းမိပြီး ဘုံဆိုင်ထဲ ထိုင်သောက်နေလိုက်ကြတာ ခေါင်းတွေကို စိုက်နေတာပဲတဲ့၊ နေ့လည်လောက်ကျတော့ မင်းသမီး အတွက် ယောကျ်ား လိုက်ရှာကြတဲ့ လော်ဝန်တစ်သိုက် ပေါက်ကျိုင်းတို့ဝိုင်းဘေးမှာ လာဝင်ထိုင်တယ်၊ ပေါက်ကျိုင်းတို့ ဝိုင်းမှာလည်း ငယ်ငယ်ထဲက သဘော်သားတွေကြား နေလာတဲ့ ပေါက်ကျိုင်းတစ်ယောက်ပဲ ထူထူထောင်ထောင် ကျန်တော့တယ်၊ ဒါပေမဲ့ ပေါက်တတ်ကရတွေ လျှောက်သောက်ထားတော့ ခေါင်းတွေမတရားကိုက်နေတာပေါ့၊ အဲဒါနဲ့ ယောက်ကန်းကန်း နောက်ဝင်လာတဲ့ လော်သမားတွေကို ‘ခင်ဗျားတို့မှာ ပါရာစီတမောလေး ဘာလေး ပါသလား’ သွားမေးတယ်၊

---

“လော်သမားတွေက အချဉ်တွေ့ပြီ ဆိုတဲ့ သဘောနဲ့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြတယ်၊ သူတို့မှာလည်း နေ့တိုင်း နေ့တိုင်း မင်းသမီးကို ယူမယ့်ယောကၤ်ား လိုက်ရှာနေကြရတာ တော်တော် ပင်ပန်းနေကြပြီလေ၊ ဒီမူးကြောင်ရူးကြောင် မျက်နှာသစ် တစ်ကောင်ကို ခေါ်သွားပြီး မင်းသမီးနဲ့ လက်ဆက်ပေးလိုက်နိုင်ရင် နောက်နေ့မနက် သေခါမှ သေရော၊ ဒီနေ့တော့ လျှောက်အော်နေရ သက်သာတယ် ဆိုပြီးတော့ ပေါက်ကျိုင်းကို ပြောတယ် ‘ငါတို့ဆီမှာတော့ ပါရာစတမော မပါဘူး၊ ငါတို့နဲ့ လိုက်ပြီး ယူရင်တော့ မင်း ပါရာစီတမောလည်း ရမယ်၊ မိန်းမလည်းရမယ်၊ ဘယ်လိုလည်း လိုက်မလား’ ဆိုတော့ ပေါက်ကျိုင်းကလည်း ခေါင်းသိပ်ကိုက်နေတော့ ‘မိန်းမရတာ မရတာ အရေးမကြီးဘူး၊ ပါရာစီတမောဖြစ်ဖြစ်၊ အနာဂျက်ဆင် ဖြစ်ဖြစ်၊ တခြား ခေါင်းကိုက်ပျောက်ဆေးပဲ ဖြစ်ဖြစ် ပျောက်ရင်ပြီးရော၊ လိုက်ယူမယ်’ လို့ပြောတာကိုး၊ အဲဒါကြားတော့ ဟိုလူတွေလည်း သဘောကျပြီး ‘လာလိုက်ခဲ့’ လို့ ခေါ်သွားတယ်၊ ပေါက်ကျိုင်းလည်း ခပ်ထွေထွေနဲ့ ခေါင်းတွေလည်းကိုက်ပြီး ပါသွားတယ်၊ နန်းတော်လည်း ရောက်ရော တိုင်တစ်တိုင်ကို ငုတ်တုတ်ကြီး မှီပြီး ထိုင်နေတာပေါ့၊ သူ့ခေါ်လာတဲ့ လူတွေက ဘုရင်ကြီးနဲ့ မင်းသမီးကို သွားခေါ်ပြီး လက်ဆက်မယ့်လူ တွေ့လို့ ခေါ်လာတဲ့အကြောင်း ပြောတယ်၊ ဘုရင်ကြီးနဲ့ မင်းသမီးလည်း ပေါက်ကျိုင်းကို လိုက်ကြည့်တော့ ငုတ်တုတ်ကြီး တိုင်မှီထိုင်နေတာ တွေ့ရော၊ ဒါပေမဲ့ ပေါက်ကျိုင်းက စပိန်ဆက်ဆိုတော့ နဖူးရည် ဒူးရည ကောင်းတယ်၊ မူးနေလည်း ကိစ္စမရှိဘူး၊ တစ်ခါတည်း မင်္ဂလာဆောင်ပေး ဆိုတာနဲ့ ပေါက်ကျိုင်းကို မင်းသမီးနဲ့ လက်ဆက် ပေးလိုက်ကြတာပေါ့၊ ပေါက်ကျိုင်းကတော့ ခပ်ထွေထွေနဲ့ ပြောရှာတယ် ‘မင်္ဂလာဆောင်တာလည်း ဆောင်တာပေါ့၊ ကျုပ်ကို ပါရာစီတမောတစ်လုံးလောက် ဖြစ်ဖြစ်တော့ အရင်တိုက်စမ်းပါ၊ ခေါင်းကိုက်လွန်းလို့ပါ’ လို့တောင်းပေမဲ့ မင်းသမီးက မပေးဘူး၊ ကူလီကူမာ လုပ်နေပြီး ညအိပ်ခါနီး ရောက်တော့ အရင်လူတွေ သေသွားကြတဲ့ အခန်းထဲ ပေါက်ကျိုင်းကို ပို့လိုက်တယ်၊

အဲဒီအခန်းက မင်းသမီးနဲ့ နဂါး ချိန်းတွေ့နေကျ အခန်းကိုး၊ ပြီးတော့ နဂါးရည်းစား တကောင်းမင်းသမီးက ရေတကောင်းကြီး တစ်လုံးနဲ့ ချက်အရက်တွေ အပြည့်ထည့်ပြီး ပေါက်ကျိုင်းကို 'ဒီအခန်းထဲမှာ ဒါလေးသောက်ပြီး ခဏနေခဲ့၊ တော်ကြာကျရင် ပါရာစီတမော လာလိမ့်မယ်၊ စောင့်နေ၊ ကျွန်မတော့ အိမ်သာ သွားတက်လိုက်ဦးမယ်' ဆိုပြီး လစ်သွားရော၊
ပေါက်ကျိုင်းလည်း ရေတကောင်း တစ်လုံးနဲ့ အခန်းထဲမှာ တစ်ယောက်ထဲ ကျန်ခဲ့တာပေါ့၊ ပထမတော့ သောက်လိုက် ထိုင်လိုက် ထလိုက်နဲ့ စောင့်နေသေးတယ်၊ တော်တော်ကြာတော့ ဒေါသ ထွက်လာတာပေါ့၊ ဒီမိန်းမနယ် ပါရာစီတမောလေးတစ်လုံး သွားရှာတာ ဒီလောက်ကြာရသလား ဆိုပြီး စိတ်ဆိုးနေတာ၊ အဲဒီတုန်းပဲ နဂါးကလည်း ဘေယောင်ဂျွန်း ယောင်ဆောင်ပြီး သူ့ရည်းစားနဲ့ တွေ့ဖို့ အခန်းထဲကို ဝင်လာတယ်၊ ရည်းစားနဲ့ တွေ့ရမှာဆိုတော့ မျက်မှန်လေးပင့်ကာ လေကလေး ချွန်ကာနဲ့ ပြုံးပြုံး ပြုံးပြုံးနဲ့ ဒီဘက်လည်း လှည့်လိုက်ရော ရေတကောင်းကြီး ခွပြီး ငုတ်တုတ်မှုးနေတဲ့ ပေါက်ကျိုင်းကိုတွေ့တော့ မတရား ဒေါပွသွားတယ်၊ ပေါက်ကျိုင်းကလည်း ဘေယောင်ဂျွန်းနဂါးကို သူ့မိန်းမ မင်းသမီးက ဆေးပေးဖို့ လွှတ်လိုက်တဲ့ကောင် ထင်နေလို့ စိတ်တိုတိုနဲ့ 'ဟေ့ကောင် ဆေးဘယ်မလဲ' ဆိုပြီး ဆီးဟောက်တာပေါ့၊ နဂါးကလည်း သူ့ရည်းစား အခန်းထဲလည်း လာထိုင်နေသေး၊ သူ့လည်း ဆီးဟောက်နေသေး ဆိုတော့ ဒေါသထွက်လွန်းလို့ သူ့ကိုယ်သူ နဂါးအဖြစ်တောင် ပြန်ဖနဆင်းဖို့တောင် မေ့သွားပြီး ပေါက်ကျိုင်းကို ခုန်အုပ်ထည့်လိုက်တာ ဟိုက မူးမူးနဲ့ ယိုင်ထိုးနေတော့ မအုပ်မိဘဲ မှောက်ရက်ကြီး ဖြစ်နေတယ်၊ ပေါက်ကျိုင်းကလည်း နဂိုက ခေါင်းကိုက်နေလို့ စိတ်တိုနေရတဲ့အထဲ ဘယ်ကကောင်မှန်းမသိ မျက်မှန်နဲ့ တစ်ကောင် ဝင်လာပြီးတော့ ပါရာစီတမော မပေးတဲ့အပြင် သူ့ကိုလည်း ခုန်အုပ်သေးတယ် ဆိုပြီး လက်ထဲက တကောင်းကြီးနဲ့ ထုထည့်လိုက်တာ ဘေယောင်ဂျွန်း နဂါးလည်း နောက်စေ့ပြားပြီး တစ်ခါတည်း သေရော၊
ဒါတောင် ပေါက်ကျိုင်းက နဂါးသေလို့ သေမှန်းမသိဘဲ နဂါးကိုယ်မှာ ပါရာစီတမောများ ဖွက်ထားသလား ဆိုပြီး လှန်လှော ရှာနေသေးတယ်၊ မတွေ့တော့မှ အိပ်လိုက်ရင် ကောင်းသွားမှာပါလို့ စိတ်ဖြေပြီး နဂါးနား အိပ်ပျော်သွားတာ မနက် ဘုရင်ကြီးရယ် မင်းသမီးရယ် မှူးမတ်တွေရယ် ဝင်လာတော့မှ နိုးတော့တယ်၊
မင်းသမီးကတော့ သူ့ရည်းစား နဂါး သေသွားလို့ စိတ်မကောင်းဘူး၊ အဲဒီတုန်းပဲ ပေါက်ကျိုင်းက 'ခင်ဗျားတို့ တိုင်းပြည်မှာ ပါရာစီတမောဆိုတာ ဒီကောင့် နာမည်လား' မေးနေလို့ မင်းသမီးမှာ နဂါးဖြစ်ကြောင်း မပြောရဲဘဲ 'အမလေး ကိုကို ပါရာစီတမောရဲ့' လို့ ငိုရရှာတယ်၊
ဘုရင်ကြီးလည်း ပေါက်ကျိုင်းကို သဘောကျသွားပြီး ဒီလောက် သောက်လုံးကြီးပြီး လက်မြန်တဲ့ကောင် ဒီလိုကောင်မျိုးနဲ့ ပေါင်းနေမှ ငါ့သမီးကြောက်ပြီး ငြိမ်နေမှာလို့ တွေ့ပြီး သူ့သမီးကို 'နင် ဒီကောင်နဲ့ပဲ မြဲအောင် ပေါင်းနေတော့' လို့ မှာပြီး ပြန်သွားတယ်၊ လော်ဝန်တွေ မှူးမတ်တွေလည်း နောက်တစ်ခါ ယောကျ်ားရှာမထွက်ရတော့ဘူး ဆိုပြီး ဝမ်းသာကြတာပေါ့၊ မင်းသမီးကလည်း ပေါက်ကျိုင်းကို သေချာကြည့်တော့မှ သေသွားတဲ့ သူ့ရည်းစား ဘေယောက်ဂျွန်းနဂါးလောက် မဖြောင့်ပေမဲ့ ပေါက်ကျိုင်းလည်း ဂေါ်ရခါးချောလေး ချောရှာတာပဲ ဆိုပြီး စိတ်ကျေနပ်သွားတယ်"

"အဲဒါနဲ့ ပြီးရောလား"

"မပြီးသေးဘူးကွ၊ မင်းသမီးနဲ့ ရသွားတဲ့ ပေါက်ကျိုင်းက အရေမရအဖတ်မရ မိန်းမရလိုက်တဲ့ အထိမ်းအမှတ် ဆိုပြီး သူ့နာမည် ပေါက်ကျိုင်းရဲ့ ရှေ့ဆုံးနှစ်လုံးကို ယူတယ်၊ ပြီးတော့ အရေမရ အဖတ်မရ သွားရည်စာ တစ်မျိုးကို တီထွင်လို့ PK ဆိုပြီး ထုတ်ရောင်းစားတာ ပေါက်ကျိုင်းကတော့ ကမ္ဘာမကျော်ဘူး၊ PK ကတော့ တစ်ကမ္ဘာလုံး အခုထိ စားနေကြတုန်း"

"မင်းဟာကလည်းကွာ၊ ဒါနဲ့ သင်ခန်းစာကရော"

"တစ်ရွာပြောင်း ကံကောင်းရင် မိန်းမရ"

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

## မဟာစူပါမင်း စူဠစူပါမင်း

သေမင်းနှင့် ကျွန်ုပ်သည် ပန်းဆိုးတန်းပလက်ဖောင်းတွင် ပုံထိုင်ပြောကြရင်း မှောင်သွားသဖြင့်, အိမ်ပြန်ရန် လမ်းလျှောက် လာကြလေ၏။ နေပြည်တော်ရှိ ရှေ့နားသို့ရောက်လေသော် ရှိတင်ထားသော စူပါမင်းကား ပိုစတာကြီးကို သေမင်းသည် မော့တော့ မော့တော့နှင့် ငေးနေသဖြင့ ကျွန်ုပ်မှာ ဆွဲခေါ်ရလေသည်။

"လာစမ်းပါဟ ဘာကြည့်နေတာတုံး"

"နေစမ်းပါဦး၊ ငါ ဟိုပိုစတာထဲကကောင်ကို ကြည့်နေတာ"

"ဘာလဲ စူပါမင်းလား"

"အေးလေကွာ၊ လူထဲမှာ ဒီလောက် စွမ်းတဲကောင် ရှိသလား"

"မင်းကလည်း စူပါမင်းများ အထူးအဆန်းလုပ်လို့"

"ဟေ့ကောင် အရှိုး"

"ဘာလဲ"

"ဒီကောင့် ရုပ်ရှင်ဝင်ကြည့်ရအောင်ကွာ"

"အာ .. အလကား ပိုက်ဆံကုန် အချိန်ကုန်တယ်၊ ဘာမှ မထူးဆန်းဘူး၊ မင်းသိချင်ရင် ငါပြောပြမယ်"

"ဘာလဲ စူပါမင်း အကြောင်းလား"

"အခုခေတ် စူပါမင်းဆိုတာ တစ်ယောက်ထဲ ဘာမှ မဆန်းဘူး၊ ရှေးတုန်းက စူပါမင်းဆိုတာ နှစ်ယောက်တောင်ရှိတာ၊ ညီအစ်ကိုဟ၊ မဟာစူပါမင်းနဲ့ စူဠစူပါမင်းတဲ့"

"အမယ် တယ်ဟုတ်ပါလား"

"ဟုတ်ရမယ်လေ သေမင်းရဲ့၊ လူတွေက အကြောင်းမသိလို့ကွ၊ ငါပြောပြမယ်. စူပါမင်းညီအစ်ကိုနဲ့ အခုခေတ် စူပါမင်းက စပ်ကြည့်ရင် မြေးအဘိုးတောင် တော်ချင်တော်နေဦးမှာ"

"ငါ့စိတ်ထဲ စူပါမင်း တစ်ယောက်တောင် တော်တော် ဆန်းနေပြီ၊ သူ့အဘိုး နှစ်ယောက် ရှိသေးတယ်ဆိုတော့ ..."

"လူတွေက စူပါမင်း မျိုးရိုးရဲ့ ပျော့ကွက်ကို မသိလို့ကွ၊ စူပါမင်းဆိုတာ ဘာမှ မထူးဆန်းဘူး၊ ဂါဝန်နဲ့ အုပ်ဖမ်းရင် ကွဲကန မိရောဟ"

"တောက်တီး တောက်တဲ့ကွာ"

"အဟုတ်ပဲကွ၊ ငါပြောပြမယ်၊ နားထောင်"

"ကဲ လုပ်စမ်း"

"ဒီလိုရှိတယ် သေမင်းရဲ့၊ စူပါမင်းဆိုတာ ကလယ်ကုလားမျိုးကွ၊ ရှေးတုနးက နှစ်ကောင်တောင်ရှိတာ"

"ဟေ့ကောင် ဟုတ်လို့လား"

"နားထောင်ကြည့် သေမင်း၊ ပြီးမှ မင်းငြင်းချင်ငြင်း ..
ဟိုး ရှေးရှေးတုန်းက ကလယ်ကုလားတွေ တိုင်းပြည်ရဲ့ ချောင်းသာတို့ ငပလီတို့လို ကမ်းခြေ (Beach) တစ်ခုမှာ ကလယ်ကုလားလေး ညီအစ်ကိုနှစ်ကောင်ဟာ ကမ်းခြေစောင့် လုပ်စားကြသတဲ့"

"မင်းဥစ္စာ တယ်ခေတ်မှီပါလားဟ၊ Bay Watch တို့ ဘာတို့ ဇာတ်လမ်းတွဲတွေထဲက မင်းသားတွေလိုပေါ့"

"ဒါပေါ့ဟ၊ အဲဒီ ညီအစ်ကို နှစ်ယောက်က ကုလားလေးတွေသာ ဆိုတယ် ဘော်ဒီတောင့်တောင့် ခပ်ဖြောင့်ဖြောင့်ဆိုပဲ၊ အဲဒီတော့ သူတို့ ညီအစ်ကို ကမ်းခြေစောင့် လုပ်စားတဲ့ Beach မှာ ကလယ် ကုလားမလေးတွေနဲ့ စည်ကားနေတာပေါ့ကွာ၊ ကမ်းခြေစောင့် အလုပ်ဆိုတာကလည်း မင်းသိတဲ့အတိုင်းကိုး သေမင်းရဲ့၊ ကမ်းခြေတစ်လျှောက် လာအပန်းဖြေတဲ့ လူတွေ ရေနစ်နေရင် ဆယ်ပေးရတယ်၊ ပစ္စည်းပျောက်တာတို့၊ လှိုင်းစီးတဲ့ ဘော်ယာတို့၊ Banana Boat တို့၊ ရေပေါ်စီးရတဲ့ ဆိုင်ကယ်လိုဟာမျိုးတို့ ရှာပေး ငှားပေးရတာမျိုးတွေ တောက်တိုမယ်ရ လုပ်ပေးရတာပေါ့ကွာ၊ အဲဒီလိုနဲ့ တစ်နေ့ကျတော့ အဲဒီ ကုလားညီနောင် ကမ်းခြေမှာ ဆူနာမီ မိပါလေရော"

"အဲဒီတုန်းက ဆူနာမီကို ငါမသိလိုက်ရပါလား"

"မင်း လျှောက်သွားနေလို့ ဖြစ်မှာပေါ့ သေမင်းရ၊ အဲဒီလို ကုလားကမ်းခြေဆူနာမီ မိတော့ ဘာပြောကောင်းမလဲကွာ၊ ကုလားသိုက် ကျားဝင်ကိုက်တာထက်ဆိုးတော့တာပေါ့၊ ကုလားလေး ညီနောင်လည်း ဆူနာမီနဲ့ မျောပါလာလိုက်တာ အိန္ဒိယသမုဒ္ဒရာကြီး တစ်ခုလုံးဖြတ်ပြီး တို့မြန်မာပြည် အောက်ဘက် သထုံမှာ လာတင်နေတယ်၊ သေတော့ မသေကြဘူးတဲ့"

"တော်တော်ပြင်းတဲ့ ဆူနာမီပါလား၊ ကုလား နှစ်ကောင်ကလည်း အသက်ပြင်းပါ့ကွာ၊ ဆူနာမီ မိတာတောင် မသေဘူးဆိုတော့ ..."

"အဲဒါကြောင့် ငါပြောတာပေါ့ သေမင်းရဲ့ .. အခုခေတ် စူပါမင်းထက် ဆရာကျပါတယ်ဆို၊ စူပါမင်း ဖြစ်မလာခင်တောင် ဆူနာမီမိတာ မသေတဲ့ ကုလားကွ၊ အဲဒီ ကုလားလေးညီနောင် သထုံမှာ လာတင်နေတာကို ဝိဇ္ဇာလမ်း လိုက်နေတဲ့ ရသေ့ကြီးတစ်ပါးက သွားတွေ့တာကိုး၊ အဲဒီတော့ ရသေ့ကြီးက ဒီရေမျောကမ်းတင် မတရာဇီ နှစ်ယောက်တော့ ငါမကယ် သေဖွယ်ရာသာရှိတယ် ဆိုပြီး ကုလားညီနောင်ကို တောထဲက သူ့ကျောင်း ခေါ်သွားတယ်၊
ကျောင်းရောက်တော့ ကလယ်ညီနောင်က သတိပြန်လည်လာပြီး ရသေ့ကြီးကို မေးတယ် 'ဟရေး နာတို့ ဘယ်ရောက်နေသလဲ' ပေါ့၊ အဲဒီတော့ ရသေ့ကြီးက 'နင်တို့နှစ်ကောင် ဆူနာမီမိပြီး မျောလာတာ အခု သထုံရောကနေတယ်' ပေါ့၊ ကလယ်ညီနောင်လည်း တော်တောလန့်သွားပြီး 'အဘားဘား နာတို့ တဝကြီး မျောလာပါလား' လို့ ပြောတယ်၊ ရသေ့ကြီးက 'နာမည် ဘယ်လိုခေါ်လဲ' မေးတော့ အကြီးကောင်က ဖြေတယ်၊ 'နာ့နာမည်နော် မဟာစွပ်ပရား ခေါ်တယ်၊ နာ့ညီနာမည်နော် ဆူဋ္ဌစွပ်ပရား ခေါ်တယ်' ဆိုတော့ ရသေ့ကြီးက 'နင်တို့ နာမည်တွေခေါ်ရတာ ရှုပ်တယ်၊ ငါနာမည် အသစ်ပေးမယ် မှတ်ထား' ဆိုပြီး အကြီးကောင်ကို ဗျတ်ဝိ အငယ်ကောင်ကို ဗျတ္တလို့ နာမည်ပေးလိုက်တယ်၊ အဲဒီလိုနဲ့ ကလယ်ကုလား ညီအစ်ကိုလည်း ရသေ့ကြီးကျောင်းမှာ သောင်တင်နေတာပေါ့"

'ဟေ့ကောင် မင်းပုံပြင် ငါသိသလိုလို ရှိတယ်နော်'

'နားထောင်စမ်းပါ သေမင်းရယ်၊ မင်းမသိပါဘူး၊ စွတ်ပရား ဆိုတဲ့ နာမည်ကနေမှ ကာလရွေ့လျောပြီး စူပါမင်း ဖြစ်သွားတာ၊ ဗျတ်ဝိ ဗျတ္တဆိုတာ မဟာစူပါမင်းနဲ့ စူဋ္ဌစူပါမင်းဟ၊ နားထောင် ... တနေ့ကျတော့ ရသေ့ကြီးက တောထဲမှာ ဆေးမြစ်လျှောက်တူးတုန်း ဗိုက်နာလာတာနဲ့ ကျောက်ဖျာကြီးတစ်ချပ်ပေါ် တက်ပြီး ကိစ္စရှင်းလက်တယ်တဲ့၊ အဲဒီ ကျောက်ဖျာကြီးက ဇော်ဂျီတစ်ကောင် ဆေးလာ လာကြိတ်တဲ့ ကျောက်ဖျာမှန်း ရသေ့ကြီးက မသိဘူး၊ ကိစ္စရှင်းပြီး သူ့ဟာသူ ဆေးမြစ်လျှောက်တူးနေတယ်၊ အဲဒီတုန်းမှာ ဇော်ဂျီက ဆေးကြိတ်ဖို့ တောင်ဝှေးလေးထမ်းပြီး လေလေး တချွန်ချွန်နဲ့ ကျောက်ဖျာဆီလာရော၊ ကျောက်ဖျာနားရောက်တော့ သူဆေးကြိတ်တဲ့ ကျောက်ဖျာပေါ်မှာ ရသေ့ကြီး ပါထားခဲ့တဲ့ လတ်လတ်ဆတ်ဆတ် အပုံကြီး သွားတွေ့တော့ အရမ်း ဒေါသဖြစ်သွားတာပေါ့၊ အဲဒါနဲ့ ဘယ်သူ လုပ်သွားတဲ့ အပုံမှန်း သိရအောင် ဆားပုလင်းဂုတ်ကျား သွားခေါ်ပြီး စုံထောက်ခိုင်းတယ်၊ ဆားပုလင်းဂုတ်ကျားက အပုံကြီးကို သေချာ ရှုကြည့်တယ်၊ ပြီးတော့ ဇော်ဂျီကို ဘာမှမပြောဘူး၊ မီးတောင်တံဆိပ် စီးကရက်တစ်လိပ် ထုတ်ပြီး'

'ဆားပုလင်းဂုတ်ကျား သောက်တာ ရေခဲတောင် တံဆိပ်ပါဟ'

'ဘာတောင် ဖြစ်ဖြစ်ကွာ၊ အငွေ့ထွက်ရင် ပြီးရောပေါ့၊ မင်းကလည်း လာတိကျနေသေးတယ်၊ ပြောနေတာတောင် ဘယ်ရောက်သွားလဲ မသိဘူး'

'ဆားပုလင်းဂုတ်ကျား အပုံကြီး ရှုကြည့်တယ်ကွာ၊ ပြီးတော့ စီးကရက်'

'အေးအေး ဟုတ်ပြီ၊ ပြီးတော့ ဆားပုလင်းဂုတ်ကျားက စီးကရက်ကို နှုတ်ခမ်းထောင့်မှာ ဟန်ပါပါတပ်ပြီး မီးခြစ်ကို ထောက်ခနဲ

ခြစ်လိုက်တယ်၊ ဒါပေမဲ့ မီးမညှိသေးဘူး၊ မီးတောက်ကို မျက်လုံးစွေပြီး ဟန်ပါပါကြည့်လိုက်သေးတယ်၊ ပြီးမှ မီးညှိပြီး မီးခိုးတွေကို မိုးပေါ် မှုတ်ထုတ်လိုက်တယ်၊ ပြီးတော့ ဘာတစ်ခွန်းမှ မပြောဘူး၊ မျက်လုံးတွေကို မှေးပြီး အကြာကြီး စဉ်းစားနေတယ်၊ ဇော်ဂျီက မနေနိုင်ဘူး၊ သိပ်ဒေါပွနေတာ၊ သူ့ကျောက်ဖျာပေါ် ဘယ်သူ ဒီလိုလုပ်သွားလဲဆိုတာ သိပ်သိချင်နေပြီ၊ အဲဒါနဲ့
ဆားပုလင်းဂုတ်ကျားကို မေးတယ် "အိုင်ဆေး ကိုဂုတ်ကျား ဒါဘယ်သူ လုပ်သွားတဲ့ အပုံကြီးလဲ" တဲ့၊ ကိုဂုတ်ကျားက အထင်သေးတဲ့ အကြည့်နဲ့ ဇော်ဂျီကို တစ်ချက်ကြည့်တယ်၊ ပြီးတော့မှ ဇော်ဂျီရဲ့ မျက်ခုံးနှစ်ခုကြားကို သေသေချာချာ စိုက်ကြည့်ပြီး ဘိလပ်သား ဘိုစစ်စစ်တွေတင်မက အင်္ဂလန်ဘုရင်မကြီးထက် ပိုပီသတဲ့ လေယူလေသိမ်းနဲ့ အင်္ဂလိပ် လို ပြောလိုက်တယ်၊
I Don't Know တဲ့၊
ဇော်ဂျီလည်း ဘာလုပ်ရမှန်းမသိဖြစ်သွားပြီး အနီးအနားမှာ သူ့ဟာသူ လိုက်ရှာတယ်၊ ဆားပုလင်းကတော့ ကျောက်ဖျာနားမှာပဲ ရသေ့ကြီးယိုသွားတဲ့ အပုံကြီးကို ညားခါစ ဇနီးသည် မျက်နှာလိုမျိုး သဘောထားပြီး တစိမ့်စိမ့် ကြည့်ရင်း ကန်ခဲ့တယ်၊
ဇော်ဂျီလည်း လိုက်ရှတော့ မလှမ်းမကန်းမှာ ဆေးမြစ်တူးနေတဲ့ ရသေ့ကြီးကို တွေ့ရော၊ အဲဒါနဲ့ ကျောက်ဖျာပေါ်က အပုံကြီးကိစ္စ သွားမေးရင်းနဲ့ တစ်ယောက်တစ်ခွန်း စကားများကြတာ ရသေ့ကြီး ဒေါသထွက်လာပြီး ဇော်ဂျီ လက်ထဲက တောင်ဝှေးလုလို့ ဇော်ဂျီကို ဆော်လိုက်တာ တစ်ချက်ထဲနဲ့ ဇော်ဂျီ မာလကကုပ်သွားရော ဆိုပဲ၊ ဇော်ဂျီသေတော့ ရသေ့ကြီးလည်း လန့်သွားပြီး ငါဆော်တာ ဘယ်သူများ မြင်လိုက်သလဲလို့ အနီးအနား ကြည့်တော့ ခပ်တည်တည် ရပ်လို့ ကောင်းကင်ကြီးကို မော့ကြည့်ပြီး စီးကရက် တဖွားဖွား လုပ်နေတဲ့ ဆားပုလင်းကို တွေ့သွားပြီလို့ ထင်တော့ ဆားပုလင်းကို သွားပြောတယ် "အိုင်ဆေး ကိုဆားပုလင်း ဇော်ဂျီ သေပြီဗျ" လို့ ဆိုတော့ ဆားပုလင်းက "ဒါဆို တရားခံနေတာက အင်းစိန်မှာပဲ ဖြစ်ရမယ်" ဆိုပြီး ဘောက်ဆတ် ဘောက်ဆတ်နဲ့ ထွက်သွားတော့ ရသေ့ကြီးလည်း ဘာဆက်လုပ်ရမှန်း မသိဖြစ်ပြီး ဆားပုလင်း ပစ်ချသွားတဲ့ စီးကရက်မီးနဲ့ ဇော်ဂျီကို ဖုတ်လိုက်တာ (၁၉)လမ်းက ဝက်ပေါင်ခြောက်ပြားလို ဖြစ်သွားရောဆိုပဲ၊ ရသေ့ကြီးလည်း ဇော်ဂျီ ဝက်ပေါင်ခြောက်ပြားကို ထမ်းပြီး ပြန်လာလို့ ကျောင်းရောက်တော့ ဗျတ်ဝိ ဗျတ္တကို ဇော်ဂျီ ဝက်ပေါင်ခြောက်ပြားကြီး ပေးထားခဲ့ပြီး ရေသွားချိုးတာ နေပူထဲက ပြန်လာပြီး ချက်ချင်းရေချိုးတော့ လေဖြတ်သွားရောတဲ့၊ ရသေ့ကြီး လေဖြတ်သွားတော့ ကုလားလေး ညီအစ်ကိုလည်း စိတ်ညစ်ညစ်နဲ့ ဘာလုပ်ရမှန်းမသိလို့ ဇော်ဂျီ ဝက်ပေါင်ခြောက်ပြားကြီးကို တစ်ယောက် တစ်ဝက်ခွဲ စားလိုက်တာ မဟာစွတ်ပရား စူဠစွတ်ပရားကနေ မဟာစူပါမင်း စူဠစူပါမင်းတွေ ဖြစ်ကုန်ရော ဆိုပဲ'

---

'နေစမ်းပါဦး .. ဗျတ်ဝိ ဗျတ္တက ဇော်ဂျီ ဝက်ပေါင်ခြောက်ပြားကြီးကို ဘာမှန်းမသိ စားတာပဲလား'

'အဲဒီ ညီအစ်ကိုက အစားသိပ်သောင်းကျန်းတာ သူငယ်ချင်းရဲ့၊ သူတို့ ညီအစ်ကို အစားသောင်းကျန်းခဲ့လို့ သထုံကုလား အကုန်စားတယ် ဆိုပြီး စကားတောင်တွင်ကျန်ခဲ့တော့ နောက်လူတွေ နာမည်ပျက်ရတာပေါ့၊
အဲဒီလိုနဲ့ ကလယ်ညီနောင် စူပါမင်းတွေဖြစ်ကုန်တော့ ပါဝါတွေ ငယ်ထိပ်တက်ဆောင့်ပြီး ခုန်ဆွခုန်ဆွနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတာနဲ့ ထင်ရာလျှောက်လုပ်ကြပါရော၊
သူတို့ ညီအစ်ကိုနဲ့ ရသေ့ကြီးနေတဲ့ တောကျောင်းကို မပြီး ဟိုရွှေ့သည်ရွှေ့ လုပ်လိုလုပ်၊ သေသွားတဲ့ ဇော်ဂျီဆေးကြိတ်တဲ့ ကျောက်ဖျာကြီးပိ ယပ်တောင်လုပ် ခတ်လိုခတ်၊ လေဖြတ်နေတဲ့ ရသေ့ကြီးကို အာကာသထဲ ခေါ်သွားလို သွား၊ အင်္ဂါဂြိုလ်ကြီးကို ဘောလုံးလုပ် ကန်လိုကန်၊ ကမ္ဘာကြီးကို ပြောင်းပြန် ပြန်လှည့်လိုလှည့်၊ နေပူတယ်ဆိုပြီး နေလုံးကြီးကို ရေနဲ့ သွားလောင်းလိုလောင်းနဲ့ ခုခေတ် စူပါမင်းထက် ဆယ်ဆလောက် သောင်းကျန်းနေကြတာပေါ့၊ သူတို့ ဆရာ ရသေ့ကြီးလည်း လေဖြတ်လို့ စိတ်ညစ်နေရတဲ့ကြားထဲ ကုလားလေး နှစ်ကောင် သောင်းကျန်းနေတာ မျက်စိနောက်လာတော့ "နင်တို့ နှစ်ကောင် လျှောက်ဆော့နေမယ့်အစား ရေနံတွင်းတူးတမ်း ကစားကြည့်ကြပါလား" လို့ ကျပ်ပေးလိုက်တယ်၊ ကုလားဆိုတာ ရေနံတွင်းတူး အင်မတန် ဝါသနာပါတာကိုး၊ ညီအစ်ကို နှစ်ယောက်လည်း ရသေ့ကြီးပေးတဲ့ အကြံကို သဘောကျသွားပြီး တောထဲမှာ ရေနံတွင်းတွေ လျှောက်တူးလို့ အရှေ့အလယ်ပိုင်းကို သွားရောင်းစားနေကြတယ်၊ ရသေ့ကြီးကတော့ ဒီကောင်တွေ လိုင်စင်မခံပဲ တောထဲမှာ ရေနံခိုးတူးနေတာ သိပ်မကြာဘူး အဖမ်းခံရမှာပဲ၊ ဒါမှ ငါလည်း မျက်စနောက် သက်သာမှာ ဆိုပြီး ပြုံးပြုံးကြီး ကြည့်နေတယ်၊ ထင်တဲ့အတိုင်းပဲ၊ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ တောထဲမှာ ကုလားနှစ်ကောင် ရေနံတွေ ခိုးတူးနေတယ်ဆိုတဲ့ သတင်း သထုံဘုရင်နား ကြားသွားတယ်၊ အဲဒါနဲ့ ဘုရင်က ကုလားညီနောင်နေတဲ့ ဒေသနားက မြို့စား တစ်ယောက်ခေါ်ပြီး မတရာစီနှစ်ကောင်ကို ဖမ်းလာခဲ့လို့ အမိန့်ပေးလိုက်တယ်၊ စွတ်ပရားညီအစ်ကိုလည်း သူတို့ကို လာဖမ်းတော့မယ် ကြားတော့ အငယ်ကောင်က ကြောက်ကြောက်နဲ့ ထွက်ပြေးသွားတာ ပုဂံပြည်အထိ ရောက်သွားရော၊ အကြီးကောင်က မကြောက်ဘူး၊ စွတ်ပရားကို လာဖမ်းတယ်နော် တစ်ခါထဲ လုပ်လွှတ်လိုက်မယ်လို့ ကြိမ်းပြီး သူ့တောထဲက ရေနံတွင်းတွေ နားမှာပဲ လောဘဇောတိုက်နေတယ်၊ မြို့စားလည်း လာဖမ်းရော ကုလားက ရိုးရိုးကုလား မဟုတ်ဘဲ စူပါမင်းကုလား ဖြစ်နေတော့ ဖမ်းမရဘူး၊ ရဲမက်တွေ တစ်အုပ်ကြီးနဲ့ ဘယ်လောက်ခေါ်သွားပြီး သွားဖမ်းဖမ်း စွတ်ပရားက ကလိထိုး ထိုးလွှတ်လို့ ခက်နေကြတယ်၊ မြို့စားလည်း စိတ်ညစ်နေတာပေါ့၊ မြို့စား ညစ်နေတာကို သူ့သမီးတွေ့တော့ "ဘာဖြစ်နေလဲ" မေးတယ်၊ မြို့စားက စွတ်ပရား ဒုက္ခပေးနေတဲ့အကြောင်း ပြောပြတော့ သူ့သမီးက ပြောတယ်၊ "ဒက်ဒီကလည်း ဒါများ စိတ်ညစ်မနေပါနဲ့၊ Piece of cake ပါ" ဆိုပြီး စွတ်ပရားကို သူတစ်ယောက်ထဲ

‘သွားဖမ်းမယ်လို့ ပြောပြောဆိုဆို ထက်သွားတယ်’

‘လူအများကြီး သွားဖမ်းတာတောင် ကလိထိုးလွှတ်လို့ အကုန်ယားပြီး ပြန်လာရတာ သူတစ်ယောက်တည်း သွားလို့ကတော့ ယားပြီး သေတောင် သွားဦးမယ်’

‘နားထောင်ဦး သေမင်းရဲ့ .. မိန်းမဆိုတာ ကြောက်စရာ ကောင်းတယ်ဟ၊ ငါပြောပြမယ်၊ မြို့စားသမီး တောထဲရောက်သွားလို့ စွတ်ပရားနဲ့ တွေ့တော့ “ဟရေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက် အိုစာနေတာ ကန်မလေး နင့်နာမည် ဘယ်လိုခေါ်တုံး” မေးတော့ မြို့စားသမီးက ပြောတယ်၊ “ကျွန်မနာမည် မအိုဇာ” တဲ့၊ စွတ်ပရားက “နင်ဘာလာလုပ်တာလဲ” ဆိုတော့ မအိုဇာက ပြောတယ်၊ “မြို့ထဲမှာ ရှုရှတ်ခန်းကား ရုံတင်နေတာ သွားကြည့်မလို့ အဖော်မရှိလို့ လာခေါ်တာ” တဲ့၊ စုပါစွတ်ပရား တွေသွားတယ်၊ သူလည်း ရှုရှတ်ခန်းကား ကြိုက်တာကိုး၊ ဒါပေမဲ့ ရေနံတူးပြီး သူဌေးဖြစ်နေတဲ့ စုပါစွတ်ဆိုတော့ ကြီးကျယ်တယ်၊ “နင် ဘယ်က ကြည့်မှာလည်း ဒီစီလား စတောလား” မေးတော့ “ဒီစီနှစ်ယောက်တွဲ ခုံအတွက် Booking လုပ်ထားတယ်” လို့ မအဇာက ဖြေတယ်၊ စုပါစွတ် စိတ်ပါသွားတယ်၊ ဒါပေမဲ့ သိပ်မသင်ကာသေးဘူး၊ “ရုပ်ရှင်သွားကြည့်ရင် နင်ငါ့ကို ဘာဝယ်ကျွေးမှာလဲ” မေးတော့ “ဟမ်ဘာဂါထဲမှာ ကွမ်းယာညှပ်ကျွေးမယ်” လို့ ပြောတယ်၊ စုပါစွတ်လည်း ရုပ်ရှင်တစ်ပွဲသွားကြည့်တာလောက်နဲ့တော့ ဒုက္ခမရောက်လောက်ပါဘူးလို့ တွေးပြီး မအိုဇာနဲ့ လိုက်သွားတယ်၊ ရုပ်ရှင်ရုံရောက်တော့ မအိုဇာက ဟမ်ဘာဂါထဲမှာ ကွမ်းယာအစား ပဒိုင်းသီး ညှပ်ကျွေးလိုက်လို့ ရုံထဲမှာ စုပါစွတ် ရူးနေတုန်း အဆင်သင့် ဖွက်ယူလာတဲ့ ဂါဝန်နဲ့ အုပ်ပြီး ကြိုးတုပ်ထည့်လိုက်တာ စုပါစွတ်ကို ကွိခနဲ မိရော၊ မအိုဇာလည်း ဆားပုလင်းခေါ်ပြီး စုပါစတ်ကို အပ်လိုက်တယ်၊ ဆားပုလင်းက ပြောသွားသေးတယ်၊ တရားခံ ပဲခူးမှာမှတ်လို့ လိုက်ရှာနေတာတဲ့’

---

‘အဲဒါနဲ့ ပြီးသွားရောလား’

‘မပြီးသေးဘူးဟ၊ မဟာစုပါမင်း ဗျတ်ဝိကို ကြိုးစင်ပို့တော့ ဘယ်လိုလုပ်လုပ် မသေဘူး ဖြစ်နေသေးတာ’

‘ဟင် ဘာဖြစ်လို့လဲ’

‘သူက စုပါမင်းလေကွာ၊ တော်ရုံနဲ့ မသေဘူး၊ စိတ်တင်းထားတာကိုး၊ အဲဒါနဲ့ မင်းချင်းတွေက မအိုဇာကို သွားပြောတယ်၊ စုပါစွတ်ကို သတ်မရဘူးပေါ့၊ မအိုဇာလည်း မအားရတဲ့ ကြားထဲ ဒင်းကတစ်မျိုး ဆိုပြီး ဗီရိုထဲက ဂါဝန်တစ်ထည် ဆွဲထုတ်ပြီး လိုက်လာတယ်၊ စုပါစွတ်ရှေ့ ရောက်တော့ “ဟဲ့ကောင် နင်မသေသေးဘူးဆို ငါ ထပ်လုပ်လိုက်ရမလား” ဆိုပြီး ယူလာတဲ့ ဂါဝန်ပြလိုက်မှ စုပါစွတ်လည်း “စုပါမင်း အားလုံး ခံနိုင်ရည်ရှိတယ်၊ ဒီလောက် အနံ့အသက်ဆိုးတဲ့ ဂါဝန်နဲ့တော့ ထပ်အုပ်တာ မခံနိုင်ဘူး၊ သေပစ်တာပဲ အေးမယ်” ဆိုပြီး သေပစ်လိုက်တော့မှ တကယ် သေသွားရောဟ’

‘သေသွားတော့ ပြီးပြီပေါ့’

‘မပြီးသေးဘူး၊ စုပါစွတ်သေသွားတော့ သူ့သတ်တဲ့ ပါးကွက် အာဏာသားတွေက ဒီလို တိုင်ပင်တယ်၊ “ဒီစုပါမင်းကို ချက်စားရင် ငါတို့လည်း နည်းနည်းတော့ စွမ်းလာမယ်” ဆိုပြီး တုံးတစ်ပြီး ချက်စားဖို့လုပ်ကြတာ ခုတ်လို့ ထစ်လို့ လှီးလို့ ဖြတ်လို့ မရတာနဲ့ တော်တော် အကြောမာတဲ့ကုလား ဆိုပြီး သစ်စက်မှာ လွှနဲ့ လေးပိုင်း သွားပိုင်းပြီး မြို့ရိုးလေးထောင့်မှာ စိတ်ဆိုးဆိုးနဲ့ မြုပ်ထားလိုက်ကြတယ်၊ သထုံဘုရင်ကလည်း ဂုဏ်ယူတာပေါ့၊ ငါတို့မြို့ကို စုပါမင်းသရဲ စောင့်ခိုင်းထားတယ်လို့ သတင်းလွှင့်တာ ပုဂံက အနော်ရထာဘုရင်ကြီး ကြားသွားပြီး ဘာစုပါမင်းစောင့်တာလည်း လူဝါးဝလို့ ငါသွားတိုက်ပြမယ် ကြည့်ဆိုပြီး သထုံကို လာတိုက်တာ သထုံဘုရင်ရှုံးတော့ အားလုံး ဖမ်းသွားရော’

‘မင်းပြောတော့ အခုခေတ် စုပါမင်းက ဗျတ်ဝိ၊ ဗျတ္တ စုပါစွတ်ညီအစ်ကိုနဲ့ မြေးအဘိုးတော်တယ်ဆို’

‘အဲဒါ ဗျတ္တဘက်က တော်တာဟ၊ အကြီးကောင် ဗျတ်ဝိဘက်က တော်တာမဟုတ်ဘူး၊ သေမင် .. နောက်ဆို မင်းမှတ်ထား သူငယ်ချင်းရဲ့၊ အလကားနေရင်း ရုပ်ရှင်တွေ့တိုင်း ဝင် ဝင် မကြည့်ချင်နဲ့၊ စုပါမင်းဗျတ်ဝိလို ဂါဝန်နဲ့ အအုပ်ခံရတတ်တယ်၊ ဘာမှတ်လဲ’

'အေးပါကွာ၊ ကြောက်စရာပဲ .. ငါ နောက်ဆို ဆင်ခြင်ပါ့မယ်'

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

---

## ၃၈ Fantastic Four

ကျွန်ုပ်နှင့် သေမင်းသည် အိမ်ပြန်ရောက်သည် ရှိသော် နှစ်ယောက်သား ပျင်းပျင်း ရှိကြသဖြင့် သေမင်း၏ ရုပ်ရှင်ကြည့်ချင်နေသော ချဉ်ခြင်းလည်း ပြေစေရန်အလို့ငှာ ဒီဗီဒီ တစ်ခွေ ကြည့်ရန် ကြံကြလေ၏၊ ဤတွင် ကျွန်ုပ်သည် ရာဇဝင်ကားမျိုး ကြည့်ချင်သော်လည်း စူပါမင်းကားလို ထူးဆန်းတာမျိုးသာ ကြည့်ချင်သည်ဟု သေမင်းက အမျိုးမျိုး ဆိုနေသဖြင့် နောက်ဆုံး Fantastic Four သာထိုးကြည့်ရလေ၏။ အနီဇာတ်ကားပါ လူစွမ်းကောင်းလေးယောက်၏ အထူးထူးသော တန်ခိုးတို့ကို သေမင်းက သဘောကျသည့်အလျောက် ကျွန်ုပ်မှာလည်း ဇာတ်ကားပါ မင်းသမီး ဂျက်ဆီကာအယ်လ်ဘာကို ငမ်းနေခိုက် အတ္တာပြုသွား၍ ကြည့်မရတော့ရာ သေမင်းနှင့် ကျွန်ုပ်မှာ ဒေါပွကြလေ၏။ ကျွန်ုပ်မှာ တော်ရုံသာ ဒေါသဖြစ်သော်လည်း သေမင်းမှာမူ တဖြည်းဖြည်း ဒေါသကြီးလာကာ ဒေါသပုန်ထနေသဖြင့် သူ့စိတ်ပြေရာပြေကြောင်း အလို့ငှာ ကျွန်ုပ်က

'သူငယ်ချင်းရယ် စိတ်ထိန်းစမ်းပါ၊ နောက် ပြန်ကြည့်လို့ရတာပဲဟာကို'

'မဟုတ်ပါဘူးကွာ၊ အရသာ ပျက်သွားလို့ ငါ ဒေါသဖြစ်နေတာ'

'ဘာမှ ဒေါသဖြစ်မနေနဲ့၊ ငါပြောပြမယ်'

'တော် တော် ဟေ့ကောင် .. ရုပ်ရှင်ကြည့်နေရင်း ဇာတ်လမ်းကို လာကြိုမပြောပြနဲ့၊ အဲဒါကို ငါပိုဒေါသထွက်တယ်နော်'

'မဟုတ်ပါဘူးဟ၊ နားထောင်စမ်းပါဦး၊ ငါပြောပြမှာ မင်း Fantastic Four မဟုတ်ဘူး၊ အဲဒါထက် အများကြီးစောတဲ့ မူလ "ဖန်တက်စတစ်ဖိုး" တွေအကြောင်းဟ၊ ဘာအောက်မေ့လို့လဲ၊ မင်း အခုကြည့်နေတဲ့ ဟာတွေထက် အများကြီး ပိုစောပြီး ပိုလည်းစွမ်းတယ်'

'တော်စမ်းကွာ၊ ဒေါသဖြစ်ရတဲ့အထဲ ပေါက်ကရတွေ လျှောက်မပြောချင်စမ်းနဲ့'

'ဘာမှ ပေါက်ကရ မဟုတ်ဘူး၊ မင်းက နှယ်နှယ်ရရ မှတ်လို့လား၊ ငါပြောမယ့် အကြောင်းအရာက ရာဇဝင်လာ Fantastic Four ဟ'

'သေမင်းပေမဲ့ သမိုင်းတော့ နည်းနည်းသိသေးတယ် ကိုယ့်လူ၊ ငါ့လာမပတ်နဲ့၊ ဘယ်ရာဇဝင်မှာမှ Fantastic Four မရှိဘူး'

'ဘာလို့ မရှိရမှာလဲ၊ ပုဂံရာဇဝင်မှာ ရှိတယ် ကိုယ့်လူ .. ရှိတာမှ နဂိုလေးယောက်မှာ ခုန ငါပြောခဲ့တဲ့ သထုံက ထွက်ပြေးလာတဲ့ စူပါမင်းဗျတ္တ တစ်ယောက် ထပ်တိုးလို့ Fantastic Five တောင် ဖြစ်သွားသေး၊ မင်းအခု ကြည့်နေတဲ့ ရုပ်ရှင်ထက်သာသေးတယ်၊ ဒါပေမဲ့ မင်းသမီးတော့ မပါဘူး၊ အားလုံး မင်းသားတွေချည်းပဲ၊ နားထောင်မလား ငါပြောပြမယ်'

'အေး လုပ်စမ်းကွာ၊ ရုပ်ရှင်လည်း ဆက်ကြည့်လို့ မရတော့တဲ့ အတူတူ'

'ဒါဆို နားထောင် ဒီလိုဟ .. ပုဂံ Fantastic Four ဆိုတာ ရှေးတုန်းက ပုဂံ ဆိုတဲ့ တိုင်းပြည်ကြီးမှာ အနော်ရထာဆိုတဲ့ လူကြီးက ဘုရင်ဆိုတဲ့ အလုပ်ကို လုပ်နေရောတဲ့.'

'ကောင်းကောင်းပြော ဟေ့ကောင် .. ပုဂံဆိုတဲ့ တိုင်းပြည်မှာ အနော်ရထာဆတဲ့ လူကြီးက ဘုရင်ဆိုတဲ့ အလုပ်ကို မလုပ်ခင် ငါဆိုတဲ့ သေမင်းက မင်းဆိုတဲ့ အရိုးရဲ့ နရင်းဆိုတဲ့ဟာကို လက်ဝါးဆိုတဲ့ဟာနဲ့ နှံလိုက်ရ'

'နရင်းရိုက်လိုက်မယ် ပြောလည်း ရတာကို လျှာရှည်လိုက်တာ သေမင်းရာ'

'ဟ .. မင်းအရင် လျှာရှည်တာကွ'

'အေးပါကွာ ထားပါတော့၊ မင်းငြိမ်ငြိမ် နားထောင်စမ်းပါ၊ ပုဂံပြည်ကြီးမှာ အနော်ရထာဘုရင်ကြီး အုပ်ချုပ်နေစဉ် ကာလကပေါ့ကွာ၊ ထီးတွေ လှိုင်လှိုင်ထွက်တဲ့ ထီးလှိုင်ဆိုတဲ့ အရပ်မှာ ...'

'ထီးတွေ လှိုင်လှိုင်ထွက်တဲ့ အရပ်ဆိုတော့ ဟိုအဆိုတော်ကြီး ဗိုလ်ထီးရော အဲဒီမှာနေသလား စိုင်းထီးဆိုင်လေ၊ လှိုင်လှိုင်ထွက်တယ်ဆိုတော့ နန္ဒာလှိုင်လည်း အဲဒီအရပ်သူ ဖြစ်မှာပေါ့'

'ဟယ် .. ဘာတွေ လျှောက်ပြောနေတာတုံး၊ ဦးထီးဆိုင်က ကမ္ဘောဇသား၊ မနန္ဒာက မော်လမြိုင်ဘက်က ဇာတိဟဲ့၊ ထီးလှိုင်ဆိုတာက ပုဂံနားက အညာမှာဟ၊ ဘာမှ မဆိုင်ဘူး'

'မသိဘူးလေကွာ၊ ငါလည်း ထင်တာပြောတာ'

'မသိဘဲ ဝင် ဝင်မပြောစမ်းပါနဲ့ သေမင်းရယ်၊ ငြိမ်ငြိမ်နေစမ်းပါ'

'ငါ့ကျ လာပြောနေတယ်၊ မင်းတို့လူတွေကမှ မသိဘဲ ဝင် ဝင်ပြောတတ်တာ'

'ဟုတ်ပါပြီ၊ ကျေးဇူးရှင်ရယ်၊ ငါပြောပါရစေဦး၊ သည်းခံပါနော်၊ တစ်ဆိတ်ငြိမ်ငြိမ် နားထောင်စမ်းပါ၊ ငါပြောနေတုန်း အရစ်မရှည်ချင်စမ်းပါနဲ့၊ ဟုတ်ပလား'

'ပြီးရော ပြော'

'အဲလို လုပ်ပါဟ၊ အဲဒ ထီးလှိုင်ဆိုတဲ့ အရပ်မှာ ကျန်စစ်သားဆိုတဲ့ ဟီးရိုးတစ်ယောက်ရှိတယ်ကွ၊ သူက အဲဒီ ထီးလှိုင်အရပ်ရဲ့ ပိုင်ရှင်၊ ထီးလှိုင်ရှင်ပေါ့ကွာ'

---

'ကျန်စစ်သား ဆိုတော့ ကျန်ကျောင်းနဲ့ ဘာတော်လဲ'

'ကျန်ကျောင်း စီးပွားပျက်တုန်းက ပုဂံမှာ ဝက်ခေါင်းသုတ် ရောင်းစားရအောင် အရင်းအနှီး ထုတပေးတာ ကျန်စစ်သားပေါ့'

'တရုတ်ကို အရင်းပြန်ထုတ်ပေးတဲ့ မြန်မာ အရင်းရှင်ပါလား'

'အေး'

'ပေါက်ပေါက်ရှာရှာကွာ'

'မင်းက ဘာလို့ ကတ်သီးကတ်သတ်မေးတုံး'

'ဟ မင်းပြောတဲ့ မြန်မာဟီးရိုးက ငါကြားဖူးတဲ့ တရုတ်ဟီးရိုးနဲ့ ကျန်ချင်းတူနေတာကိုး'

'တော်စမ်းပါသေမင်းရာ၊ ပါးစပ်ပိတ်ပြီး နားထောင်၊ မင်း ပေါက်ကရ ဝင်မေးရင် ငါလည်း ပေါက်ကရတွေ လျှောက်ပြောမှာနော်'

'အေးပါ ငါမမေးတော့ဘူး'

'ဒါဆို နားထောင်၊ အဲဒီ ကျန်စစ်သားက ဘာစွမ်းလဲဆိုတော့ ဘယ်လောက်မြင့်မြင့် သူ့လှံနဲ့ ထောက်ခုန်ပြီး ကျော်နိုင်တယ်၊ နောက်ပြီး ဘယ်လို သတ်သတ် မသေဘူးဟ'

‘တယ်ဟုတ်ပါလား၊ ဒီလူ အိုလံပစ်တွေ ဘာတွေ ဝင်ဖူးသလား’

‘သေမင်း မင်း ဝင်ပါပြန်ပြီ’

‘ဆောရီး ဆောရီး အကျင့်ပါနေလို့’

‘အဲဒီ ကျန်စစ်သားက အနော်ရထာဘုရင်ကြီးရဲ့ တပည့်ကွ၊ တစ်နေ့ ကျန်စစ်သား နန်းတော်ထဲ လားလား လားလား တစ်ယောက်ထဲ လျှောက်သွားနေတာတွေ့တော့ ဘုရင်ကြီးက ခေါ်ပြောတယ်၊ ‘ငါ့ကောင်ကြး မင်းလည်း တစ်ယောက်တည်း ဟီးရိုးလုပ်နေရတာ ပျင်းမှာပဲ၊ ဒီတော့ မင်းလည်း အဖော်ရအောင် ငါလည်း လူစွမ်းကောင်း အမှုထမ်းတွေ ထပ်ရအောင် မင်းလို စူပါဟီးရိုး နောက်ထပ် သုံးလေးယောက်လောက် လိုက်ရှာစမ်းကွာ’ ဆိုပြီး လွှတ်လိုက်ရော’

‘နန်းတော်ထဲ လမ်းသလားနေတာ မျက်စိနောက်လို့ဖြစ်မယ်’

‘အေး အဲဒါလည်း ပါမှာပေါ့ကွာ၊ ဒါနဲ့ ကျန်စစ်သားကလည်း ပြန်မေးတယ်၊ ‘အာစရိ အနော်ရထာဘုရင်ကြီး အဲဒီလူတွေ ကျုပ်က ဘယ်နားသွားရှာရမလဲ’ ဆိုတော့ ဘုရင်ကြီးက
ငါလည်း ဘယ်သိမလဲ၊ အပျင်းပြေ ဟိုနား သည်နား လိုက်ရှာကြည့်ပေါ့’ လို့ ပြောလွှတ်လိုက်တယ်၊ ကျန်စစ်သားလည်း နန်းတော်က ထွက်လာပြီး စိတ်ညစ်ညစ်နဲ့ တစ်ယောက်တည်း မြစ်ကမ်းနား သွားထိုင်နေတယ်တဲ့၊ ညောင်ဦး ကမ်းပါးကြီးထိပ်မှာ စီးကရက်လေးဖွာပြီး ဧရာဝတီမြစ်ကြီးထဲ ငေးနေတုန်း ဘာတွေ့သလဲဆိုတော့’

‘မြစ်ထဲ သပွတ်အူကြီး မျောလာတာတွေ့ရောလား’

‘မဟုတ်ဘူးဟ၊ ဟိုဘက်ကမ်းက ငနဲတစ်ယောက် ရေထဲ ခုန်ချပြီး လာနေတာ သွားတွေ့တာကိုး၊ ကျန်စစ်သားလည်း ဟိုလူ ဘာဖြစ်လာတာလဲ မသိဘူးဆိုပြီး ညောင်ဦးကမ်းပါးထိပ်က ထိုင်ကြည့်နေတာပေါ့၊ မြစ်ကို ဖြတ်ကူးလာတဲ့လူလည်း မြုပ်ချည် ပေါ်ချည်နဲ့ ဒီဘက်ကမ်းနား တဖြည်းဖြည်း နီးလာတယ်၊ ဒါပေမဲ့ ဒီဘက်ကမ်းနား ရောက်ခါနီးမှ ခဏရပ်သွားပြီး ဟိုဘက်ကို ပြန်ကူးသွား ပြန်ရော၊ ကျန်စစ်သားလည်း ဒီငနဲ ဘာဖြစ်နေလဲ မသိဘူး ဆိုပြီး ကြည့်နေတယ်၊ ရေကူးနေတဲ့လူလည်း သူခုန်ချလာတဲ့ ကမ်းဘက် ပြန်ရောက်သွားပြီး ကမ်းစပ်က တစ်ခုခုကို ကုန်းကောက်တယ်၊ ပြီးတော့ တစ်ခါ ပြန်ခုန်ချပြီး ကျန်စစ်သားရှိတဲ့ ညောင်ဦးကမ်းပါးဘက် ပြန်ကူးလာတယ်၊ လှုပ်စိလှုပ်စိနဲ့ ကူးလာပြီး ဟိုလူ သည်ဘက်ကမ်း ကုန်းပေါ်တက်လာတော့ ညောင်ဦးကမ်းပါးကြီးပေါ်က ကျန်စစ်သားက ‘ဟေ့လူ’ လို့ လှမ်းခေါ်တယ်၊’

---

ဟိုလူက မော့ကြည့်လိုက်တော့ ကျန်စစ်သားက လက်ဟန်ခြေဟန်နဲ့ ခင်ဗျား တက်လာမလား ကျုပ် ဆင်းခဲ့ရမလား မေးတယ်၊ အဲဒီမှာ ရေကူးတဲ့လူက နေ နေဆို လက်ကာပြပြီးတော့ ညောင်ဦး ကမ်းပါးကြီးကို ကုတ်ကတ် တွယ်တက်ပြီး အပေါ်ရောက်တော့ ကျန်စစ်သား ဘေးနားလာထိုင်တယ်၊ ကျန်စစ်သားက စီးကရက်ဖွာနေတာ တွေ့တော့ “ကျုပ် တစ်လိပ်လောက် တိုက်စမ်းပါ” ဆိုပြီး ယူသောက်တယ်၊ ဒီလောက်ကျယ်တဲ့ ဧရာဝတီမြစ်ကြီးကို ခေါက်တုံ့ခေါက်ပြန် သုံးခါလောက် ဖြတ်ကူးပြီး ညောင်ဦးကမ်းပါး အမြင့်ကြီးကို ကုတ်ကတ်တွယ်တက်လာတာတောင် အဲဒီလူ ကြည့်ရတာ နည်းနည်းလေးမှ မောပုံမရဘူး၊ စီးကရက်တောင် ဖွာနေသေး၊ အဲဒါနဲ့ ကျန်စစ်သားက မေးတယ်၊ ‘ဒီမှာ ကိုရင် ခင်ဗျားဘာဖြစ်နေတုံး’ ဆိုတော့ ရေကူးတဲ့လူက ပြန်ဖြေတယ်၊ “အလကားပါဗျာ၊ အလုပ်မရှိတော့ ပျင်းလို့ ဟိုဘက်ကမ်းကူးပြီး သွားကြား သွားထိုင်ထိုးနေတာ ပြီးမှ ပိုပျင်းလာတော့ ဒီဘက် ပြန်ကူးလာတာ” တဲ့၊ အလကားနေရင်း မြစ်ဖြတ်ကူးပြီး သွားကြား သွားထိုးတဲ့လူစားမျိုးပါလားလို့ ကျန်စစ်သား ဖြုံသွားတယ်၊
ပြီးတော့ ဆက်မေးတယ်၊ “ကိုရင် သည်ဘက်ရောက်ခါနီးမှ ဘာလို့ ဟိုဘက် တစ်ခါ ပြန်ကူးသွားတာလဲ” ဆိုတော့ ဟိုလူက ဖြေတယ်၊ “ကျုပ် သွားကြားထိုးတံ ဟိုဘက်ကမ်းကျန်ခဲ့လို့ သွားပြန်ယူတာ” တဲ့၊ ပြီးတော့ ဆက်ပြောတယ်၊ “ခင်ဗျား မြင်လို့ သည်အပေါ် တွယ်တက်လာတာ” တဲ့၊ ကျန်စစ်သားက ပြောတယ်၊ “ဒီလောက် အမြင့်ကြီးဗျာ ကျုပ်ဆင်းလာမှာပေါ့” ဆိုတော့ ဟိုလူက “ခင်ဗျား ဆင်းလာနေရမှာ အားနာလို့ ကျုပ် တွယ်တက်လာတာ” တဲ့၊ စူပါဟီးရိုး ကျန်စစ်သား လေ သွားတယ်၊ ဖန်တက်စတစ် တစ်ကောင်တော့ တွေ့ပြီ ဆိုပြီး နာမည်မေးတော့ ဟိုလူက ပြောတယ်၊ “ညောင်ဦးမှာနေတာ သူ့နာမည် ငဖီးတဲ့၊ သူများက သူ့ကို ညောင်ဦးဖီးလို့ ခေါ်ကြတယ်” လို့ ဖြေတယ်၊
“ဘာလုပစားလဲ” လို့ ကျန်စစ်သားကမေးတော့ “ကုတို့ပို့စားတယ်” တဲ့၊ ကျန်စစ်သားက “ကုတို့ ပို့စားတယ်ဆိုရင် ခင်ဗျား လေ့ရော” လို့ မေးတော့ ညောင်ဦးဖီးက ဖြေတယ် “ကိုရင်ကလည်း ဘာလေ့ လိုသလဲဗျ၊ ခရီးသည်ကို ကျောပိုးပြီး လက်ပစ်ကူး

ပို့လိုက်ရုံပေါ့.” ဆိုတော့ ကျန်စစ်သားလည်း ဟိုက်ရှားဘား အော်သွားတယ်၊ နောက်မှ “ဟုတ်ရဲ့လားဗျာ” လို့ မေးတော့ ညောင်ဦးဖီး စိတ်ဆိုးသွားတယ်၊ “ဒီမှာ ကိုယ့်လူ … ကိုယ့်လူက မယုံလို့လား၊ ညောင်ဦးမှာ ငဖီးတို့ သည်အတိုင်း ကုတို့ပို့စားလာတာ ဆယ်နှစ်လောက် ရှိပြီ၊ ကြိုက်တဲ့လူ မေးကြည့်၊ ကောင်မလေးတွေဆို အလကားတောင် ပ့လိုက်သေးတယ်၊ ခင်ဗျား မယုံရင် ဒီမြစ်ကြီး အလျားလိုက် ကူးပြရမလား၊ လာ .. အခု လိုက်ကြည့်.” လုပ်နေလို့ ကျန်စစ်သား မနည်းတောင်းပန်ပြီး ဆွဲထားရတယ်၊ နောက်မှ ကျန်စစ်သားက ညောင်ဦးဖီးကို “ခင်ဗျား ကျုပ်ဘုရင်ဆီမှာ အလုပ်လုပ်မလား၊ လခ ကောင်းမယ်။ ကုတို့ပို့တာလောက်လည်း မပင်ပန်းဘူး၊ နန်းတော်ထဲက ကောင်မလေးတွေကို ရေကူးသင်ပေးရုံပဲ” ဆိုတော့ ညောင်ဦးဖီးလည်း သဘောကျပြီး သဘောတူလိုက်တယ်၊ အဲဒါ ကျန်စစ်သားက “ခင်ဗျား အလုပ်အသစ်ရတဲ့ အထိမ်းအမှတ် ဝမ်းတေဘယ်လ် သွားဝိုင်းကြစို့.” ဆိုပြီး နှစ်ယောက်သား ထန်းတောဘက် ထွက်သွားကြရော’

‘Fantastic Two ဖြစ်သွားပြီပေါ့.’

‘အေး ဖြစ်သွားပြီဟ၊ ကျန်စစ်သားနဲ့ ညောင်ဦးဖီး Fantastic Hero နှစ်ယောက် ထန်းတောထဲလဲ ရောက်ရော ထန်းတောထဲမှာ တဲပဲ တွေ့တယ်၊ လူမတွေ့ဘူး၊ အဲဒါနဲ့ မဖြစ်သေးပါဘူး ဆိုပြီး လိုက်ရှာကြတော့ ထန်းပင်တွေပေါ်မှာ တက်လိုက် ဆင်းလိုက်၊ ဟိုအပင်က သည်အပင် ခုန်ကူးလက် မျောက်လို ဆော့နေတဲ့လူ တစ်ယောက်လို သွားတွေ့ကြရော၊ အဲဒီလူက ကျန်စစ်သားတို့နှစ်ယောက်လို မတွေ့ဘူး၊ ထန်းပင်တွေပေါ်မှာ စပိုက်ဒါမင်းလို လျှောက်ပျံပြီး ဘာလုပ်နေမှန်း မသိဘူး၊ ကျန်စစ်သားနဲ့ ညောင်ဦးဖီးလည်း ပထမတော့ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေကြသေးတယ်၊ နောက်မှာ သတိရပြီး လက်ခုပ်တီးခေါ်လို့ ထန်းပင်တွေပေါ်ကလူ ကျန်စစ်သားတို့ကို တွေ့သွားပြီး ဖောက်ထိုးကြီးဆင်းလာတယ်၊ ပြီးတော့ မေးတယ်၊ “ဘာကိစ္စလဲ” တဲ့၊ ညောင်ဦးဖီးကလည်း “ဘာကိစ္စရမှာတုံး၊ ထန်းတောထဲလာတာ ထန်းရည်သောက်ဖို့ပေါ့ဟ၊ ခင်ဗျားက ကြက်ဖလာခွပ်ကြတယ် ထင်လို့လား” လို့ ဘုပြောတော ဟိုလူက “ဒါဆို ခဏစောင့်.” ဆိုပြီး နီးရာ ထန်းပင်တစ်ပင် ပြေးတက်သွားတယ်၊ ပြီးတော့မှ မြူအိုးတွေ ဆွဲပြီး ဆင်းလာတယ်၊ ပြီးတော့ ကျန်စစ်သားတို့ နှစ်ယောက်ကို “လာဗျာ ကျုပ်တဲထဲ သွားချကြစို့၊ ကျုပ် အမြည်းလုပ်ရအောင် ဖိနပ်သားရေ တစ်ပြား ဖုတ်ထားတာရှိတယ်” ဆိုပြီး ခေါ်သွားတယ်’

‘ထွီ ရွံစရာကွာ၊ မင်းဟာက ဖိနပ်သားရေပဲ ခွာပြီး အမြည်းလုပ်ရတယ်လို့.’

‘မင်း ဘာသိလို့လဲ သေမင်းရဲ့၊ တခြားအမြည်းဆို စားလိုက်ရင် ကုန်သွားမှာဟ၊ ဖိနပ်သားရေကျ မျိုချလို့လည်း မရ၊ ဝါးလို့လည်း မပြတ်၊ အမဲရွတ်ထက်တောင် သာသေးတယ်’

‘မင်း စားဖူးလို့လား’

‘အေး ဟိုတလော မူးတုန်းက တစ်ခါစား အာ .. ဘာတွေ လျှောက်မေးနေတုံး၊ ငြိမ်ငြိမ် နားထောင်စမ်းကွာ၊ အကြောင်းအရာ ပျောက်တယ်၊ အဲဒါနဲ့ ကျန်စစ်သားတို့ သုံးယောက်သား ထန်းရည်လေးမြဲ့လိုက်၊ ဖိနပ်သားရေလေး ဝါးလိုက်နဲ့ နည်းနည်းမူးလာတော့ ညောင်ဦးဖီးက ပြောတယ်၊ “ကျုပ်တို့ ထိုင်သာ ချနေကြတာ အခုမှ သတိရတယ်၊ တစ်ယောက် နာမည်တောင် တစ်ယောက် မသိကြသေးဘူး၊ ကျုပ်က ညောင်ဦးဖီး၊ ဒီဘဲက ကျန်စစ်သား၊ ခင်ဗျားက ဘယ်သူတုံး ဆရာရဲ့” လို့ မေးတော့ ထန်းဆရာက “ဒီလို ဘရာသာနဲ့၊ ကျုပ်က မွေးတုန်းက ရှုးကြောင်ကြောင်မို့ အမေက ငရှူးလို့ မှည့်ထားတာ၊ နောက်ကြီးလာတော့ နေ့နေ့ညည ထွေချည်းနေတာနဲ့ အခု အားလုံးက ကျုပ်ကို ငထွေရှူးလို့ချည်း ခေါ်ကြတာပဲ” လို့ ဖြေရှာတယ်၊ ဒီတော့ ကျန်စစ်သားက ဝင်မေးတယ်၊ “ကိုယ့်ဆရာ ခုနက ထန်းပင်တွေပေါ်မှာ စပိုက်ဒါမင်းလို ဘာလို့ လျှောက်ပြေးနေတာလဲ” ဆိုတော့ ငထွေရှူးက ပြောတယ်၊

---

“ကျုပ်ထန်းတောထဲက ပုတ်သင်ညိုတွေ အကုန်လုံး တစ်စက်စ နှစ်စက်စ သောက်မိရာက အားလုံး ရုပ်ကာတွေ ဖြစ်နေကြတာ၊ အခုဆို လစ်တာနဲ့ ကျုပ်မြူအိုးတွေ ဝင်သောက်တော့တာပဲ၊ အဲဒါကြောင့် နေ့တိုင်း ဒင်းတို့ လိုက် လိုက်ဖမ်းနေရတယ်” တဲ့၊ အဲဒီတော့ ကျန်စစ်သားက ဝင်ပြောတယ်၊ “ပုတ်သင်ညိုတွေ သောက်တာပဲဗျာ၊ ခင်ဗျား မြူအိုး ဘယ်လောက် လျော့သွားမှာ မို့လဲ” ဆိုတော့ ငထွေရှူးက “ခင်ဗျား ပုတ်သင်ညိုတွေ ဘာအောက်မေ့လို့လဲ၊ ကြွက်တွင်းတွေဗျ၊ လူထက်တောင် သောက်နိုင်သေးတယ်” လို့ ဖြေတယ်” ’

‘သူ့ပုတ်သင်ညိုတွေက ဆိုက်ကားနင်းပြီး အောင်မလေး သေပါပြီဟ လို့ရော အော်သေးလား’

‘အေးလေ၊ ခမောက်လေးတောင် ဆောင်း အာ .. ဘာတွေ မဟုတ်တာ ဝင်ပြောပြန်တုံး သေမင်းရယ်’

‘မသိဘူးလေကွာ၊ ပုတ်သင်ညိုဆိုတော့ ငါလည်း မြင်ဖူးတဲ့ဟာ ဝင်ပြောတာပေါ့၊ ကွမ်းယာဆိုင်တွေ နံရံမှာ ကပ် ကပ်ထားတဲ့ ကောင်လေ’

‘တော်ပါကွာ၊ အလကား ဝေရမှာကို ရောင်းစားနေတဲ့ ကိစ္စ၊ ငါ့ပုံပြင်သာ ဆက်နားထောင်၊ အဲဒီမှာ ညောင်ဦးဖီးက ဝင်ပြောတယ၊ “ကိုရင်က သစ်ပင်တက်တာတော့ လွတ်ကျွမ်းတာကိုး” ဆိုတော့ ငထွေရှူးက ဖြေတယ်၊ “အဲဒါ ကျုပ်ဝါသနာဗျ” တဲ့၊ “မြို့ပေါ် တစ်ခေါက် ရောက်တုန်းကတောင် ကျုပ် ယောက်ဖနေတဲ့ ကန်ထရိုက်တိုက် ရှစ်ထပ်ကို လှေကားကတက်ရင် ကြာလို့ ဒီအတိုင်း တွယ်တက်ခဲ့တာ၊ အမယ် .. အလွယ်သားဗျ၊ ဖြတ် ဖြတ်ဆရောက်သွားရော”တဲ့၊ ကျန်စစ်သားနဲ့ ညောင်ဦးဖီးလည်း ငါတို့လို စူပါဟီးရိုး တစ်ကောင် တိုးပဟ ဆိုပြီး တစ်ယောက် မျက်နှာတစ်ယောက် ကြည့်ကြတယ်၊ ပြီးတော့ ကျန်စစ်သားက ငထွေရှူးကို “ကိုရင် ကျုပ်နဲ့ နန်းတော်မှာ လိုက်အလုပ် လုပ်မလား၊ လခ ကောင်းကောင်း ပေးမယ်၊ နန်းတော် အမိုးတွေ ဘာတွေ ဆေးတက်သုတ်ပေးရုံပဲ၊ ကံကောင်းရင် အပျိုတော် အဆောင်တောင် ခင်ဗျား အရည်အချင်းနဲ့ဆို တွယ်တက်ချောင်းလို့ ရရင်ရမှာ” ဆိုတော့ ငထွေရှူး စိတ်ဝင်စားသွားတယ်၊ “ဒါပေမဲ့ ကျုပ်ထန်းတော ဘယ်သူကြည့်မလဲ” လို့မေးတော့ ကျန်စစ်သားက “အလွယ်သားပါဗျာ၊ ကျုပ်တပည့် အယောက် နှစ်ဆယ်လောက်ကို ခင်ဗျားထန်းတော ကြည့်လုပ်ခိုင်းလိုက်မယ်” လို့ ပြောတယ်၊ ငထွေရှူးလည်း ဒီမှာပဲ ပုတ်သင်ညိုတွေ လိုက်ဖမ်းရ ကောင်းနိုးနိုး၊ ကျန်စစ်သားတို့နဲ့ပဲ လိုက်သွားရကောင်းနိုးနိုး စဉ်းစားနေတုန်း ကျန်စစ်သားခါးကြားက Handphone (လက်ကိုင်ဖုန်းထမြည်ရော’

‘ကျန်စစ်သားဖုန်းက Nokia လား၊ Sony Ericsson လား’

‘မဟုတ်ဘူး၊ Motorolla ကွ၊ အမေးအမြန်း ထူလိုက်တာ သေမင်းရာ၊ မင်းကလည်း အေးဆေး နားထောင်စမ်းပါဟ၊ ကျန်စစ်သားဆီကို အနော်ရထာဘုရင်ကြီးက လှမ်းဆက်တာကွ၊ သူရဲကောင်းတွေ လိုက်ရှာမယ် ပြောပြီး လျှောက်သွားနေတာ ညနေစောင်းလို့ ပြန်ခေါ်တာ၊ ကျန်စစ်သားလည်း ဖုန်းချပြီးတော့ “စဉ်းစားမနေစမ်းနဲ့ ငထွေရှူးရယ်၊ လိုက်သာ လိုက်ခဲ့စမ်းပါဟ” လို့ အတင်း ဆွဲခေါ်တာနဲ့ ငထွေရှူးလည်း ထလိုက်လာပြီး သုံးယောက်သား ယိုင်တိုင်ယိုင်တိုင်နဲ့ ထန်းတောထဲက ထွက်လာကြတယ်’

‘Fantastic Three ရှိသွားပြီ’

‘အေး အဲဒီလိုနဲ့ သုံးယောက်သား၊ နနးတော်ဘက် ပြန်လာတုန်း လမ်းမှာ လယ်ကွက် အကျယ်ကြီး တစ်ခုကို နွားအရှဉ်းသုံးဆယ် (အကောင်ခြောက်ဆယ်) ကို ထွန်တုံးသုံးဆယ်တပ်လို့ လယ်ထွန်နေတဲ့ ငနဲတစ်ယောက်နဲ့ တွေ့တာကိုး၊ သုံးယောက်သား တော်တော် အံ့ဩသွားတယ်၊ စဉ်းစားကြည့်လေ၊ နွားနှစ်ကောင်၊ ထွန်တစ်တုံးနဲ့ လူတစယောက် လယ်ထန်ရင်တောင် ခြေလည်းမနားရ၊ လက်လည်းမနားရ၊ ပါးစပ်ကလည်း နွားတွေ မောင်းရနဲ့ ဘယ်လောက် အလုပ်ရှုပ်သလဲ၊ အဲဒါကို အဆသုံးဆယ် တိုးပြီး နွားအကောင် ခြောက်ဆယ် တတန်းကြီးကို လူတစ်ယောက်ထဲက မောင်းပြီး လယ်ထွန်နေတာ ဆိုတော့ ကျန်စစ်သားတို့ သုံးယောက်သားလည်း အာဂလူပါလားဟ ဆိုပြီး ကြည့်ကောင်းကောင်းနဲ့ ကန်သင်းဘေးက ကြည့်နေကြတယ်၊
ဆတ်စလူးထ ယောက်ယက်ခပ်ပြီး နွားတန်းကြီး ဟိုဘက်ထိပ် သည်ဘက်ထိပ် အပြေးအလွှား လယ်ထွန်နေတဲ့လူ သူတို့နား ရောက်လာတော့ ငထေရှူးက “ဒီမှာ ဟေ့လူ ဟိုဘက်ပြေးလိုက် သည်ဘက်ပြေးလိုက် ပြေးရင်းနဲ့မောင်းလိုက် မောင်းရင်းနဲ့ပြေးလိုက် ခင်ဗျား ဘယ်လိုဖြစ်နေတာတုံး” လို့ မေးတယ်၊
ဟိုလူက ချက်ချင်း ပြန်မဖြေအားဘူး၊ သူ့နွားတွေ ရင်အောင် လိုက်ဆွဲနေရသေးတယ်၊ နွားတွေ ရပ်သွားတော့မှ ငထွေရှူးတို့ သုံးယောက်ဘက်ကို လျှောက်လာပြီး “မင်းဘာလုပ်လဲ ငါဘာလုပ်လဲ မေးစရာမလို၊ အားလုံးရဲ့ အမြင်မှာ သိပ်ရှင်းတာကို လူဆိုတာ ကိုယ့်ဘဝကိုယ်ပဲသိတယ် မင်းတို့မှာ မေးစရာရှိရင်ပြ ဘယ်လိုလဲ ကြည့်မယ်” လို့ ပြောတယ်’

‘ဟေ့ကောင် ဟစ်ဟော့ပ်တွေ ပါလာပြီ’

‘ပါလာတာပေါ့ကွ၊ လယ်ထွန်နေတဲ့လူနဲ့ ကျန်စစ်သားတို့ သုံးယောက်က နေပူလို့ ခေါင်းပေါင်းတွေ ပေါင်းထားတာကိုး၊ နားထောင်စရာရှိတာ နားထောင်စမ်းပါကွာ၊
အဲဒီမှာ ညောင်ဦးဖီးက ဝင်ပြောတယ်၊ “ခင်ဗျားဗျာ လယ်ထွန်တာပဲ အေးအေးဆေးဆေး လုပ်စမ်းပါ၊ ဘယ်လိုဖြစ်လို့ ဒါလောက် ယောက်ယက်ခပ်ပြီး ရှူစိတက်နေရတာတုံး” ဆိုတော့ လယ်ထွန်နေတဲ့လူက သူ့အဖြစ်ကို ပြောပြတယ်၊ သူ့နာမည် ငလုံးတဲ့၊ မိန်းမ သိပ်ကြောက်ရတာတဲ့၊ အစကတော့ သူလိုငါလို နွားနှစ်ကောင် ထွန်တစ်တုံးနဲ့ ထွန်တာပါပဲတဲ့၊ တစ်ရက်ကျ သူ့မိန်းမက “ကျုပ် စိန်နားကပ် ပန်ချင်တယ်၊ အလုပ်လုပ်ရင် သူများတွေလောက်ပဲ ရမှာ၊ နှစ်ဆတိုးပြီး နွားလေးကောင် ထွန်နှစ်တုံးနဲ့ ထွန်၊ ဒါမှ

နှစ်ဆမြတ်ပြီး ကျုပ်လည်း စိန်နားကပ် ပန်ရမှာ” လို့ခိုင်းလို့ အဲဒီကစပြီး နွားလေးကောင ထွန်နှစ်တုံးနဲ့ လုပ်လိုက်၊ စိန်နားကပ်လေး ဝယ်ပေးလိုက်၊ နွားရှစ်ကောင ထွန်လေးတုံးနဲ့ လယ်လုပ်လိုက်၊ စိန်လက်ကောက်လေး ဆင်လိုက်၊ နွားဆယ့်ခြောက်ကောင် ထွန်ရှစ်တုံးနဲ့ ထွန်လိုက်၊ မိန်းမကို စိန်ဘယက်လေး သလိုက်နဲ့ နောက်ဆုံး သူ့မိန်းမ စိန်တဆင်စာလည်းရရော သူလည်း နွားခြောက်ဆယ် ထွန်သုံးဆယ်နဲ့ လယ်လုပ်ရတဲ့ဘ၀ ရောက်ရောတဲ့၊ တစ်ရက် ဆတ်စလူးထပြီး လယ်ထွန်နေရင်း ချော်လဲလို့ လက်တစ်ဖက်က ဖယ်တယ်တယ် ဖြစ်သွားတာနဲ့ သူ့နာမည်လည်း ငလုံးကနေ ငလုံးလက်ဖယ်လို့ ပြောင်းခေါ်ကြရောလို့ ရှင်းပြတယ်၊ အဲဒီတော့ ငလုံးလက်ဖယ်ကို ကျန်စစ်သားက မေးတယ်၊ “ဒါဆို ခင်ဗား မိန်းမတော့ ခင်ဗျားကို သိပ်တန်ဖိုးထားနေမှာပဲ” ဆိုတော့ ငလုံးလက်ဖယ်က ဘာမှ ပြန်မပြောဘဲ အဝေးကို တွေတွေကြီး ငေးပြီး အံကြီး တင်းတင်းကြိတ်ထားတာ အကြာကြီး၊ ပြီးမှ တစ်လုံးချင်း ကျန်စစ်သားကို ပြောတယ်၊ “မနက်ကပဲ စိန်တွေယူပြီး လင်ငယ်နောက် လိုက်သွားပြီ” တဲ့၊’

---

ကန်စစ်သားတို့ သုံးယောက်လည်း စိတ်မကောင်းဖြစ်သွားကြပြီး တိုက်ဆိုင်လိုက်တာများကွာ ဘာညာ ရွတ်ကြတာပေါ့၊ ပြီးမှ ငထွေရှူးက “ကိုရင်ငလုံး ခင်ဗျားမိန်းမ လင်ငယ်နောက်ကို စိန်တွေမပြီးလိုက်သွားတာ ခင်ဗျား မသိလိုက်ဘူးလား” ဆိုတော့ ငလုံးလက်ဖယ်က ဒေါသထွက်တဲ့ အကြည့်နဲ့ ငထွေရှူးကို ကြည့်ပြီး “မသိလိုက်ဘဲ နေမလားဗျ၊ ဒင်းတို့ ကျုပ်ရှေ့ကတင်ကို အေးအေးလူလူ ထွက်သွားကြတာ” လို့ပြောတယ်၊ ငထွေရှူး အံ့ဩသွားတယ်၊ “ခင်ဗျားရှေ့ကတင် ထွက်သွားကြတာ ခင်ဗျားမလိုက်ဘူးလား” လို့ထပ်မေးတော့ ငလုံးလက်ဖယ်က အရမ်းဒေါပွပြီး ငထွေရှူးကို “ဟေ့လူ ခင်ဗျား ဦးနှောက်မရှိဘူးလား၊ နွားအကောင် ခြောက်ဆယ်နဲ့ လယ်ထွန်နေရတာဗျ၊ ခင်ဗျားတို့ခေါ်လို့ ကျုပ် လယ်ထွန်ရပ်တာတောင် နွားတွေ အားလုံးရပ်သွားအောင် ဘယ်လောက်လုပ်ရသလဲ မမြင်ဘူးလား၊ ကျုပ် မိန်းမလင်ငယ်နောက် လိုက်သွားတာ မြင်တုန်းကလည်း နွားတွေ အားလုံးရင်အောင် ကျုပ်လိုက်ဆွဲလို့လည်း ပြီးရော ကျုပ်မိန်းမနဲ့ သင်းလင်ငယ်ကို တွေ့တောင် မတွေ့ရတော့ဘူး၊ အဲဒါနဲ့ စိတ်နာလွန်းလို့ အခုထိ လယ်ဆက်ထွန်နေတာ” လို့ ဒေါကြီးမောကြီး ပြောတယ်’

‘အေးလေ ဟုတ်သားပဲ၊ သူ့ဒုက္ခကလည်း မသေးပေဘူးကိုး’

‘ဒါပေါ့ဟ၊ အဲဒီမှာ ကျန်စစ်သားက ငလုံးလက်ဖယ်ကို ပြောတယ် “ကိုရင်ရယ် တဆိတ်လောက် စတ်လျှော့စမ်းပါဗျာ၊ ခင်ဗျား ဒီနွားတစ်အုပ်ကြီးနဲ့ လယ်လည်း ဆက်ထွန်မနေနဲ့တော့၊ ကျုပ်တို့နဲ့ပဲ နန်းတော် အတူတူလိုက်ခဲ့၊ ဟိုရောက်တော့မှ ခင်ဗျား ကလေးထိန်းမှူကြီးသာ ဖွင့်စားပေတော့၊ ခင်ဗျားကို မိန်းမအသစ်လည်း ထပ်ရှာပေးမယ်၊ ခင်ဗျား နွားတွေ ရောင်းစားလိုက်ရင် စိန်တစ်ဆင်စာမပြောနဲ့ လေးဆင်စာလောက်တောင် ရတယ်၊ အဲဒီစိန်တွေနဲ့ ခင်ဗျား လယ်ထွန်ချင်သပဆိုရင် ငွန်ဒေါင်း အစီးခြောက်ဆယ် ပြန်ဝယ်ပြီး ထွန်ဗျာ၊ လိုရင် ကျုပ်စိုက်ပေးမယ်၊ လာလိုက်ခဲ့” လို့ ခေါ်သွားတယ်၊ ငလုံးလက်ဖယ်ကလည်း “ငွန်ဒေါင်းအစီး ခြောက်ဆယ်နဲ့တော့ လယ်မထွန်ပါရစေနဲ့ဗျာ၊ ကျုပ် စပ်စလူးထပုံမျိုးနဲ့ မတော်ထပ်ချော်လဲလို့ ခြေထောက်ပါထိပြီး ငလုံးလက်ဖယ်ကနေ ငလုံးခြေထောက်ဖယ် ဖြစ်နေပါ့မယ်၊ လယ်လည်း မလုပ်တော့ဘူး၊ မှူကြီးပဲ ဖွင့်စားတော့မယ်” ဆိုပြီး ကျန်စစ်သားတို့ သုံးယောက်နဲ့အတူ “ငါတို့ အားလုံးပေါင်း သုံးယောက် ငလုံးလက်ဖယ် ထပ်ရောက်လာတော့ အားလံးပေါင်း လေးယောက်” ဆိုပြီး အနော်ရထာ ဘုရင်ကြီးဆီ လိုက်သွားရော’

‘Fantastic Four ပြည့်သွားပြီပေါ့၊ အဲဒါနဲ့ ပြီးရောလား’

‘ဘယ်ပြီးဦးမလဲ သေမင်းရဲ့၊ ငါပြောခဲ့ဘူးတယ် မဟုတ်လား၊ ပုဂံနေပြည်တော်ကြီးမှာ Fantastic Four တောင်မကဘူး၊ သူရဲကောင်း ပုဂံ Fantastic Five ဆိုပြီး ငါးယောက်တောင် ပေါ်ခဲ့ပါတယ်ဆို၊ နားထောင် ဒီလိုဟ ...
ကျန်စစ်သားတို့ လေးယောက် အနော်ရထာ ဘုရင်ကြီးဆီ ရောက်တော့ ဘုရင်ကြီးက လူစွမ်းကောင်းတွေ သူရဲကောင်းတွေ ထပ်ရလို့ အရမ်း သဘောကျသွားတယ်၊ ပုဂံ Fantastic Four ကို ကောင်းကောင်း ထားတာပေါ့ကွာ၊ အဲဒီတုန်းမှာပဲ ပုဂံပြည်ရဲ့ အောက်ဘက် ပဲခူးပြည်ကို ရန်သူစစ်သည်တွေက ကျွမ်းတွေလိုမ့်ထိုးပြီး ဝင်ရောက် ကျူးကျော်ကြတာ၊ ပဲခူးသားတွေက သူတို့ပြည်ထဲကို ကျွမ်းထိုးပြီး ဝင်လာတဲ့ စစ်သည်တွေမို့ “ဂျွမ်းစစ်သည်” တွေ ကျူးကျော်နေပြီလို့ ပဲခူးဘုရင်ကို တိုင်ကြတယ်’

---

‘မင်းကလည်းကွာ၊ ကျွမ်းထိုးပြီးဝင်လာမှတော့ ဘယ်သူ ဘာလုပ်နိုင်မှာလဲ၊ သူတို့ဟာ သူတို့တောင် လုံးထွေးနေမှာပေါ့’

‘မဟုတ်ဘူးဟ၊ ကျွမ်းစစ်သည်တွေက အများကြီး၊ ရှေ့ကျွမ်း၊ နောက်ကျွမ်း၊ လက်ထောက်ကျွမ်း၊ လှည်းဘီးကျွမ်းတွေ ထိုးပြီး ဝင်လာကြတော့ ဟိုလူကန်မိ သည်လူကန်မိ ဖြစ်ပြီး သေတဲ့လူတောင် သေကုန်ကြတယ်ဆိုပဲ၊ ပဲခူးဘုရင်နဲ့ ပဲခူးသားတွေက အင်အားမမျှလို့ “ဂျွမ်းစစ်သည်” တွေကို ခံမချနိုင်ဘူး၊ အဲဒါနဲ့ပဲ ပဲခူးဘုရင်က အနော်ရထာ ဘုရင်ကြီးကို စစ်ကူ လှမ်းတောင်းတော့ အနော်ရထာဘုရင်ကြီးက ကျန်စစ်သားတို့ လေးယောက်ကို လွှတ်လိုက်တယ်၊ “အဲဒီ ကျွမ်းထိုးကျူးကျော်လာတဲ့ကောင်တွေ

နောက်တစ်ခါ ကျွမ်းမထိုးနိုင်အောင် ကြည့်လုပ်ခဲ့ကွာ” လို့ မှာလိုက်တယ်၊ ကျန်စစ်သားတို့လည်း ကျွမ်းမထိုးနိုင်အောင် ဆိုရင်တော့ ပျဉ်ပြားနဲ့ မတ်တပ်ကြီး ကပ်ချည်ထားလိုက်ဖို့ပဲ ရှိတယ်လို့ တိုင်ပင်ပြီး ပုဂံကနေ ပဲခူးကို ဆင်းလာကြရော၊ လမ်းကျတော့ ခုနက မင်းကို ငါပြောပြခဲ့တဲ့ စူပါမင်းညီနောင် ပုံပြင်ထဲက အငယ်ကောင် ဗျတ္တနဲ့ တွေ့တယ်၊ မင်း မှတ်မိလား’

‘အေး သေသွားတဲ့ စူပါစွတ်ပရားဗျတ်ဝိ ညီလေး၊ ဂါဝန်နဲ့ အုပ်ခံရမှာ ကြောက်လို့ ထွက်ပြေးလာတဲ့ ရေနံခိုးတူးတဲ့ကောင်’

‘အေး အေး၊ အဲဒီ စူပါမင်းဗျတ္တက လမ်းမှာ စရိတ် ပြတ်သွားလို့ ဗယာကြော်လျှောက်ရောင်းနေတာကို ကျန်စစ်သားတို့က ဝယ်စားမိရော၊ ဝယ်စားရင်းနဲ့ ဒီကလယ်ကုလားဟာ ပိုက်ဆံကျ အများကြီးယူပြီး ဗယာကြော်ကျ နည်းနည်းလေးပဲပေးတယ်၊ ဘာတယ်နဲ့ စကားများပြီး လေးယောက် တစ်ယောက် ချကြတာ သရေကျနေလို့ ဗျတ္တကို ကျန်စစ်သားတို့ သဘောကျသွားပြီး “မင်း ငါတို့နဲ့တူတူ ပဲခူးမှာဝင်စွာနေတဲ့ ကျွမ်းထိုးတဲ့ ကောင်တွေကို လိုက်ကူချပေး၊ ပြီးရင် မင်းအစ်ကိုကို ထမီနဲ့အုပ်ခဲ့တဲ့ သထုံကငနဲတွေကို ငါတို့ လိုက်ချပေးမယ်” လို့ သဘောတူကြတာနဲ့ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ပုဂံ Fantastic Four မှာ ဗျတ္တ တစ်ယောက်တိုးပြီး ပဲခူးက ကျွမ်းကောင်တွေကို သွားဆော်ကြတာ သိပ်တောငမဆော်လိုက်ရဘူး၊ “ကျွမ်း” တွေ ပြန်ပြေးရော ဆိုပဲ၊ အဲဒါနဲ့ ပဲခူးဘုရင်က သဘောကျပြီး ဆုတွေ ဘာတွေ ချတာပေါ့ကွာ၊ Fantastic Five လည်း သထုံဘက်ဆက်သွားပြီး ဗျတ္တရဲ့ အစ်ကို စူပါစွတ်ဗျတ်ဝိကို ချက်စားဖို့လုပ်ခဲ့တဲ့ ငနဲတွေ သွားဆော်မယ်ဆိုပြီး ထွက်သွားကြတယ်’

‘သထုံရောက်တော့ ဘာဆက်ဖြစ်လဲ’

‘လူလည်မကျနဲ့ သူငယ်ချင်း .. ကျန်စစ်သားတို့ သထုံကို ဝင်တိုက်တဲ့ကိစ္စက နောက်ပုံပြင် တစ်ခုဖြစ်သွားပြီကွ၊ အခု ငါပြောပြခဲ့တာ ပုံပြင်သုံးပုဒ် ရှိသွားပြီ၊ မင်းပြောရမယ့် အလှည့် ဟေ့ကောင်’

‘ဟုတ်လား၊ ဒါဆိုလည်း နောက်မှ နားထောင်ကွာ’

‘ဟေ့ကောင်’

သေမင်းသည် လူလည်ကျကာ ကျွန်ုပ်နားမှ ဖြုတ်ကနဲ ပျောက်သွားလေ၏။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

# သေမင်းပုံပြင် ( ၂ )
# မာမီဟစ်တလာ

သေမင်းသည် ကျွန်ုပ်အား လာမတွေ့ဘဲ သုံးလေးရက်ခန့် ပျောက်နေပြန်လေသည်။ကျွန်ုပ်လည်း သင်းမရှိတုန်းမှ စိတ်အေးလက်အေး စာထိုင်ရေးရလေ၏။ သို့သော် ကျွန်ုပ်မှာ ကြာကြာ အေးအေးဆေးဆေး နေဖို့ကံ မပါချေ။ တစ်ခုသော ညနေတွင် သေမင်းသည် ဝတ်ရုံ တဖားဖားနှင့် ပေါက်ချလာလေ၏။ ကျွန်ုပ်သည် ၎င်းအား သေချာစွာ ကြည့်မိရာ သင်းကိုင်နေကျ ကောက်ရိတ်တံကြီးကိုလည်းကောင်း၊ သွားလေရာ ပါနေကျ သင်း၏ခွေးနက်ကြီးကိုလည်းကောင်း မတွေ့သည်ဖြစ်၍ ‘ဟဲ့ကောင် နင့်အတံကြီးနဲ့ အောင်နက်ကြီးရော’

‘ကောက်ရိတ်တံ ပြောစမ်းပါကွာ၊ မင်းကလည်း .. အသွား နည်းနည်းတုံးနေသလားလို့ စိတ်ထင်တာနဲ့ တွင်ခုံမှာ သဖို့ အပ်ထားတယ်၊ ခွေးကတော့ ငရဲမင်း ခဏ ငှားသွားတယ်ဟ၊ သူ့ဆီမှာ ငရဲခွေးတွေ နည်း နည်းလာလို့ သားဖောက်ဖို့ဆိုပြီး ငါ့အကောင်ကြီး လာခေါ်သွားတာပဲ’

‘မင်းကကော ဘယ်ပျောက်နေတာလဲ’

‘ငါ ကိုရီးယား သွားနေတာကွ’

'ဟေ ဘာသွားလုပ်တာတုံး'

'သူတို့ဆီက မင်းသမီး မင်းသားတွေ မော်ဒယ်လ်တွေ တဖြည်းဖြည်း ချောလာလှလာနေကြတာ သိပ်သဘာဝမကျလို့ သွားစုံစမ်းတာဟ'

'မင်းကလည်းကွာ အလုပ်မရှိ အလုပ်ရှာလို့ ဘာတွေတွေ့ခဲ့သလဲ'

'တွေ့ခဲ့တယ် ငါ့ကောင်ရေ .. တွေ့ခဲ့တာအပြင် အကြောင်းစုံပါ သိခဲ့တယ်ဟ၊ ဒင်းတို့က ပလပ်စတစ်ဆာဂျီရီနည်းနဲ့ ခွဲစိတ်ပြုပြင်နေကြတာကိုး၊ မင်းဖတ်လို့ရအောင် ကိုရီးယားမှာထုတ်တဲ့ မဂ္ဂဇင်း တစ်အုပ် နှစ်အုပ်တောင် ငါဆွဲလာသေးတယ်၊ ဒီမှာ လာကြည့်ဟ'

အသစ်အဆန်းဆို စိတ်ဝင်စားတတ်သော ကျွန်ုပ်လည်း သေမင်း ယူလာသော မဂ္ဂဇင်းကို လှန်လှောကြည့်ရှုရာ ကိုရီးယားမှ Celebrity များမှာ အားလုံးနီးပါး တစ်ခုခု ခွဲစိတ်ကာ လှအောင် ပြုပြင်ထားကြကြောင်း ဆောင်းပါးတစ်ခုတွင် ဓါတ်ပုံများနှင့်တွေ့ရလေ၏။ ကျွန်ုပ်က သေမင်းအား
'တယ်ဟုတ်ပါလားဟ၊ ငါလည်း ငါ့မေးကောက်ကြီးနဲ့ ပလုပ်ပလောင်းသွားတွေကို ကိုရီးယားသွားပြင်ရင် ကောင်းမယ်ထင်တယ် သေမင်းရဲ့'

'အတတ်မဆန်းချင်နဲ့ အရိုး၊ အဲဒီကိစ္စက လူတိုင်း သေချာပေါက် လှလာမယ်လို့ ပြောမရဘူး၊ နဂို ကြည့်ပျော်ရှုပျော် ရုပ်ကို သွားပြင်လိုက်လို့ ရွဲ့စောင်းသွားတာမျိုးလည်း ရှိတယ် ဟေ့ကောင်ရေ၊ ဒီတစအုပ်ထဲမှာ အဲဒီအကြောင်း ဆောင်းပါးပါသဟ'

သေမင်းက ကျွန်ုပ်အား ကိုရီးယား မဂ္ဂဇင်း နောက်တစ်အုပ် ထုတ်ပြကာ ဆောင်းပါးကို လှန်လှောရှာဖွေ ဖတ်ရှုစေလေသည်။ ဤနေရာတွင် ပြောရန်ရှိသည်မှာ ကျွန်ုပ်သည် ကိုရီးယား ဘာသာစကားကို "အညာဆေးရိုး" လောက်မှ မှန်အောင် နားလည်သူ မဟုတ်ချေ။ သေမင်း ဘာသာပြန် ဖတ်ပြသော ကျေးဇူးကြောင့်သာ သိရခြင်းဖြစ်၏။ ကျွန်ုပ်သည် သေမင်းပြသော ဆောင်းပါးထဲမှ လှချင်၍ ပလပ်စတစ်ဆာဂျီရီလိုက်မှ ပိုဆိုးသွားသော ကိုရီးယား အမျိုးသမီးငယ်တစ်ယောက် အကြောင်းသိရသဖြင့်
'မျက်နှာပျက်စရာတွေ ဖြစ်ကုန်တာကိုး သူငယ်ချင်းရဲ့'

'မျက်နှာပျက်ရုံတင် မဟုတ်ဘူး အကောင်ရဲ့ ... မျက်နှာပန်းမလှ မျက်နှာကောင်မရ ဖြစ်ကုန်တာဟ၊ တချို့ ယောကျာ်းလေးတွေ လှချင်လို့ ပြင်လိုက်ကာမှ ကျားလိုလို မလိုလို ရုပ်ကြီး ဖြစ်သွားတာမျိုးတောင် ရှိတယ်၊ ငါသေချာ စပ်စုလာတာကွ'

'တော်ပါပြီ သေမင်းရယ် .. အကုန်အကျလည်း များသေး၊ ကိုယ့်ရုပ်လည်း ဘာပထွက်လာမလဲ မရေရာ၊ ငါ့မေးကြီးလည်း သူ့ဟာသူ ကောက်နေရှာပါစေတော့၊ သွားတွေလည်း ဝါးလို့ရနေ ပြီးတာပဲ၊ ဘာမှမပြင်တော့ဘူး ဒီတစ်သက်'

'မင်းရုပ်က ပြင်လည်း ပိုဆိုးရုံရှိမှာပါ အရိုးရယ်၊ တလောက မင်းကယ်ရီကေးချား သွားဆွဲလာတာ ပုံတူကြီးထွက်လာလို့ ငါ့လာပြသေးတာ မှတ်မိလား၊ မင်းက နဂို ကယ်ရီကေးချား ရုပ်ကြီးဥစ္စာ၊ မင်းပြင်ချင်လို့ ပြင်လည်း ဘာမှထူးမှာ မဟုတ်ဘူး၊ မင်းကို ပြင်ပေးမယ့် ဆရာဝန်သာ စိတ်ညစ်ပြီး ငါ့နောက် လိုက်လာမှာ'

'မပြင်တော့ပါဘူးဆိုမှ သေမင်းရယ်၊ မင်းကလည်း ငါ့နှယ် .. အချင်းချင်း ချိုးချိုးဖဲ့ဖဲ့ ဒီလောက် ပြောရလားဟဲ့'

'ငါ တမင်နှမ်ပြောတယ်လို့ မင်းကထင်နေလား၊ အရှိ အရှိအတိုင်း သုံးသပ်ပြတာ ကိုယ့်လူ'

'ဟုတ်ပါပြီဟ၊ ငါလည်း လှဖို့သက်သက် တစ်ခုထဲအတွက် ဆေးပညာကို အလကား အသုံးချဖို့ စိတ်မဝင်စားပါဘူး၊ အလကား ကိစ္စတွေကွာ'

'အလကားတော့လည်း မဟုတ်သေးဘူး အရိုးရဲ့ .. ပလပ်စတစ် ဆာဂျီရီဆိုတာ လိုအပ်လို့ ရှိနေတဲ့ ပညာကွ၊ မင်း စဉ်းစားကြည့်စမ်း .. Accident တစ်ခုခုကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတာမျိုးတို့၊ ကိုယ့်ရုပ်ကို မဖြစ်မနေ အကြောင်းတစ်ခုခုကြောင့် ပြုပြင်ရတော့မယ့် အခြေအနေမျိုးတို့မှာ ဆိုရင်တော့ အင်မတန် အသုံးကျတဲ့ ပညာဟ၊ ခုခေတ်မှ ထွန်းကားလာတာ မဟုတ်ဘူး၊ ဟိုးရှေးခေတ်ထဲက ရှိခဲ့တာ၊ လူတွေသာ သိပ်မသိကြလို့ဟ'

'ဟုတ်လား ရှေးတုန်းထဲက ရှိသလား'

'သိပ်ရှိတာပေါ့. ငါ့လူရာ .. အတ္တလန်တာခေတ်တုန်းက တစ်ခါ၊ အီဂျစ်ရှင်းတွေ လက်ထက်မှာ တစ်ခါ၊ အခုခေတ်မှာ တစ်ခါ၊ မင်းသိသလောက် သမိုင်းကို ငါရွေးပြောတာနော်၊ သုံးခါတောင် ထွန်းကားဖူးတယ်၊ မင်း ကလီယိုပက်ထရာ ကို ကြားဖူးလား'

'ဟို အရမ်းလှတယ်ဆိုတဲ့ ဘုရင်မလား'

'အေး၊ သူဆို မျက်နှာနဲ့ ခန္ဓာကိုယ်ကို လေးခါတိတိ ခွဲစိတ်ပြုပြင်ဖူးတယ်'

'ဟုတ်လို့လားကွာ'

'ဘာလဲ၊ မင်းက သေမင်းပြောတဲ့စကား အလကား မှတ်လို့လား'

'မဟုတ်ပါဘူး၊ ငါမကြားဖူးလို့ပါဟ'

'မင်းတင်မကဘူး၊ သမိုင်းဆရာ တော်တော်များများ မကြားဖူးတဲ့ကိစ္စ၊ နောက်တစ်ခုရှိသေးတယ်'

'ဘာလဲ'

---

'မင်းတို့ခေတ်နဲ့ သိပ်အလှမ်းမဝေးတဲ့ သမိုင်းထဲက ဂျာမနီမှာ ဟစ်တလာဆိုတဲ့ကောင်ကို ကြားဖူးလား'

'သိပ်ကြားဖူးတာပေါ့. သူငယ်ချင်း သေမင်းရယ်၊ အကျိုးနည်း ဆိုးခဲ့တဲ့ လူကြီးဉစ္စာ'

'အေး အကျိုးနည်း ဆိုးခဲ့တဲ့ အဲဒီ နာဇီလူကြီးဟာ မင်းတို့ခေတ်နဲ့ အနီးဆုံး သမိုင်းထဲက ပလပ်စတစ်ဆာဂျရီ ပညာကို အပြောင်မြောက်ဆုံး သုံးခဲ့တဲ့ဟာကြီးပဲ'

'ဟုတ်ရဲ့လား သေမင်းရယ်၊ ငါမဖတ်ဖူး မကြားဖူးတဲ့ ကိစ္စပါလား၊ တကယ်သာ မင်းပြောတာ မှန်ရင်တော့ သမိုင်းထဲမှာ မပါတဲ့ ကိစ္စတစ်ခု ငါသိရတော့မယ့်သဘောပါလားဟ'

'အရိုး ... မင်းသုံးပုဒ် ငါတစ်ပုဒ် ပုံပြောတမ်းကစားဖို့ သဘောတူထားတာမှတ်မိလား'

'သိပ်မှတ်မိတယ် သယ်ရင်း .. ငါ ရေရမယ့် ရေတွင်းတူးမယ့် ကိစ္စပဲဟာ'

'ပထမတစ်ပုံ ပြောတော့ မင်းနားမလည်ဘူးလေ'

'ဟုတ်ပကွာ၊ ဘာတွေမှန်းကို မသိဘူး၊ ဒါပေမဲ့ မင်းပြောတဲ့အတိုင်း ငါရေးတော့ ရေးလိုက်တယ်'

'အေး .. ငါလည်း အဲဒီတစ်ပုံ ပြီးတော့ စဉ်းစားတယ်၊ မင်းနားလည်မယ့် မင်းနားလည်ရုံမက မင်းစာအုပ်ကို ဖတ်မယ့် တခြားလူတွေလည်း နားလည်နိုင်မယ့် ပုံမျိုး ငါဘယ်လိုပြောရမလဲလို့ စဉ်းစားတော့ နောက်ဆုံး အဖြေတစ်ခုပဲ ရတာရှိတယ်၊ ဘာလဲဆိုတော့ မင်းတို့ လူတွေသမိုင်းထဲက လူတွေမသိဘဲ ငါပဲ သိခဲ့ရတဲ့ ကိစ္စတွေကို ပုံလုပ်ပြောပြဖို့ပဲ'

'သေမင်း .. မင်းငါ့ကို အခြေအမြစ် ရှိရှိ ပတ်တီးရိုက်ဖို့ ကြိုးစားနေတာတော့ မဟုတ်ပါဘူးနော်'

'ငါနောက်ထပ်ပြောမယ့် ပုံတွေ နားထောင်ပြီးရင် မင်းဆုံးဖြတ်လေ၊ မင်းမမေ့ဖို့ တစ်ခုက သေမင်းဆိုတာ သေခြင်း ရှင်ခြင်းရဲ့ Representative(ကိုယ်စားလှယ်) ဆိုတာပဲ၊ ငါဟာ ဘယ်လိုသတ္တဝါမျိုးမဆိုရဲ့ သက်ဆိုင်သူ ဖြစ်တယ်၊ ငါ့မှာ သက်တမ်းမရှိဘူး၊ အချိန် မရှိဘူး၊ နေရာ မရှိဘူး၊ တစ်ဦးထဲလည်း ဟုတ်တယ်၊ အများကြီးဆိုလည်း ဟုတ်တယ်'

'ဟုတ်သားပဲ၊ သေချာ စဉ်းစားကြည့်ရင် မင်းဟာ နယ်နယ်ရရ ကောင်ကြီးမှမဟုတ်တာပဲကိုး၊ နေဦး သေမင်း ငါမရှင်းတာ တစ်ခုရှိတယ်၊ ဒီတစ်ခုပဲ မေးမှာ၊ မင်းနဲ့ ပတ်သက်ပြီး ငါနောက်ထပ် ဘာမှ မမေးတော့ဘူး၊ သိချင်တာတွေရှိရင်တောင် ငါထပ်မမေးတော့ဘူးကွာ၊ ဘယ်လိုလဲ သေမင်း .. မင်း ငါမေးတဲ့တစ်ခု ဖြေမလား'

'မင်းပြောကြည့်လေ၊ မင်းသိသင့်တဲ့ ဟာဆို ငါဖြေမယ်၊ ဒါပေမဲ့ မင်းကတိကို မင်းမှတ်ထားနော်၊ မင်းကတိမတည်ရင် နောက်ဘယ်ဘဝမှာ ဖြစ်ဖြစ် မင်းငါနဲ့ ပတ်သက်လို့ မရစေရဘူး၊ အခုလို ဘော်ဒါကဏ္ဍကို ပြောတာ'

'ရတယ် သူငယ်ချင်း၊ ငါ့စကား ငါမှတ်မိတယ်၊ ငါမေးမယ်၊ ဒီစကြဝဠာကြီးထဲမှာ မျိုးမတူတဲ့ သတ္တဝါတွေ တစ်ချိန်တည်း တစ်ပြိုင်တည်း သန်းနဲ့ချီပြီး စက္ကန့်နဲ့အမျှ သေဆုံးနေကြတယ်၊ ဥပမာ အခု မင်းငါနဲ့ စကားပြောနေတယ်၊ အဲဒီအချိန်မှာပဲ တခြားနေရာအများကြီးမှာ သတ္တဝါတွေ အများကြီး သေနေကြတယ်၊ အဲဒီကိစ္စ မင်းဘယ်လိုရှင်းလဲ'

'ဒီမှာ အရိုး'

'အေး ပြော'

'စကြဝဠာနဲ့ ချီမပြောနဲ့ သိပ်ကျယ်လွန်းတယ်၊ မင်းနေတဲ့ ဒီကမ္ဘာ အနေနဲ့ပဲ မင်းစဉ်းစားနိုင်အောင် ငါပြောပြမယ်၊ သေချာစဉ်းစားနော် သူငယ်ချင်း .. မင်းနေတဲ့ ကမ္ဘာမှာ ရေရယ်၊ လေရယ်၊ မြေရယ်၊ တခြားအမျိုးအစား အားလုံးရယ်ဟာ အင်မတန် သေးငယ်တဲ့ Atom မှုန်တွေ စုထားတဲ့ အရာကြီးပဲ မဟုတ်လား၊ ကမ္ဘာဆိုတာ အလွန်တရာ သေးငယ်တဲ့ မရေမတွက်နိုင်တဲ့ အမှုန်တွေ စုဖွဲ့ထားတဲ့ဟာကြီး တစ်ခု မဟုတ်လား'

'အင်း သိပ်တော့မရှင်းဘူး၊ ဒါပေမဲ့ ဟုတ်တော့ဟုတ်တာ ငါသိသလိုပဲ'

'အေး သိသလိုလောက်ရှိရင်ကို မဆိုးဘူးဟ၊ မင်းသိထားဖို့က မင်းတို့အသုံးပြုနေတဲ့ အချိန်ဆိုတာရဲ့ တစ်စက္ကန့်ရဲ့ အပုံ သန်းပေါင်း တစ်သိန်းပုံတစ်ပုံ အတွင်းမှာ မင်းတို့နေနေတဲ့ ကမ္ဘာရဲ့ မရေမတွက်နိုင်တဲ့ အမှုန်တွေ အားလုံးပေါင်းရဲ့ အဆ တစ်သိန်း ငါ့ကိုယ်ငါ ချက်ချင်း ကိုယ်ပွားတွေ ခွဲပစ်လိုက်နိုင်တယ်၊ မင်းသဘောပေါက်လား၊ မင်းတို့ကမ္ဘာမှာ အသက်ရှင်နေတဲ့ သတ္တဝါတွေ အရေအတွက် ဘယ်လောက်များလို့လဲ၊ အဲဒါ မင်းနားလည်အောင် အကြမ်း ငါရှင်းပြတာ'

'သေမင်း မင်းက ဆရာကြီးပဲဟ'

'သြော် ဒုက္ခပါပဲ၊ သေမင်းပါဆိုမှ ဆရာကြီးပါလား လာလုပ်နေသေးတယ်'

'ငါက ငါ့လို ပေါတောတော မှတ်လို့'

'အဲဒါတွေ ထားတော့ သူငယ်ချင်း၊ ငါပြောမယ့်ပုံတွေသာ မင်းဟာမင်းတွေးကြည့်၊ ဖြစ်နိုင်မဖြစ်နိုင်လည်း မင်းဟာမင်း ဆုံးဖြတ်၊ အခု မင်းကိုငါ ဟိုတလောက အကြွေးကျန်တဲ့ ပုံတစ်ပုံ ပြောပြမယ်၊ ဟစ်တလာ ဆိုတဲ့ လူကြီးအကြောင်း ... '

'လုပ်လိုက်စမ်းကွာ'

'ဒီလိုရှိတယ် အရိုး .. အဲဒီ ဟစ်တလာ ဆိုတဲ့ကောင် ဘယ်လို မွေးလာတယ်၊ ဘယ်လို ကြီးပြင်းခဲ့တယ်၊ နောက်ဆုံး လူတွေ သိန်းနဲ့သန်းနဲ့ချီပြီး သေကြ ကျေကြ ဒုက္ခရောက်ကြတဲ့ ကမ္ဘာစစ်မီးကြီးက ဘယ်လို မွေးခဲ့တယ်၊ နောက်ဆုံး ရေရေရာရာ မသိနိုင်ဘဲ ဘယ်လို ပျောက်ကွယ်သွားတယ်၊ သူ့မိဘက ဘယ်သူ၊ သူ့တပည့်၊ သူ့မိသားစုတွေက ဘယ်သူတွေ အဲဒါမျိုးတွေတော့ ဇယားရှည်မှာစိုးလို့ ငါမပြောတော့ဘူး၊ မင်းတို့ လူတွေ မှတ်တမ်းတင်ခဲ့တဲ့ သမိုင်းတွေမှာလည်း ပါပြီးသား၊ ငါပြောပြမှာက သ့တစ်ယောက်ထဲ သိခဲ့တဲ့ သူ့အကြောင်း သူ့ပုံပြင်ကွ'

'ရတယ် ပြောသာပြော ငါဘာမှ ဝင်မပြောဘူး'

‘အေး ပြီးရော ဒီလိုကွ၊ ဟစ်တလာဆိုတာ မွေးတုန်းကတော့ သူလိုငါလိုမွေးတာပဲ၊ မထင်မရှားပေါ့ကွာ’

‘မထင်မရှားဆိုတော့ သူ့မွေးပြီးတော့ သူ့အမေက သူ့ကို ရှာမတွေ့ပဲ ပျောက်နေမှာပေါ့နော်’

‘အရှီး မင်းဝင်မပြောဘူးဆို’

‘ဩော် အေး ငါမေ့သွားလို့’

‘ဟစ်တလာ မွေးလာတာပဲ လူတွေသိကြတယ်၊ ဟစ်တလာ ဘာလဲဆိုတာ ဘယ်သူမှ မသိကြဘူး’

‘လုပ်ပြီ၊ ဟစ်တလာက ဟစ်တလာပေါ့၊ ဟစ်တလာ ဘာလဲ၊ ဗုက်အစ်စ်ဟစ်တလာလို့ ဘယ်သူကမေးမှာတုံး’

---

‘မဟုတ်သေးဘူးလေ၊ ဟစ်တလာ ဘာလဲဆိုတော့ … ’

‘ဟစ်တလာက ဟစ်တလာပါဆို’

‘အေးလေ အဲဒီ ဟစ်တလာ ဘာလဲဆိုရင် … ’

‘ဘာလဲဆို ဟစ်တလာလေကွာ’

‘မဟုတ်သေးပါဘူး’

‘ဟုတ်ပါတယ် သေမင်းရ၊ ဟစ်တလာက ဟစ်တလာပါ၊ သေချာပါတယ် ငါ့ကောင်ရ’

‘ငါပြောချင်တာက … ’

‘မင်းပြောချင်တာ ဟစ်တလာလေ’

‘အေးလေ အဲဒီ ဟစ်တလာက … ’

‘ဟစ်တလာက ဟစ်တလာပဲ ဥစ္စာ’

‘ဟုတ်ပါတယ်၊ ငါပြောချင်တာက လစ်တဟာက လစ်တဟာ .. အာ .. ဟေ့ကောင်’

‘ဘာတုံး’

‘မင်း ဝင်မပြောဘူးဆို’

‘အေးလေ မင်းဟာမင်း ရှုပ်နေလို့ ဟစ်တလာက ဟစ်တလာ ဖြစ်တယ် ဆိုတာ ငါဝင်ထောက်ခံပေးတာ’

‘ငါကကော ဟစ်တလာက နင့်ဘကြီးပါလို့ ပြောနေလို့လား’

‘ဟစ်တလာက ငါ့ဘကြီး မဟုတ်တာတော့ ငါလည်းသိတာပေါ့၊ သေမင်းရ၊ မင်းပဲ ဟစ်တလာ ဘာလဲ ဆိုတော့ ငါက ဟစ်တလာက ဟစ်တလာပါလို့ ရှင်းပေးတာလေ’

‘မင်းရှင်းလို့ ပိုရှုပ်တာ’

'မရှုပ်ပါဘူးဟ၊ ဟစ်တလာက ဟစ်တလာပဲ ဥစ္စာ၊ ရှင်းရှင်းလေး၊ ဘယ်သူက ဟစ်တလုံးလို့ ပြောလို့လဲ'

'ပြီးရောကွာ၊ ငါပြောချင်တာက အဲဒါ ဟစ်တလုံးကြီး ... '

'သူငယ်ချင်း သေမင်း .. ဟစ်တလာလေ ဟစ်တလုံးကြီး မဟုတ်ဘူး၊ မင်းနည်းနည်းမှားနေပြီ'

'အာ .. ဟေ့ကောင် အရှိုး'

'ဟေ'

'မင်းပါးစပ်ကို ပိတ်ထားပြီး နားထောင်မလား၊ ဒါမှမဟုတ် နောက်တစ်နေ့မှ ငါတစ်ခေါက် လာခဲ့ရမလား ပြော'

'ငါ့ပါးစပ်ကို ပိတ်ထားပြီး နားထောင်မယ်လေ'

'အဲဒါဆို ဘာမှ မင်းဝင်မပြောနဲ့၊ ဘာဆို ဘာမှ မပြောနဲ့ OK လား'

'...'

'အေး အဲဒါ ကောင်းတယ်၊ မင်းဘာသံမှ မထွက်ရင် အကောင်းဆုံးပဲ'

'ဘူ'

'ဟေ့ကောင်'

'...'

'ဟေ့ကောင် နောက်တာလား'

'ငါဘာမှ မပြောဘူးလေကွာ'

'မင်းလုပ်ပုံ မင်းစဉ်းစားစမ်း၊ ငါက ဘာသံမှမထွက်နဲ့ ပြောတော့ မင်းက "ဘူ" တဲ့'

'ကဲပါ သေမင်းရာ၊ ငါကောင်းကောင်း နားထောင်ပါတော့မယ်၊ စိတ်မဆိုးပါနဲ့၊ လေလည်တာတော့ ငါဘယ်တတ်နိုင်မလဲ'

'အေး အဲလို အစကတည်းက ပြေလည်ရင် ပြီးရော ဥစ္စာ၊ ဟစ်တလာတောင် ဘယ်ရောက်သွားပြီလဲ မသိဘူး'

'မွေးပြီ မွေးပြီ'

'အေး ငါပြောချင်တာက ဟစ်တလာ မွေးတဲ့အချိန်မှာ လူတွေမသိတာ သုံးချက်တောင် ရှိတယ်'

'ဘာတွေလဲ'

'နံပါတ်တစ် ဟစ်တလာက လူတွေ အစုလိုက် အပြုံလိုက် သေကျေကြစေဖို့ မွေးလာတဲ့ စေတန်ရဲ့ တမန်ဖြစ်တယ်၊ နံပါတ်နှစ် အဲဒီလို ဖြစ်တဲ့အတွက် ဟစ်တလာက လူတွေ အများစုထက် ပိုတော်တဲ့ အရည်အချင်း၊ လူတွေကို စည်းရုံးသိမ်းသွင်းနိုင်တဲ့ အရည်အချင်းတွေ မွေးရာပါလာတယ်၊ ခက်ထန် ကြမ်းကြုတ်သလောက် တပည့်များတယ်၊ နံပါတ်သုံး ဟစ်တလာက လူသတ်လို့ မသေနိုင်တဲ့ လူတစ်ယောက် ဖြစ်တယ်'

‘ထူးဆန်းလှချည်လား သူငယ်ချင်း၊ အဲဒါတွေ ငါမသိဘူး’

‘အဲဒါကြောင့် ပြောပြနေတာပေါ့ဟ’

‘နေဦး သေမင်းရဲ့ .. ဟစ်တလာနဲ့ ပလပ်စတစ်ဆာဂျီရီ ဘယ်လိုပတ်သက်သလဲ’

‘မလောစမ်းနဲ့ကွာ ဆိုင်လာလိမ့်မယ်၊ နားထောင် ဒီလိုဟ၊ အသက်ကြီးလာလေ တဖြည်းဖြည်းနဲ့ သူများအပေါ် ဩဇာညောင်းလာလေပဲ၊ သူ့မှာ အထူးခြားဆုံးက သူ့အသံနဲ့ ပြောပုံဆိုပေါက်ကွ၊ သူနဲ့ တခြားလူတစ်ယောက် ကိစ္စတစ်ခုခုကို အတိုက်အခံ ပြောရပြီဆိုတာနဲ့ ဟစ်တလာက ငါ့စကားနွားရ အတင်းစွတ်ရွတပြီး အော်ကြီးဟစ်ကျယ် ဖိနှိပ် ပြောတော့တာပဲ၊ နောက်ဆုံး သူ့မန်ကို ရှုံ့လာပြီး တစ်ဖက်က လျှော့သွားရော၊ လူကောင်ကြည့်တော့ ခပ်သေးသေးရယ်၊ မာန်ကတော့ ဘာကြီးသလဲ မမေးနဲ့၊ အဲဒီလိုနဲ့ ဟစ်တလာက သူ့ဂျာမနီ နိုင်ငံရေးလောကမှာ နေရာ ရလာတယ်၊ နေရာ တစ်နေရာ ရပြီဆိုတာနဲ့ ဟစ်တလာဟာ မလွှတတမ်း ဖမ်းဆွဲထားတော့တာပဲ’

‘ဘတ်စကားပေါ်မှာ နေရာပြေးလုတဲ့ လူတွေလိုပေါ့’

‘ကောင်းကောင်း နားထောင်ပါဆို’

‘အေးပါဟ’

‘ဟစ်တလာဟာ တစ်နေရာ ရလာပြီး ဂျာမနီ တစ်ပြည်လုံးကို မသိမ်းပိုက်မိခင် တစ်ခါကျ အစားမှားပြီး အကြီးအကျယ် ဝမ်းလျှောပါလေရော၊ သေခါနီးကို ဖြစ်သွားတာ၊ အဲဒီမှာမ ငါနည်းနည်း သတိထားမိသွားတာ’

‘ဈေးထဲက အစုံသုပ်တွေ သွားစားမိတာဖြစ်မှာပဲ’

---

‘ဂျာမနီမှာ အစုံသုပ် ရှိမလားဟဲ့၊ နားထောင်စမ်းပါ ..
ဟစ်တလာဟာ ဝမ်းလျှော့ပြီး သေကောင်းပေါင်းလဲ ဖြစ်နေတဲ့အချိန်မှာ တစ်ခု သွားတွေးမိတယ်၊ လူဆိုတာ အချန်မရွေး သေသွားနိုင်တာပဲ၊ ငါရုတ်တရက်သေသွားရင် ငါလုပ်ချင်တာတွေ မလုပ်လိုက်ရဘဲ နေမယ်၊ အဲဒီတော့ ငါ ရုတ်တရက် သေသွားလည်း ငါလုပ်ချင်တာတွေ ဆက်လုပ်လို့ရအောင် တပည့် တစ်ကောင် နှစ်ကောင်လောက်တော့ မွေးထားမှ ဖြစ်မယ်၊ မွေးထားမယ် ဆိုရင်လည်း ငါနဲ့ တစ်ပုံစံတည်း ချွတ်စွတ်တူပြီး ငါနဲ့ခွဲမရတဲ့ ကောင်မျိုးတွေ မွေးထားမှဖြစ်မှာ၊ ဒါမှ ငါ့လုပ်ကြံချင်တဲ့ကောင်တွေ ငါ့နေရာ ဝင်လုမယ့်ကောင်တွေ သိပ်စိတ်မချရတဲ့ ငါ့လက်အောင်ငယ်သားတွေက ငါသေသွားလည်း ငါရှိနေသေးတယ်လို့ ထင်ကြပြီး ငါလုပ်ချင်ရာတွေ ဆက်လုပ်နိုင်မှာ၊ အဲဒီကိစ္စကို ဂျာမနီတစ်ပြည်လုံး ငါ့လက်ထဲ ရောက်တာနဲ့ အကောင်အထည် ဖော်ရမယ်လို့ ကောက်တးကောက်ကွေ့ ကြံတော့တာပဲ၊ သိပ်မကြာခင်မှာပဲ ဟစ်တလာဟာ သူ့ဘုန်းကံနဲ့ ဂျာမနီ တစ်ပြည်လုံးကို အုပ်စီးနိုင်ပါလေရော၊ အဲဒီမှာတင် ငါပြောပြမယ့် တောက်တီးတောက်တဲ့ စီမံကိန်းကို စတော့တာပဲ၊
တစ်ဘက်က နိုင်ငံရေး ကိစ္စတွေ လုံးပန်းနေသလို တစ်ဘက်ကလည်း ဟစ်တလာက သူဝမ်းလျှောတုန်းက ကြံထားတဲ့အကြံကို အကောင်အထည်ဖော်ဖို့ ကြိုးစားတယ်၊ သိတဲ့အတိုင်းကွာ ဂျမနီဆိုတာကလည်း ပညာတတ်တွေ လူတော်တွေ ပေါတဲ့နိုင်ငံဆိုတော့ သိပ်မကြာဘူး၊ ဟစ်တလာက ဆရာဝန် တစ်သိုက် စုမိရော၊ အဲဒီ ဆရာဝန်တစ်သိုက်ဟာ သူ ညွှန်ကြားတဲ့အတိုင်း သူနဲ့ ချွတ်စွတ်တူတဲ့ နှစ်ကောင် သုံးကောင်ကို ကမ္ဘာပတ်ရှာလိုက်တာ တော်တော်ကြာတော့ နှစ်ကောင် ရလာတယ်၊ အဲဒီနှစ်ကောင်ကို ဟစ်တလာရဲ့ ဆရာဝန်တစ်သိုက်ဟာ လျှို့ဝှက်တဲ့ တစ်နေရာမှာ နည်းမျိုးစုံ သုံးပြီး ဟစ်တလာ ဖြစ်အောင် လုပ်ပစ်လိုက်ကြတာ ဘယ်လောက်တောင် အောင်မြင်သွားသလဲဆို အတုနှစ်ကောင်ဟာ ရုပ်မှာ ဟစ်တလာနဲ့ အမာရွတ်လေးက အစ ခွဲမရအောင် တူသွားတဲ့အပြင် စိတ်ပ် ဟစ်တလာ စိတ်အတိုင်း ဖြစ်သွားလို့ အတုနှစ်ကောင်ကို တစ်နေရာစီ ခွဲထားလိုက်ရတယ်’

‘ဟင် ဘာဖြစ်လို့လဲ’

‘ဘာဖြစ်ရမှာလဲကွ၊ ဟစ်တလာ အတု နှစ်ကောင်က သူတို့ကိုယ် သူတို့ ဟစ်တလာ အစစ်လို့ ထင်သွားကြတော့ အတူတူ ထားရင် မင်းက အတုကွ ငါက အစစ်ကွနဲ့ ထ ထထိုးနေကြတာကိုးဟ’

‘မင်းဟာကလည်းကွာ၊ အတုတွေကပဲ သူတို့ကိုယ် သူတို့ အစစ်ထင်ပြီး အချင်းချင်း ထထိုးရတယ်လို့’

‘တကယ်ဟ … ဟစ်တလာနဲ့ ဆရာဝန်တွေ စီမံကိန်းဟာ အဲလောက်ထိ အောင်မြင်သွားတာ၊ အဲဒီ အတုနှစ်ကောင် တစ်ကောင် တစ်စုစီ ခွဲထားလိုက်ပြီးတော့မှ ဆရာဝန် အဖွဲ့ခေါင်းဆောင် ပရော်ဖက်ဆာကြီးက ဟစ်တလာကို လာ အကြောင်းကြားတယ်၊ ဟစ်တလာလည်း လိုက်ပြီး တစ်ကောင်စီ ကြည့်တော့ တော်တော် အားရသွားတယ်၊ ဟစ်တလာ အားရလည်း အားရစရာကိုးကွ၊ အတုကောင်က ဟစ်တလာ အစစ်ကြီးတွေ့တာတောင် “ဟေ့ကောင် ငါ့ယောင်ဆောင်တဲ့ကောင် မင်းလာပြန်ပြီလား” ဆိုပြီး ထိုးမယ် ကြိတ်မယ် လုပ်ကြတာကိုး၊ ဟစ်တလာက သူ့စီမံကိန်း အောင်မြင်တော့ ဝမ်းသာပေမဲ့ တစ်ခု သွားသတိရတယ်၊ ငါ့အတွက်တော့ အတု နှစ်ကောင်ရတာ ကောင်းပေမဲ့ ငါ့မိန်းမအတွက်တော့ ယောကျ်ားသုံးယောက် ပေါင်းရမယ့်ကိန်း ဆိုက်နေပြီ၊ မဖြစ်ချေဘူး ဆိုပြီး သူ့ဘယ်ဘက်ခြေသန်းသူ ခုတ်ဖြတ်လိုက်တယ်၊ အတုနှစ်ကောင်န့ သူနဲ့ ကွဲအောင်လို့ပေါ့ကွာ၊ အဲဒီကိစ္စ ဘယ်သူမှ မသိကြဘူး၊ ငါရယ်၊ ဟစ်တလာရဲ့ မိန်းမရယ်ပဲ သိတာ၊ ဟစ်တလာကလည်း သူ့မိန်းမကို မှာထားတယ်၊ “နင့်ဆီငါ အေးအေးဆေးဆေးပဲ လာလာ၊ ကမူးရှူးထိုးပဲ လာလာ၊ ဘာမှ ပြောမနေနဲ့၊ ခြေထောက်သာ အရင်ဖမ်းကိုင်ကြည့် တစ်ချောင်းငုတ်တိုဆို ငါပဲ၊ ငုတ်တိုမတွေ့ရင် ငါ့အယောင်ဆောင်လာတဲ့ကောင်ပဲ၊ နင်မြဲမြဲမှတ်ထား” ဆိုပြီးမှာထားတယ်’

‘အတုကျ လုပ်ချင်တယ်၊ ဒါကျ အူတိုသလား’

‘ဟ အူမတိုလို့ ဖြစ်မလားကွ၊ ဟိုအတုနှစ်ကောင်က ဟစ်တလာ အစစ်ကြီးရဲ့ မိန်းမကိုလည်း သူတို့မိန်းမပဲလို့ မှတ်ထားအောင် ဆရာဝန်တွေက လုပ်ထည့်လိုက်တာကိုး’

‘ကိုယ့်ရှူးကိုယ်ပတ်တာပဲ’

‘ရှူးပတ်သလား ဘာပတ်သလဲတော့ မသိဘူး၊ ဟစ်တလာကြီးကတော့ ဟန်ကိုကျလို့ ငါ့ကောင်ရေ၊ အတုနှစ်ကောင်နဲ့ သူနဲ့ ဂျာမနီပြည်ကြီးကို တစ်လှည့်စီ အုပ်ချုပ်နေလိုက်တာ ပျော်လို့’

‘ဒါကြောင့် သမိုင်းထဲမှာ ဟစ်တလာဟာ သိပ် အလုပ် လုပ်နိုင်တယ်လို့ ဆိုထားတာကိုး၊ နေစမ်းပါဦး၊ ဟိုအတု နှစ်ကောင်ကရော ဟစ်တလာ မိန်းမကို တွေ့ချင်တယ် တကဲကဲ မလုပ်ဖူးလား’

---

‘လုပ်တာပေါ့ဟ၊ ဘယ်နေမလဲ၊ ဒါပေမဲ့ ဆရာဝန်တွေက အတု နှစ်ကောင်ကို “ခင်ဗျားမိန်းမ သံစူးလို့ သေပြီ” ဆိုပြီး ယုံလောက်အောင် ပြောထားကြတာ၊ ဘယ်လောက် ပိရိကြသလဲဆိုတော့ အသုဘအတုတွေ ဘာတွေတောင် ချပြလိုက်သေးတယ်’

‘ပိုင်တယ်ကွာ’

‘နာဇီတွေပဲဟာ နာဇီပိုင် ပိုင်ပစ်လိုက်တာပေါ့၊ အဲဒီလိုနဲ့ သရီးအင်ဝမ်း ဟစ်တလာဟာ အကျိုးနည်း အင်အားကြီးလာတာ ဥရောပ တိုင်းပြည်တွေကပါ ဖြုလာကြတယ်၊ ဟစ်တလာ အစစ်ကြီးက ဂျာမနီပြည်ကြီး အင်အား ကြီးလာတော့ ပြုံးပြုံးကြီး ကျေနပ်နေပေမဲ့ အတုနှစ်ကောင်က စစ်အင်အား ကြီးထွားလာတာနဲ့အမျှ မကျေနပ်နိုင်တော့ဘူး၊ အဲဒီမှာတင် အတုတစ်ကောင်က နယ်ချဲ့ဖို့လုပ်တယ်၊ နောက်တစ်ကောင်က ဂျူးတွေ သတ်ဖို့ ကြံရော၊
အတုနှစ်ကောင်ရဲ့ အကြံအစည်ကို အစစ်က ကြားတော့ တို့သုံးယောက် စိတ်ဝမ်းမကွဲမှ ဖြစ်မယ်ဆိုပြီး ဂျူးတွေ ဖမ်းသတ်လို့ နယ်ချဲ့ပစ်လိုက်တာ အတိုချုံး ပြောရရင်ကွာ ကမ္ဘာစစ်ကြီး ထဖြစ်ပါရောလားဟ’

‘ဒီကိစ္စတွေ အဘ သိပြီးပါပြီကွဲ့’

‘ငြိမ်ငြိမ် နားထောင်စမ်းကွာ၊ မင်းမသိတာတွေ ပြောပြနေတာဟ၊ ဟစ်တလာတို့ တစ်သိုက်ကလည်း ဟိုနိုင်ငံ ဝင်သိမ်း သည်နိုင်ငံ ဝင်သိမ်း သိမ်းကြ၊ အသိမ်းခံရတဲ့ နိုင်ငံတွေကလည်း အသိမ်းသာ ခံလိုက်ရတယ် ကြွက်စိကြွက်စိနဲ့ ပြန်ချ၊ အသိမ်းမခံရသေးတဲ့ နိုင်ငံတွေကလည်း သူတို့ပါ အသိမ်းခံရမှာစိုးလို့ ဝင်ချ၊ ဟစ်တလာတို့ကလည်း ခံချ လိုက်ချ၊ အဲဒီလို ပတ်ချာလည် သတ်ပုတ်နေကြတုန်း ဗြုန်းဆို အစည်းအဝေး တစ်ခုမှာ ဟစ်တလာကို ဖုံးထောင်ပြီး လုပ်ကြံခံရပါလေရော’

‘ဟစ်တလာ မလာခင် ဗုံးကွဲ သွားတာလေကွာ၊ စာတစ်အုပ်ထဲ ငါဖတ်ဖူးတယ်’

‘ဘယ်ကလာ ငါ့ကောင်ရဲ့ … ဟစ်တလာ မလာခင် ကွဲတာမဟုတ်ဘူး၊ ဟစ်တလာ ဖင်အောက်မှာကို တည့်တည့်ကွဲတာဟ၊ ဟစ်တလာဆိုတာ စက္ကူစုတ် ခွေးဆွဲသလို တစ်စစီကို စုတ်ပြတ်သွားတာ’

‘ဟုတ်လို့လားဟ’

‘အဟုတ်ပဲ ဟေ့ကောင်ရေ၊ စာအုပ်တွေထဲ ရေးထားတာ အလကား၊ အခန်းထဲ ဗုံးကွဲတုန်းက အားလုံး ဝရုန်းသုန်းကားနဲ့ ဘယ်သူမှ ဘာမှမှတ်မိတာ မဟုတ်ဘူး၊ နောက်မှ ဒီလိုဖြစ်လောက်တယ်ဆိုပြီး မှန်းရေးကြတာ၊ အဲဒီတုန်းက အခန်းထဲမှာ ငါလည်း ရှိတယ်ကွ၊ စက္ကူစုတ် ဖြစ်သွားတဲ့ ဟစ်တလာက အစစ်တော့ မဟုတ်ဘူး၊ အတုနှစ်ကောင်ထဲက တစ်ကောင်ဟ၊ အဲဒီတုန်းက ဟစ်တလာအစစ်က ကြွက်ထောင်ချောက်ကို သွားဆော့လို့ လက်ညှပ်မိပြီး ဆေးကျိတ်ကုနေတာ’

‘အခန်းထဲ မင်းလည်းရှိတယ် ဆိုတော့ မင်းရော တစ်စစီ ဖြစ်မသွားဘူးလား’

‘အေးလေ ကောက်ရိုက်တံတောင် အီကြာကွေးလိုဖြစ် အာ .. ဟဲ့ကောင် .. သေမင်းက ဗုံးကွဲလို့ သေမလားဟ’

‘ဩော် အေး အေး ဆက်ပြော’

‘ဟစ်တလာ ကို လုပ်ကြံတာ အင်္ဂလိပ်ဘုရင်မကြီးကွ၊ အဲဒီတုန်းက ဟစ်တလာက အင်္ဂလန်ကျွန်းတစ်ခုလုံး ငါ့လေတပ်နဲ့ ဗုံးကြဲပြီး အာပုံလုပ်ပစ်မယ်လို့ ကြုံးနေတာကိုး၊ အဲဒီ သတင်းကြားလို့ အင်္ဂလိပ်ဘုရင်မကြီးက ဂျိမ်းစဘွန်းအဖေကို ဗုံးသွားထောင်ခိုင်းတာ’

‘လက်စသပ်တော့ ဂျိမ်းစဘွန်းဆိုတာ မျိုးနဲ့ရိုးနဲ့ သူလျှိုလုပ်စားလာတာကိုး’

‘ဂျိမ်းစဘွန်းအဖေ ဗုံးထောင်တာ ဟစ်တလာ မသေဘူးလည်း ကြားရော အင်္ဂလိပ်ဘုရင်မကြီးခမျာ ကြောက်လွန်းလို့ ဂါဝန်ထဲ ရှူးရှူး ဖြန်းဖြန်းကျတယ်ဆိုပဲ’

‘အေးလေ၊ သူ့တိုင်းပြည်ကြီး အာပုံကြီး ဖြစ်သွားမှာကိုတော့ ခမျာ ကြောက်ရှာမာပေါ့’

‘ဒါပေါ့ဟ၊ ဒါပေမဲ့ ဟစ်တလာက သူ့အတုတစ်ကောင် စက္ကူစုတ် ဖြစ်သွားတော့ လန့်သွားပြီး အင်္ဂလိပ်ကို တိုက်သင့်မတိုက်သင့် ဗေဒင်ခေါ်မေးတယ်’

‘ဟစ်တလာက ဗေဒင်မေးသလား’

‘ဗေဒင်မေးရုံ မကဘူး ကိုယ့်လူ၊ ဟစ်တလာ ကိုယ်တိုင်တောင် အောက်လမ်း တော်တော်စွမ်း ဆိုပဲ’

‘အောက်လမ်း စွမ်းတယ်ဆိုတော့ ကုန်သည်လမ်း တစ်ဝိုက် ခါးပိုက်နှိုက် လုပ်ဖူးတယ် ထင်တယ်’

---

‘ပေါက်ကရ မပြောစမ်းနဲ့ကွာ၊ အကြောင်းအရာ သိမ်ဖျင်းသွားမယ်၊ ဟစ်တလာ ဗေဒင်ခေါ်မေးတော့ ဗေဒင်ဆရာကပြောတယ်၊ အတိတ်နိမိတ်အရ အင်္ဂလိပ်ဆိုတာ အင်္ဂတေတောင် လိပ်သွားမဲ့သဘော၊ ဗြိတိန်ဆိုလည်း မကောင်းဘူး၊ ခင်ဗျားစစ်တပ်ကြီး ဗြိကနဲကွဲလို့ ခင်ဗျားခေါင်းကို တိန်ခနဲ အခေါက်ခံရသလို ဖြစ်မယ့်ကိန်း၊ ဗြိတိသျှဆို ပိုဆိုးသေးတယ်၊ ခင်ဗျား စဉ်းစားကြည့်၊ ရှတယ်ဆိုတာ ဘာ ရှ ရှ မကောင်းဘူး၊ စပ်ဖျဉ်းဖျဉ်းနဲ့ အခုတောင် ခင်ဗျားကြည့်၊ ဝိတိုရိယဘုရင်မကြီးမို့လို့၊ ဝိရှည်ရိယဘုရင်မကြီးဆို ခင်ဗျားပါ သေမယ့်ကိန်းရှိတယ်၊ အဲဒီတော့ အင်္ဂလန်ကို မဆော်နဲ့ အာဖရိကကိုနှံ၊ အာဖရိကဆိုတော့ အတိတ်နိမိတ်ကောင်းတယ်၊ ကပြီးတောင် နေလို့ရဦးမှာလို့ ဗေဒင်ဆရာကပြောတယ်၊ အဲဒီဗေဒင်ဆရာလည်း ဟစ်တလာရဲ့ လက်စွဲကွ၊ သူ့အလံ ဘာတံဆိပ် တပ်ရမှန်းမသိတုန်းကတောင် ဒီဗေဒင်ဆရာပဲ စကြာမင်းဖြစ်မယ့် နိမိတ်နဲ့ စကြာပုံတပ် ဆိုပြီး လုပ်ပေးခဲ့တာ၊ အာရှတိုက်သား အချို့တောင် ဟစ်တလာကို စကြာမင်းပေါ်ပြီဆိုပြီး အဲဒီတုန်းက ယူဆခဲ့ကြသေးတယ်’

'မင်းပြောတာ ဟုတ်သားဟ သေမင်းရဲ့ နာဇီအလံဆိုတာ စကြာတံဆိပ်ကြီးနဲ့ပဲ'

'ဒါပြောတာပေါ့ ငါ့ကောင်ရ၊ အဲဒါနဲ့ ဟစ်တလာလည်း အင်္ဂလိပ်ကျွန်းကို မချတော့ပဲ စိတ်ပြောင်းသွားပြီး အာဖရိကကို နှံမယ် လုပ်နေတုန်း တစ်ရက်မှာ ကောက်ကာငင်ကာ မိန်းမနဲ့ ထရန်ဖြစ်တော့ ဟိုက နှုတ်ခမ်းမွေး တစ်ပြုံလုံး ဆောင့်ဆွဲ နှုတ်လိုက်တာ အုံလုံးကျွတ်သွားလို့ နှုတ်ခမ်းမွေးမရှိရင် ဟစ်တလာလုပ်လို့မရဘူး ဆိုပြီး ဟစ်တလာကြီး ခများ အိမ်တွင်းအောင်းလို့ နှုတ်ခမ်းမွေးရှည်အောင် ပြန်ထားနေရရှာတယ်၊ အစစ်ကြီး နှုတ်ခမ်းမွေး အုံလိုက်ပြုတ်လို့ ပုန်းနေရတော့ အခြေအနေတွေ အားလုံးကို မသေပဲကျန်တဲ့ ဟစ်တလာအတုက ဘယ်သူ့မှ မတိုင်ပင်ဘဲ မပြောမဆို ရုရှားကို သွားဆော်ပါလေရော၊ ရုရှားဆိုတာလည်း သိတဲ့အတိုင်းပဲကွာ၊ တပ်နီတော်သာ ဆိုတယ်၊ အားလုံးက နှင်းတွေကြားထဲ ဖြူဖွေးနေကြတာ ဆိုတော့ ဟစ်တလာ အတုတို့ အုပ်စုလည်း မမြင်မစမ်းနဲ့ အားလုံး ရမ်းသမ်း တိုက်ကြရင်း တိုတို ပြောရရင်ကွာ တစ်ကမ္ဘာလုံး သိတဲ့အတိုင်း ဟစ်တလာတို့ စစ်ရှုံးကြပါလေရော'

'စစ်ရှုံးတော့ ဟစ်တလာက တောထဲက စစ်စခန်း တစ်ခုမှာ နောက်ဆုံးပုန်းနေခဲ့တယ်ဆ'

'အဲဒါပြောမလို့ဟ၊ အခုမှ ပလပ်စတစ်ဆာဂျီရီ ကိစ္စ အဓိက ကျတဲ့ နေရာရောက်လာတာ'

'အမယ် လုပ်စမ်း'

'ဟစ်တလာတို့ တစ်သိုက် သူများကို လုပ်တုန်းက သွားလုပ်ထားပြီး စစ်လည်းရှုံးရော အတုရော၊ အစစ်ရော၊ အမျိုးတွေ တပည့်တွေရော ခွေးပြေးဝက်ပြေး ပြေးကြရတာပေါ့ကွာ၊ ဒါပေမဲ့ နောက်ဆုံး ဘယ်လိုမှပြေးလို့ မလွတ်နိုင်မှန်း သိတော့ တောထဲက စစ်စခန်း တစ်ခုထဲ အားလုံး သွားပုန်းနေကြတယ်၊ အဲဒီ စစ်စခန်းထဲမှာ ဟစ်တလာ အစစ်ကြီးရော၊ အတုရော၊ ဟစ်တလာရဲ့ ဗေဒင်ဆရာရော၊ အတုလုပ်ပေးတဲ့ ဆရာဝန်ကြီးရော၊ တခြား တပည့်တပန်းတွေရော အားလုံး စိတ်ညစ်ညစ်နဲ့ ငုတ်တုတ် ထိုင်မှိုင်နေကြတာပေါ့၊ အဲဒီမှာ အားလုံး ငြိမ်နေပေမဲ့ ဟစ်တလာ အတုက အစစ်ကို တွေ့တော့ တစခန်းထပြီး "ဟေ့ကောင် မင်းပေါ်လာပြန်ပြီလား" ဘာလားနဲ့ အစစ်ကို သွားဟောက်လို့ နပန်းလုံးမယ် ဘာညာ သောင်းကျန်းနေတာနဲ့ ဆရာဝန်ကြီးက မေ့ဆေးထိုးထည့်လိုက်တာ မေ့သွားရော၊ အဲဒီမှာ ဟစ်တလာ အစစ်ကြီးက စိတ်ညစ်ညစ်နဲ့ ကျန်တဲ့လူတွေကို ပြောတယ်၊ "ငါ့တပည့်တွေ မင်းတို့လည်း လွတ်ရာလွတ်ကြောင်း လိမ့်ရင်လည်း လိမ့်ကြတော့၊ ဗေဒင်ဆရာနဲ့ ဆရာဝန်ကြီး ခင်ဗျားတို့လည်း ညောင်းရင်ညောင်းတော့၊ ကျုပ်ကတော့ ကျုပ်ရုပ်ကြီးကို တစ်ကမ္ဘာလုံးက သိနေတော့ ဘယ်မှပြေးလို့လွတ်မှာ မဟုတ်ဘူး၊ ဒီမှာပဲ ပန်းနေတော့မယ်" လို့ ပြောတယ်၊ ဟစ်တလာရဲ့ တပည့်တွေကလည်း အချင်းချင်း တိုင်ပင်တယ်၊ ငါတို့ လျှောက်ပြေးနေလည်း လွတ်မှာ မဟုတ်ဘူး၊ မပြေးနိုင်တော့တဲ့အိုကြီးအိုမကျခကာမှ အဖမ်းခံရရင် ပိုဆိုးမှာ၊ အဲဒီတော့ ဒီမှာပဲ သေပစ်လိုက်ကြတာအေးတယ်ဆိုပြီး ခါးကြားက လျှို့ဝှက်ပစ်စတိုတွေနဲ့ ကုယ့်ဟာကိုယ် သတ်သေလိုက်ကြတာ တပည့်တွေရော အမျိုးတွေရော အားလုံးသေကုန်ကြရောဟ'

'ဒါဆို အဲဒီတုန်းက အဲဒီစခန်းထဲ မင်းလည်းရှိနေတာပေါ့'

'ရှိတာပေါ့ဟ၊ ငါက ဒီကောင်တွေ တစ်သိုက် ဘာလုပ်မလဲ သိချင်လို့ သွားကို ထိုင်ကြည့်နေတာ၊
အားလုံး သေကုန်ကြပေမဲ့ ဟစ်တလာ အစစ်ကြီးရယ်၊ ဗေဒင်ဆရာရယ်၊ ဆရာဝန်ကြီးရယ်၊ မေ့နေတဲ့ အတုကောင်ရယ်က မသေဘဲ ကျန်နေတယ်၊ ဆရာဝန်က ကိုယ့်ကိုယ်ကို သတ်မသေရဲတာနဲ့ ဗေဒင်ဆရာကို "ကြံစမ်းပါဦးဟ" ဆိုတော့ ဗေဒင်ဆရာက စဉ်းစားပြီး "ဒီလိုလုပ်ကြရင် မကောင်းဘူးလား၊ အလကားနေရင်းတော့ ကျုပ်တို့ အသေမခံနိုင်ဘူး၊ ဒီတော့ ဆရာဝန်ကြီး ခင်ဗျားက ရုပ်တွေပြောင်းသွားအောင် ခွဲစိတ်ပြုပြင်တတ်တာပဲ၊ ကျုပ်ရယ်၊ ခင်ဗျားရယ်၊ ဟစ်တလာကြီးရယ် ရုပ်ပြောင်းရုပ်လွှဲ လုပ်ပြီး တစ်နေရာ လစ်ကြရင် မကောင်းဘူးလား၊ ဒီမှာတော့ မေ့နေတဲ့ ဒီအတုကောင်ကို သူ့ထိုက်နဲ့သူ့ကံ ထားခဲ့လိုက်မယ်ဗျာ၊ သူသတိရလာရင်လည်း သူ့ဟာသူ ဟစ်တလာ ထင်နေတော့ ဝင်ဖမ်းမယ့်ကောင်တွေ ရောက်လာလည်း ဒင်းကိုပဲ နှံကြမှာ၊ မရောက်လာလို့ ဒီစခန်းကြီး မီးထလောင်ရင်လည်း သေပစေဗျာ၊ ဘယ်လိုလဲ ကျုပ်အကြံ" ဆိုပြီး ကတ်သီးကတ်ဖဲ့ အိုင်ဒီယာ ထုတ်ပါလေရော၊
ဗေဒင်ဆရာ အကြံကို သုံးယောက်သား သဘောတူပြီးတော့ ခိုးကြောင်ခိုးဝှက်နဲ့ ဆရာဝန်ကြီးရဲ့ ခါတ်ခွဲခန်းအထိ ရောက်အောင်သွားကြတယ်ဟ၊ ငါလည်း စိတ်ဝင်စားလို့ လိုက်ကြည့်တယ်၊ ဆရာဝန်ကြီး ခါတ်ခွဲခန်းလဲ ရောက်ရော တစ်ခါ ခက်နေကြပြန်ရော'

'ဘာဖြစ်လို့လဲ'

‘ဘာဖြစ်ရမလဲဟ၊ ပလတ်စတစ်ဆာဂျီရီကို ဆရာဝန်ကြီး တစ်ယောက်ပဲ လုပ်တတ်တာ၊ ဟစ်တလာကြီးနဲ့ ဗေဒင်ဆရာက ဘာမှသိတာမှ မဟုတ်ပဲ၊ အဲဒီတော့ ဟစ်တလာနဲ့ ဗေဒင်ဆရာ ရုပ်တွေကိုပဲ ပြောင်းလို့ရမှာ၊ ဆရာဝန်ကြီး ရုပ်ကျ ဘယ်သူက လာလုပ်ပေးမှာတုံး’

‘အဲ ဟုတ်သားဟ’

‘ဒါပေမဲ့ ဉာဏ်နီဉာဏ်နက် ကြံစည်ဖို့ဆို ဟစ်တလာထက်တောင် သူ့ဗေဒင်ဆရာက စွမ်းသေး၊ ဘာပြောတယ် မှတ်လဲ “ကျုပ်တို့ ဒီလိုလုပ်ရအောင်ဗျာ၊ ဆရာဝန်ကြီး .. ခင်ဗျားက ကျုပ်ကို မိန်းမဖြစ်သွားအောင်၊ ဟစ်တလာကြီးကို အသက်ခပ်ကြီးကြီး မိန်းမကြီး ဖြစ်သွားအောင် ခွဲစိတ်ပြီးပြောင်းပေး၊ ဒါမှ ကျုပ်က ခင်ဗျားမိန်းမယောင်ဆောင်၊ ဟစ်တလာကြီးက ကျုပ်အမေ ခင်ဗျား ယောက္ခမကြီး ယောင်ဆောင်ပြီး တစ်နေရာလစ်လို့ရမှာ” လို့ ပြောတယ်၊ ဒါပေမဲ့ ဆရာဝန်ကြီးက ပြောတယ်၊ “နင်တို့ နှစ်ယောက်ကျ မိန်းမကြီးတွေ ဖြစ်သွားတော့ ဘယ်သူမှမသိတော့ဘူး၊ ငါ့မျက်ခွက်ကြီးကျ ဘယ်လိုလုပ်ကြမလဲ” ဆိုတော့ ဟစ်တလာကြီးက ဝင်အကြံပေးတယ်၊ “အလွယ်လေးဗျာ၊ ခင်ဗျားရှည်နေတဲ့ နှာခေါင်းကြီး နည်းနည်းလှီးထုတ်လိုက်၊ နောက် ပါးတစ်ဖက်ကို ဓါးနဲ့ခွဲပြီး ပြန်ချုပ်လိုက်၊ နည်းနည်းရုပ်ပျက်သွားတော့ ဘယ်သူမှ မသိနိုင်တော့ဘူး၊ နောက် အေးအေးချမ်းချမ်း တစ်နေရာရောက်မှ ဆာဂျီရီပညာ ကျုပ်တို့ကို သင်ပေး၊ ခင်ဗျားကို ကျုပ်တို့ ရုပ်ပြန်ဖျက်ပေးမယ်၊ ဘယ်လိုလဲ’ ဆိုတော့ အားလုံး သဘောတူတာနဲ့ ခွဲစိတ်ပြုပြင်လိုက် ကြတာ ပုန်းလျှိုးကွယ်လျှိုး ကိုးရိုးကားယားနဲ့ နောက်ဆုံးတော့ အောင်မြင်သွားရော၊
အဲဒီတော့မှ ဗေဒင်ဆရာကြီး တစ်ဖြစ်လဲ မိန်းမက ဆရာဝန်ကြီးကို ဒါလင်ခေါ်ပြီး ဗေဒင်ဆရာနဲ့ ဆရာဝန်လင်မယားက ဟစ်တလာမကြီးကို မာမီ မာမီနဲ့ တရိုတသေ ဂရုစိုက်ပြုစုလို့ သုံးယောက်သား ဂျာမနီပြည်ထဲက တခြားကို ခပ်တည်တည် ထွက်သွားလက်ကြတာ ဘယ်သူမှ မရိပ်မိဘူး ဆိုပဲ’

‘ကောင်းကြရောပေါ့ကွာ၊ အဲဒါကြောင့် ဟစ်တလာ သေမသေတို့ ဘာတို့ ညာတို့ အခုထိ သမိုင်းဆရာတွေ ငြင်းကောင်းတုန်း ဖြစ်နေတာကိုး’

‘ရှူးတိုးတိုးကွ၊ ဘယ်သူ့မှ လျှောက်မပြောနဲ့၊ ငါက မင်းကိုပဲ ခင်လို့ ပြောပြတာ’

‘အေးပါဟ၊ ဒါနဲ့နေဦး ဟစ်တလာမကြီး အဲ အဲ .. မာမီ ဟစ်တလာကြီး နောက်တော့ ဘာဖြစ်သွားလဲ’

‘ဟိုးတလောကမှ စကင်ဒီနေးဗီးယန်းမှာ အသက်ကြီးလို့ သေသွားပြီ’

‘ဆရာဝန်နဲ့ ဗေဒင်ဆရာကရော’

‘သူတို့က မာမီ ဟစ်တလာထက် စောပြီး အစောကြီး သေသွားကြတာ၊ နှစ်လောင်းပြိုင် ငါ့လူရေ’

‘ဟ ဘယ်လိုဖြစ်လို့လဲ’

‘ဗေဒင်ဆရာက မိန်းမဘဝ ပြောင်းလိုက်တော့ တကယ့် မိန်းမစိတ် ဝင်သွားပြီး သူ့ယောကျ်ား ယောင်ဆောင်တဲ့ ဆရာဝန်ကြီးကို တကယ်ကြိုက်သွားတာကွ၊ အဲဒါနဲ့ ဆရာဝန်ကြီးက သူ့ကို လက်ထပ်ချင်လာအောင် နှူးနေတုန်း ဆရာဝန်ကြီးကလည်း တခြား တကယ့် မိန်းမအစစ် ကောင်မလေး တစ်ယောက်ကို သွားကြိုက်တော့ ဗေဒင်ဆရာ ဒေါပွပြီး တစ်ည အိမ်ပေါ်တက် စာရင်းရှင်းကြရာက တစ်ယောက်ကို တစ်ယောက် သေနတ်နဲ့ ပစ်ကြလို့ ဆရာဝန်ကြီးရော ဗေဒင်ဆရာယောကျ်ားမိန်းကြီးရော သေရောဟ’

‘ဒါနဲ့ နေဦး သေမင်းရဲ့၊ မင်းပြောတဲ့ပုံကို ဘယ်သူ့မှ လျှောက်မပြောနဲ့ဆိုတော့ ငါက စာအုပ်ထဲ ဘယ်လိုထည့်ရေးမလဲ’

‘ဒီလို လုပ်ပေါ့ကွာ’

‘ဘယ်လိုလဲ’

'မင်းကလည်း ရေးတဲ့အခါမှာ တစ်ယောက်တည်း တိုးတိုးတိတ်တိတ် ရေး၊ ဖတ်တဲ့လူကလည်း ဖတ်တဲ့အခါကျ တစ်ယောက်ထဲ သူ့ဟာသူ တိုးတိုးတိတ်တိတ် ဖတ်လိမ့်မယ်၊ ဒါဆို ဘယ်သူမှလျှောက်ပြောရာ မရောက်တော့ဘူး၊ မကောင်းဘူးလား၊ ငါပေးတဲ့ အကြံ'

'ငါ'

'သွားဦးမယ် အရိုးရာ .. ငါအလုပ်တွေ ရှိသေးတယ်ဟ'

'နေပါဦးဟ မင်းကလည်း'

ကျွန်ုပ်သည် တတ်နိုင်သလောက် အချိန်ဆွဲ၍ ဒင်းအား ခေါ်သွားရန် ကြိုးစားသော်လည်း သေမင်းမှာ တားမရသည့် သူ့သဘာဝအလျောက် ဖြုတ်ခနဲ ပျောက်၍ သွားလေ၏။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

---

## သေရည်အစ ဂျန်းဂဲလ်က

ပျောက်ချင်လျှင် ပျောက်သွား၍ ပေါ်လာချင်လျှင် နေရာဒေသမရှောင် ကျွန်ုပ် လန့်ဖြန့်အောင် ပေါ် ပေါ်လာတတ်သော သေမင်းသည် တစ်ညနေ ကျွန်ုပ်အိမ်၌ စာရေးနေစဉ် အနားမှာ ဝါးကနဲ ပေါ်လာလေ၏။

'ဟဲ့ကောင်'

'ပလုတ်တုတ် အား .. လန့်လိုက်တာကွာ ငါ့နှယ်'

'ဘာလုပ်နေသလဲ နင်'

'မမြင်ဘူးလား ငါစာရေးနေတယ်၊ သွားစမ်းပါ သေမင်းရာ .. မင်းတော်ရာ သွားနေစမ်းပါ၊ ငါ အာရုံ ပျက်လွန်းလို့'

'အလယ်လယ် .. တယ်လာတဲ့ ကောင်ပါလား ... မင်းကများ သေမင်းကို တောရာသွားနေလေး ဘာလေးနဲ့၊ ဟေ့ကောင် သေသွားချင်သလား'

'ရှိကြီးခိုးပါရဲ့ သေမင်းရာ၊ ဒီမှာ ပြီးခါနီးလေးမို့လို့ ခဏလောက် ငြိမ်ငြိမ်နေစမ်းပါ၊ ငါရေးစမ်းပါရစေ'

'ဘာတွေ ရေးနေတာလဲ'

'အာ .. သေမင်းလုပ်ပြီး မိန်းမလျာကြီး ကျနေတာပဲ၊ စပ်စုလိုက်တာကွာ၊ ခဏစောင့် ကိုယ့်လူ၊ တစ်မျက်နှာလောက်ပဲ ကျန်တော့တယ်၊ ပြီးရင် ပေးဖတ်မယ်၊ သွားကွာ သွား ဟိုနားလေး ခဏထိုင်နေ'

'အမလေးကွာ တိုထွာရန်ကော၊ မင်းဟာတွေ ပြီးလည်း မဖတ်ဘူး ဟေ့ကောင် .. ငါ့နှယ် မင်းနဲ့ပေါင်းရတာများ အောက်ကျနောက်ကျ နိုင်လိုက်တာ'

သေမင်းသည် ပါးစပ်မှ ပွစိပွစိ ပြောနေသော်လည်း ကျွန်ုပ်အနားမှ ထကာ တစ်နေရာ သွားထိုင်နေပေးရှာလေသည်။ ကျွန်ုပ်လည်း ရေးလက်စကို အလျင်အမြန် နောက်တစ်ခါ ဒင်း လာမနှောက်ယှက်ခင် လက်စသတ်ရသေး၏။ ပြီးသည်ရှိသော် ကျွန်ုပ်သည် စာမူများအား သေမင်းကို ပြလေ၏။ သေမင်းလည်း တစ်ရွက်ချင်းဖတ်၏။ ညှဲ့ဖျင်းလှသော ကျွန်ုပ်လက်ရေးကြောင့်

အချို့နေရာများတွင် သေမင်း နားမလည်ဘဲ အူကြောင်ကြောင် ဖြစ်နေလျှင် ကျွန်ုပ်ဘေးမှ ဝင် ဝင်ရှင်းပြနေရလေ၏။ ဖတ်ပြီးသော် သေမင်းက ကျွန်ုပ်အား

'ဟိုတစ်နေ့က ငါပြောပြတဲ့ ဟစ်တလာအကြောင်း မင်းပြန်ရေးထားတာပဲ'

'အေးလေ'

'မင်း မဆိုးတော့ဘူး အရှီး .. အရေးအသား တိုးတက်လာတယ်၊ လက်ရေးတော့လှအောင် ကျင့်စမ်းကွာ၊ တော်တော် စုတ်ပဲ့တဲ့ လက်ရေး၊ ဆရာဝနတွေထက်တောင် ဆိုးသေးကွာ'

'လေကြီးလေကျယ် သေမင်းရာ၊ ငါ့များ လက်ရေးညံ့သလေး အရေးအသား တိုးတက်လာသလေး ပြောရအောင် မင်းက အယ်ဒီတာမို့ လာဝေဖန်နေတာလား'

'ကျေးဇူးမတင်တဲ့အပြင် ပြောပုံက .. အဲဒါကြောင့် မင်းတုံးနေတာ အရှီးရဲ့၊ ဒီမှာ ဟေ့ကောင် ဝေဖန်သူရှိမှ တိုးတက်တာဟ'

'ဝေဖန်ခံနိုင်မှ တိုးတက်တာတော့ ဟုတ်တယ်၊ ဒါပေမဲ့ မင်းဝေဖန်စရာ မလိုဘူး၊ တော်ပြီ ကိုယ့်လူ၊ ငါခါးညောင်းနေတယ်၊ ကန်တော်ကြီးဘက် လမ်းသွားလျှောက်မလို့၊ မင်းလိုက်ချင်လိုက် မလိုက်ချင်နေ'

'လိုက်မှာပေါ့ဟ ဘယ်နေလိမ့်မလဲ'

'ဒါဆို လာကွာ'

ထိုသို့ဖြင့် ကျွန်ုပ်တို့ နှစ်ယောက်သား ကန်တော်ကြီးဘက် လမ်းသလားကြသည်ရှိသော် တစ်နေရာတွင် မျက်နှာချင်းဆိုင်မှ ယိုင်တိုင်ယိုင်တိုင်နှင့် လျှောက်လာသော လူတစ်ယောက်နှင့် ဆိုင်မိလေ၏။ ထိုလူသည် ကျွန်ုပ်နှင့် လက်တစ်ကမ်း အကွာသို့ ရောက်သော် အနိုင်နိုင် မတ်တပ်ရပ်၍ အရက်ခိုးဝေကာ ပိတ်မတတ်ဖြစ်နေသော မျက်လုံးများနှင့် ကျွန်ုပ်အား ကြည့်လေ၏။ ထို့နောက် လက်ညှိုးတစ်ချောင်းဖြင့် တောင်ထိုးမြောက်ထိုး ထိုးကာ ဗလုံးဗထွေး လေသံနှင့် ကျွန်ုပ်အား

'ကိုကျော်ဝီး မှုတ်လား'

'ဘယ်က ကိုကျော်ဝင်းတုံး၊ ကျုပ် ကိုကျော်ဝင်း မဟုတ်ဘူးဗျ'

'ရှောဒီးဗျာ၊ ကိုကျော်ဝီး မှုတ်လည်း တထုတ္တညီမား၊ ကျုပ် ပြတ်တနာဖစ်နေတယ်'

'ဘာပြဿနာ ဖြစ်နေတုံး'

'ကျုပ် ပြတ်တနာ ဖစ်နေဒါ၊ ကျုပ် ဟိုနားက ရှောလာဒယ်၊ ဒီနားမှာ မစတော့ဘူး'

'ခင်ဗျားက ဟိုနားက လျှောက်လာပြီး သည်နားကျ ဘာတွေ မရှိတော့တာတုံး၊ ရှင်းရှင်း လုပ်စမ်းဗျာ'

'ပြတ်တနာ အဲဒါ၊ အဲဒါကို ပြောနေဒါ၊ ဟိုနားက ရှောလာဒုန်းက စိဒယ်၊ ခု မစိတော့ဘူး'

'အေးလေ ဘာမရှိတော့တာတုံး'

'ပရှိုးလေ ပရှိုး ပရှိုး သိဒယ်ဟလား၊ ဒီလို ဒီလို'

'လုံချည်ဝတ်သည့်ပုံစံ လုပ်ပြနေသဖြင့် ၎င်းအား သတိထားကြည့်မိရာ အောက်ပိုင်းမှာ အားကစား ဘောင်းဘီတိုသာ တွေ့ရပြီး ၎င်း၏ ပုဆိုးမှာ လည်ပင်းတွင် စလွယ်သိုင်းနေလေ၏။ ကျွန်ုပ်မှာ ၎င်းဖြစ်နေပုံကို ရယ်ချင်လှသော်လည်း အောင့်အီးလျက်က

'ခင်ဗျား ပုဆိုးက ခင်ဗျား လည်ပင်းမှာ သိုင်းလာတာ မဟုတ်ဘူးလား'

'အင်'

'ခင်ဗျား ပုဆိုး ခင်ဗျား လည်ပင်းမှာ'

'ပရှိုး လပင်းမှာလား ဘယ်လို ဖစ်သွားဒါရဲ'

---

စမ်းကြည့်၍ သူ့ပုဆိုးနှင့်သူ လုံးထွေးနေသေး၏။ နှုတ်မှလည်း "သိုင်းကျူး ကိုကျော်ဝီး" ဟု ကျွန်ုပ်အား ဗလုံးဗထွေးပြောနေ၏။ ကျွန်ုပ်နှင့်သေမင်းလည်း ၄င်းအားထားခဲ့ကာ ဆက်လောက်လာခဲ့ကြရာမှ သေမင်းက

'ကိုယ့်ပုဆိုး ဘယ်နားရောက်နေမှန်းမသိအောင်တောင် သောက်စရာလားကွာ၊ ဒီလူတော့ ငါနဲ့ မြန်မြန် တွေ့ဦးမယ်'

'အမလေး သေမင်းရယ်၊ မင်းနဲ့ မြန်မြန်တွေ့ရမယ့် ကစော်သမားတွေ အများကြီးဟ'

'မဟုတ်သေးပါဘူးကွာ၊ ဒီလောက် သောက်နေစရာလားဟ၊ ဘယ်ခေတ်ကတည်းကစပြီး ဒီလောက်တောင် မူးရူးနေကြလဲ မသိဘူး'

ဤတွင် အကွက်ရသဖြင့် ကျွန်ုပ်လည်း အလျှင်အမြန် ဖြတ်ပြောရ၏။

'ဘယ်ခေတ်က စသလဲ ငါပြောပြမယ်လေ၊ မင်းကို ကြွေးကျန်တဲ့ ပုံပြင်သုံးခုထဲက တစ်ခုလို့ သဘောထားမလား'

သေမင်းသည် တစ်ချက်တွေသွား၏။ ပြီးမှ

'ဘယ်ခေတ်က အရက်စပေါ်လဲ ငါ့တန်ခိုးနဲ့ ကြည့်ရင်ရတာပဲ၊ ဒါပေမဲ့ ပြောစမ်းကွာ၊ မင်း ပေါက်ကရပြောတာပဲ ငါနားထောင်တော့မယ်'

'အိုကေ သယ်ရင်း .. ဟိုနား သွားထိုင်ပြောကြစို့'

ဤသို့အားဖြင့် ကျွန်ုပ်နှင့်သေမင်းသည် ကန်တော်ကြီးပတ်လမ်း တစ်နေရာတွင် အားရပါးရ ပုံထိုင်ပြောဖြစ်ကြလေ၏။ ဖြတ်သွားဖြတ်လာ တစ်ယောက်စ နှစ်ယောက်စ လူများကား တစ်ယောက်တည်း ငုတ်တုတ်ထိုင်ကာ ခြေလှုပ်လက်လှုပ် ပါးစပ်မှ တတွတ်တွတ် ပြောနေသော ကျွန်ုပ်အား အရူးထင်သွားကြသည်မှ လွဲလျှင် အလွန် အဆင်ပြေလျက် ရှိလေတော့၏။

'ဒီလို ရှိတယ် သေမင်းရဲ့'

'ဘယ်လို ရှိသလဲ'

'လူတိုင်းက မကောင်းပါဘူးလို့ တတွတ်တွတ် ပြောနေကြတဲ့ ဒီအရက်ဆိုတဲ့ဟာကို ဘယ်လိုက အရက်လို့ စခေါ်ကြသလဲတော့ မသိဘူး'

'ဖြစ်နိုင်တာ တစ်ခုတော့ရှိတယ် အရိုးရ'

'ဘာလဲ'

'ဒီလိုလေကွာ၊ လူတွေက မူးလာရင် ခေါင်းညိတ် ဖြစ်လာအောင် စွမ်းတဲ့ အရည်မျိုးမို့ သိုးဆောင်းဘာသာစကားနဲ့ Yes အရည်လို့၊ Yes လို့ ခေါ်ခဲ့ကြလိမ့်မယ်၊ နောက်မှ ကာလရွေ့လျောပြီး ရက်ကနေ အရက်ဖြစ်လာတာ ဖြစ်လိမ့်မယ်ထင်တယ်'

'အေးဟ ဖြစ်နိုင်သလိုလို ရှိသား'

'ဒါပြောတာပေါ့ကွ မသိရင် ငါ့မေးစမ်းပါ'

'အာ တော်စမ်းပါကွာ၊ တောက်တီးတောက်တဲ့တွေ လာပြောနေ .. သေမင်း မင်းလည်း ဆင်ခြင်စမ်း၊ ငါနဲ့ပေါင်းမှ ပေါတောတောကြီး ဖြစ် ဖြစ်လာပြီ၊ ဒီလို ... အရက်လို့ ဘယ်သူ စခေါ်လဲ မခေါ်လဲတော့ ငါမသိဘူး၊ အဲဒီ အရည်ရဲ့ မူလအစနာမည်ကတော့ သေရည်ပဲ၊ သေတတ်တဲ့ အရည်ပေါ့ကွာ၊ လူတွေဟာ မကောင်းမှုလုပ်ဖို့ ဘယ်လောက် ဝါသနာ ပါကြသလဲဆို သေတတ်ပါတယ်ဆိုတဲ့ အရည်တောင်မှ ခုကြည့်စမ်း .. တစ်ကမ္ဘာလုံး မကြောက်မရွံ့ ဟေးလားဝါးလားနဲ့ သောက် နေလိုက်ကြတာများ၊ အဲဒီအရည်ရဲ့ အစက တောထဲကကွ'

'သေရည်အစ ဂျန်းဂဲလ်ထဲကပေါ့'

---

'အေး ဟုတ်တယ်၊ ဖြစ်ပုံက ဒီလိုကွ ..
ဟိုးရှေးရှေးတုန်းက အဲဒါ တော်တော်တော့ ကြာပြီဟ၊ ဘယ်ခေတ်ကလည်း ဆိုတော့ ခေတ်နာမည် ပဝေသဏီတဲ့'

'ဟဲ့ကောင် ပဝေသဏီဆိုတာ ရှေးရှေးခန့်မှန်းမရတဲ့ ကာလတစ်ခုကို ခေါ်တာ ငါ့လာမပတ်နဲ့ နရင်းတားလိုက်မယ်'

'ဟုတ်လား သိဘူးလေကွာ၊ ငါက ပဝေသဏီကို ခေတ်နာမည်မှတ်လို့'

'တော်ကွာ၊ ဆက်ပြော'

'အေး .. အဲ .. မင်းပြောသလို ခန့်မှန်းမရတဲ့ ကာလ တစ်ခုတုန်းကပေါ့ကွာ၊ တောကြီးတစ်တောထဲမှာ သစ်ပင်ကြီးတစ်ပင် ရှိတယ်ဆိုပဲ'

'နင့် ကြီးတော်နဲ့မှ .. တောထဲမှာ သစ်ပင် မရှိလို့ သိမ်ကြီးဈေးကြီး ရှိရမှာလား'

'အာ .. ငြိမ်ငြိမ် နားထောင်စမ်းပါဟ၊ ငါပြောတဲ့ သစ်ပင်ကြီးက အကြီးကြီးဟ၊ ဘယ်လောက်ကြီးသလဲဆို အဲဒီအပင်ကြီး နာမည်က ဧရာမလို့ခေါ် ...'

'လုပ်လာပြန်ပြီ၊ ဧရာမဆိုတာ အကြီးကြီးလို့ ပြောတာဟ၊ ငါ အတန်တန်ပြောတယ်၊ သေမင်းကို မလိမ့်တပတ် လာ လာမလုပ်နဲ့ဆို'

'အေး အေး၊ အဲဒီ ဧရာမပင်ကြီး အဲ သစ်ပင်ကြီးက ဘယ်လောက်တောင်ကြီးလဲဆို သူ့သစ်ပင်ခွဆုံ အခေါင်းကျယ်ကြီးကတင်ကို ဖိုင်ဘာဂလက်စ် တိုင်ကီအကြီး နှစ်ဆယ့်နှစ်လုံးစာလောက် ကျယ်သတဲ့'

'တိုင်ကီအကြီး နှစ်ဆယ့်နှစ်လုံးစာ လောက်တောင်ပဲ အတိအကျ ကျယ်ရတယ်ရှိသေး၊ ဒီလောက် တိကျရအောင် မင်း သွားတိုင်းထားသလား'

'အေးလေ တလောက ရေတိုင်ကီတွေ ဈေးကောင်းတုန်း .. သြော် .. သေမင်းရာ၊ နင် ဝင် ဝင်ပါပြန်ပလား'

'မင်းက လာတိကျနေတာကိုး'

'တော်ကွာ၊ မင်းနဲ့မပြင်းဘူး၊ ငြိမ်ငြိမ်နားထောင်၊ အဲဒီ သစ်ခွဆုံ အခွက်ကြီးထဲမှာ မိုးတွင်း အခါကျတော့ မိုးရွာတဲ့အခါ'

'မိုးက ဘယ်လိုရွာသလဲ၊ ဖွဲဖွဲ ဖွဲဖွဲ ရွာသလား၊ ထစ်ချုန်းပြီး ရွာလား၊ မိုးပြေးလား၊ မုတ်သုံမိုးလား၊ မိုးမရွာခင် ရွာရန်ရာနှုန်း ဘယ်လောက်ရှိပါတယ်ခင်ဗျ ဆိုပြီး တုတ်ကလေးနဲ့ ကြွေးရှင်လို တစ်လတစ်ခါ ပေါ်လာတတ်တဲ့ လူကြီးကော ပါသေးလား၊ နောက်ပြီး'

'ဩော် .. လျှာရှည်လိုက်တဲ့ သေမင်းနယ်'

'မသိဘူးလေကွာ၊ မင်းက တိုင်ကီ နှစ်ဆယ့်နှစ်လုံးစာ သစ်ခေါင်းကြီး ဘာညာနဲ့ လာတိကျနေတော့ ငါလည်း မိုးဘယ်လိုရွာသလဲ တိတိကျကျ မေးရတာပေါ့'

'သေမင်း မင်း ငါ့ကို ရွဲ့တာလား'

'မရွဲ့ပါဘူး'

'မရွဲ့ဘူးဆို ဘာကိစ္စ စကားလာကပ်နေရတုံး'

'ဟ မင်းအရင်စကပ်တာကိုး'

'ငါ ကောင်းကောင်း ပြေနေတာနော်၊ သေမင်း မင်း ရန်လာမစနဲ့'

'အောင်မယ်ကွာ .. မလောက်လေး မလောက်စား ငပိန်ကများ ငါ့လာစိတ်ဆိုးပြနေသေး'

'ဘာဖြစ်ချင်လဲ ဟေ့ကောင် .. သေမင်းကများ ငါသားရေကွင်းနဲ့ ပစ်လိုက်လို့ မက်ဒေါနား ခါတ်လိုက်သလို ဖြစ်သွားမယ်'

---

'ဟေ့ကောင် တော်စမ်းကွာ၊ အကြောင်းအရာက လရင်းမရောက်နိုင်ဘူး၊ မင်းပုံ မင်းဆက်ပြော'

'မင်းသာ ငြိမ်ငြိမ်နားထောင်'

'အေး ပြီးရော၊ ပြောကွာ'

'အဲဒီလို မိုးရွာလာတော့ သစ်ခေါင်းကြီးထဲမှာ မိုးရေတွေနဲ့ ရေအိုင်လေးတစ်ခုလို ပြည့်လျှံနေတာပေါ့၊ အဲဒီရေအိုင်လေးရှိတော့ တောထဲက ငှက်တွေမျိုးစုံက အဲဒီမှာ ရေ လာ လာသောက်ကြတယ်'

'ရေက ရေသန့်လား'

'သေမင်း မင်း ဝင်ကပ်ပြန်ပလား'

'ဩော် အေး အကျင့်ပါသွားလို့၊ ဆက်ပြော ဆက်ပြော'

'ငှက်ပေါင်းစုံက ရေလာသောက်ကြတယ်ဆိုပေမဲ့ ဒီအတိုင်း နှုတ်သီးဟောင်းလောင်းနဲ့လာကြတာ မဟုတ်ဘူးကွ၊ သူတို့ စားလက်စ ချီလာလက်စ သစ်သီးတွေ၊ အကိုင်းအရွက်တွေ၊ ကောက်နှံတွေ ပါ ပါလာတတ်တယ်၊ သူတို့ ရေလာသောက်တော့ အဲဒီ သီးနှံအစအနတွေက အဲဒီသစ်ခေါင်းခွက် ရေအိုင်ကြီးထဲ ကျကျန်ရစ်တာပေါ့ကွာ'

'အမှိုက်သရိုက်တွေနဲ့ ရွံ့စရာကြီး ဖြစ်နေတာပေါ့'

'ဒါပေါ့ဟ၊ အဲဒီ အမှိုက်သရိုက်တွေ ကျနေတဲ့ ရေအိုင်ထဲက ရေက စီးထွက်စရာ ပေါက်လည်း မရှိဘူး၊ ရေအိုင်ခွက်က ကျယတော့ လွယ်လွယ်နဲ့လည်း ခမ်းမသွားဘူး၊ အဲဒီလိုနဲ့ နွေကာလ ရောက်တဲ့အထိ တင်ကျန်နေတယ်၊ နွေလည်း ရောက်ရော မင်းသိတဲ့အတိုင်း သေအောင်ပူပါလေရော'

'ပူတာတော့ ယုံတယ် သူငယ်ချင်း၊ ပြီးခဲ့တဲ့နွေတုန်းက ငါတောင် ဝတ်ရုံနက်ကြီး ချွတ်ပြီး စွပ်ကျယ် ပြောင်းဝတ်ဖို့အထိ စဉ်းစားဖူးတယ်'

'အဲဒါ ပြောတာပေါ့၊ အဲဒီလောက် ပူလာတော့ အဲဒီသစ်ခေါင်းခွက် ရေအိုင်ထဲက သစ်သီးသစ်နှံတွေ စိမ်ထားတဲ့ ရေကို ချက်လိုက်သလို ဖြစ်ပြီး စိမ်ရည်အကျက် တစ်မျိုးလို အချဉ်ပေါက်နေတော့တာကိုး၊ အဲဒီလို ဖြစ်နေတာကို မသိဘဲ ခါတိုင်း ရေသောက်ဆင်းသလိုမျိုး ရှဉ့်လေးတွေ၊ ငှက်တွေက လာသောကမိကြရော၊ အဲဒီမှာတင် ဇာတ်လမ်းစတာပဲ၊ ရှဉ့်တွေငှက်တွေ အဲဒီ အရည်သောက်၊ ကျွမ်းပြန်အောင်မူးပြီး သစ်ပင်အောက် ပြုတ်ကျ၊ အမူးပြေတော့ တစ်ခါ အပင်ပေါ်ပြန်တက် ပြန်သောက် ပြန်ပြုတ်ကျနဲ့ တချို့ငှက်တွေ ရှဉ့်တွေဆို ယစ်ထုပ်တွေကို ဖြစ်နေကြတာ'

'ဆက်ရက်မင်း စည်းစိမ်ဆိုတဲ့ စကား အဲဒီက စတာဖြစ်မယ်၊ မင်းဟာက အမှိုက်ကစ ကြက်ဖမီးလောင် ဖြစ်နေတာကိုး'

'အမှိုက်ကစ ပြဿဒ်မီးလောင် လုပ်စမ်းပါ သေမင်းရယ်၊ ကြက်ဖ မီးလောင်ရင် ကြက်ကင်ဖြစ်သွားမှာပေါ့၊ အဲဒီလို ငှက်တွေ ရှဉ့်တွေ သောက်လိုက် ပြုတ်ကျလိုက်ဖြစ်နေကြတာကို ဘယ်သူသွားတွေ့လဲ ဆိုတော့ အဲဒီတောကြီးထဲမှာ အမဲလက်စားနေတဲ့ အလန်ကွာတာမိန်းရဲ့ ဘကြီး နှစ်ဝမ်းကွဲရဲ့ အဘိုးရဲ့ မိန်းမဘက်က စပ်ရင်တော်တဲ့ ဦးလေးရဲ့ အဖေရဲ့ သမီးယောက်ဖရဲ့ အဘိုး မုဆိုးကြီးက သွားတွေ့တာကိုး'

'မင်းဟာကလည်းကွာ၊ အလန်ကွာတာမိန်းနဲ့ ဆွေမျိုး မတော် တော်အောင်ကို အတင်းဆွဲပြီး အမျိုးစပ်ပြတော့တာကိုးဟ၊ နေစမ်းပါဦး၊ အဲဒီမုဆိုးက ယောကျ်ားလား မိန်းမလား'

'အာ သေမင်းလုပ်ပြီး မိန်းမ အမဲလိုက်စားတာ မင်းတွေ့ဖူးလို့လား၊ အဗ္ဗာရဲ့ အဘိုးပါဆိုမှ မုဆိုးအထီးကြီးပေါ့ဟ'

'မသိဘူးလေကွာ၊ မင်းတို့ ပြော ပြောနေတဲ့အထဲမှာ မုဆိုးမဆိုတဲ့ စကား ငါကြားဖူးလို့မေးတာ'

'ပြောရင်း ပိုရှုပ်လာပြီ၊ မုဆိုးမ ကိစ္စခဏထားကွာ၊ နောက်မှ ငါရှင်းပြမယ်၊ ငါပြောတဲ့ မုဆိုးက အမဲလိုက်တဲ့ မုဆိုး၊ အဲဒီမုဆိုးကြီးက ဒူးလေးကြီးကိုင် ...'

---

'ဒူးကြီးလေးနေမှတော့ ကျားလိုက်ရင် မပြေးနိုင်လို့ ကိစ္စတုန်းမယ့် မုဆိုးပဲ'

'ဟယ် သေမင်း ဘာတွေ လျှောက်တွေးနေတုံး၊ ဒူးလေးဆိုတာ သားကောင်တွေ ပစ်တဲ့ လက်နက်ဟဲ့၊ သေမင်းနဲ့ စကားပြောရတာ တော်တော်နဲ့ကို လိုရင်းမရောက်ဘူး၊ အဲဒီ မုဆိုးကြီး ရှဉ့်တွေ၊ ငှက်တွေ အဲဒီလို ဖြစ်နေတာတွေ့တော့ ပထမတော့ မူးပြီးပြုတ်ကျလာတဲ့ အကောင်တွေဖမ်း ကင်စားနဲ့ ဟန်ကျပြီး ပျော်နေတယ်၊ နောက်တော့ သူစဉ်းစားတယ်၊ ဒီကောင်တွေ ဘာကိစ္စ ပြုတ် ပြုတ်ကျလာသလဲပေါ့၊ အဲဒီလိုနဲ့ တစ်ရက်ကျ သူတွေးတယ်၊ ဒီအကောင်တွေဟာ သစ်ပင်ပေါ်က တစ်ခုခုကို စားပြီး ပြုတ်ကျလာတာ သေသလို ဖြစ်သွားရော၊ ဒါပေမဲ့ သေတော့မသေဘူး၊ ခဏကြာ ပြန်ထပြီး သစ်ပင်ပေါ် ပြန်တက်သွားရော၊ ဒင်းတို့ ကြည့်ရတာ ပြုတ်ကျတာတောင် နာပုံမပေါ်ဘူး၊ ပျော်လို့ မြူးလို့၊ မဟုတ်မှလွဲရော အပင်ပေါ်မှာ တစ်ခုခုတော့ ရှိကိုရှိရမယ် ဆိုပြီး ခါးတောင်းထကျိုက်လို့ အပင်ကြီးပေါ် ကုတ်ကတ်တွယ်တက်သွားတာ အပေါ်ကိုလည်းရောက်ရော သစ်ပင်ခွဆုံက ရေအိုင်ကြီး သွားတွေ့တော့တာကိုး၊

အဲဒီမှာတင် မုဆိုးကြီး အဖြေရသွားတယ်၊ လက်စသတ်တော့ ဒီငှက်တွေရှဉ့်တွေဟာ ဒီရေကိုသောက်ပြီး မြူးနေကြတာကိုး၊ တန်တော့ ဒီရေဟာ နတ်ဆေးပဲဖြစ်မယ်၊ သေကာမှ သေရော၊ ငါလည်း ရေငတ်နေတာနဲ့ အတော်ပဲ၊ တစ်ခါတည်း မော့ကြည့်လိုက်ဦးမှ ဆိုပြီး နေကပူပူ ရေကဆာဆာနဲ့ ကျုံး ကျုံးတွယ်ထည့်လိုက်တာ ဘာပြောကောင်းမလဲ သူငယ်ချင်းရာ အူရိုင်းဆိုတော့ အမူးငယ်ထိပ်တက်ဆောင့်ပြီး သစ်ပင်ပေါ်က တလိမ့်ခေါက်ခွေး ပြုတ်ကျလို့ အောက်မှာ ပက်လက်ကြီး ဖြစ်နေတယ်၊ ဒါပေမဲ့ မုဆိုးကြီးက နာရကောင်းမှန်း မသိဘူး၊ သူ့ နတ်ဆေးရည်တန်ခိုးနဲ့ ရီးတိုးရွှတဖြစ်ပြီး ပက်လက်ကြီး တဟားဟားနဲ့ အူရွှင်နေတာ၊ ထတော့ မထနိုင်ဘူး၊ ဒေါင်ချာစိုင်းနေအောင် မူးနေတာကိုး၊ နည်းနည်း ထနိုင်လာတာနဲ့ အပင်ပေါ် ပြန်တွယ်တက် ထပ်သောက်၊ များသွားပြန်ရင် သစ်ကိုင်းမှာ ခြေလက်တွဲလောင်းနဲ့ မှောက်နေ၊ နောက်ထပြီး ထပ်သောက်နဲ့ ဖြစ်ချင်တိုင်းကို ဖြစ်နေတာ၊ ခုနက ငါတို့တွေ့ခဲ့တဲ့လူလိုပဲ၊ နောက်ဆုံး ပုဆိုး ဘယ်ရောက်သွားမှန်းတောင် မသိဘူး၊ အဲဒီလိုနဲ့ တစ်ခါ နည်းနည်းသတိလည်လာတော့ မုဆိုးကြီး စဉ်းစားတယ်၊ ဒီလောက် ပျော်စရာကောင်းတဲ့ ရေကို တစ်ယောက်တည်း သောက်နေရတာ သိပ်မနိပ်ဘူး၊ ဟိုဘက်နားမှာ တစ်ယောက်တည်း သီတင်းသုံးနေတဲ့ ငါနဲ့သိတဲ့ ရသေ့ကြီးကို ဒီအရည်တွေ သွားကပ်မှပဲဆိုပြီး ဝါးတစ်လုံးခုတ် ဝါးဆစ်ဘူးထဲ အဲဒီအရည်တွေ ခပ်သွားပြီး ယိုင်ထိုးယိုင်ထိုးနဲ့ ရသေ့ကြီးကို သွားကပ်ရော'

‘မဟုတ်တာ မပြောနဲ့ ဟေ့ကောင်၊ ရသေ့ကြီးက တီးလွှတ်မှာပေါ့ကွ၊ စိမ်ရည်တွေ လာကပ်တဲ့ ကိစ္စ’

‘စိမ်ရည်ကို စိမ်ရည်မှန်းတောင် မသိသေးတဲ့ ကိစ္စ၊ မင်းပြောသလို ဖြစ်မလားဟ၊ နားထောင်၊ ယိုင်ထိုးယိုင်ထိုးနဲ့ ပုဆိုးလည်းမပါဘူး၊ လက်ထဲမှာလည်း ဝါးဆစ်ဗူးကြီး ဆွဲပြီး လျှောက်လာနေတဲ့ မုဆိုးကြီးကို လှမ်းတွေ့တော့ ရသေ့ကြီးက အရမ်း စိတ်ပူသွားတယ်၊ ငါ့ဒကာကြီးတော့ အန္တရာယ် ကြီးကြီးမားမား တွေ့လာပြီဆိုပြီး အပြေးအလွှား သွားကြိုတာပေါ့၊ “ဘာဖြစ်လာသလဲ၊ ဘယ်နား ဒဏ်ရာရလာသလဲ” လို့ ပြူးတူးပြဲတဲမေးတဲ့ ရသေ့ကြီးကို မုဆိုးကြီးက ရယတယ်၊ အရင်လူကောင်းသူကောင်း ဘဝမှာ ရသေ့ကြီးကို အရမ်း ရိုသေလေးစားတဲ့ မုဆိုးကြီးဟာ မူးပြီး လူစိတ်ပျောက်နေတဲ့အခါဆိုတော့ ရသေ့ကြီးကို မလေးစားဘူး၊ “ကိုယ်တော် အထွေအထူး လျှောက်မေးမနေနဲ့၊ ရော့ ဒီဝါးဆစ်ဗူးထဲကဟာကို သောက်လိုက်၊ ပျော်စရာကြီးဗျ” ဆိုပြီး အတင်းတိုက်ရော၊ ရသေ့ကြီးလည်း “ဒီဒကာ ဒီနေ့ တယ်ထူးနေပါလား” ဆိုပြီး အကြောင်းတော့ သိရအောင် သောက်တော့ကြည့်ဦးမှလို့ ယူဆတာနဲ့ မုဆိုးလက်ထဲက ဗူးကိုဆွဲပြီး အကုန်မော့ထည့်လိုက်တာ ရသေ့ကြီးပါ ခဏနေ တဟီးဟီး တဟားဟား ဖြစ်လာရော၊ အဲဒါနဲ့ မုဆိုးကို မေးတယ်၊ “ဒကာယူလာတဲ့ အရည်တွေ ဘယ်ကရလာသလဲ” ဆတော့ “သိချင် လိုက်ခဲ့” ဆိုပြီး မုဆိုးက အပင်ကြီးဆီ ခေါ်သွားပြတယ်၊ အဲဒီမှာတင် ရသေ့ကလည်း သူ့ဒေါက်ချာကြီး ချွတ်ပြီး ကန်ထဲကရေတွေကို ခပ် ခပ်မော့လိုက်တာ နောက်ဆုံး ဘာပြောကောင်းမလဲ နှစ်ယောက်သား လုံးထွေးပြီး မူးနေလိုက်ကြတာများ သုံးလေးရက်တောင် ကြာတယ်ဆိုပဲ’

‘မင်း သစခေါင်းထဲ အရည်တွေက မကုန်သေးဘူးလား’

‘ဖိုင်ဘာဂလပ်စ်တိုင်ကီ နှစ်ဆယ့်နှစ်လုံးစာလောက် ရှိပါတယ်ဆို၊ နှစ်ယောက်သောက်ရုံနဲ့ ကုန်မလားဟ၊ အဲဒီလိုနဲ့ သောက်လိုက် မှောက်လိုက် ဖြစ်နေကြတာ နောက်ဆုံး အာတွေခြောက် ရင်တွေပူ ခေါင်းတွေလည်း ကိုက်ခဲလာပြီး ဘယ်လို မှ ဆက်မသောက်နိုင်တော့မှ ရပ်သွားကြတယ်၊ သတိလည်လာတော့ ရသေ့က မုဆိုးကို ပြောတယ်၊ “ဒကာ ဒီအရည်တွေ သောက်ရတာဟာ ပျော်စရာတော့ကောင်းပါတယ်၊ ဒါပေမဲ့ ကြည့်စမ်း၊ ဒီအရည်တွေ သောက်လို့ တို့ ဘယ်လောက် လူစိတ် ပျောက်ကြသလဲ၊ ငှက်တွေ ရှဉ့်တွေကိုလည်း ကြည့်စမ်း .. အသက်ဘေးနဲ့ နီးလှတာတောင် မမှုဘဲ သောက်ကြတာဟာ မကောင်းမှု သေချာတာပဲ၊ အဲဒီတော့ ဒီအရည်ဟာ သေဘေးနဲ့ နီးတဲ့အရည် ‘သေရည်ပဲ’၊ ဒကာလည်း နောက်ထပ်မသောက်နဲ့တော့ ရသေ့လည်း မသောက်တော့ဘူး၊ တခြား သတ္တဝါတွေလည်း မသောက်မိအောင် အားလုံးခပ်ပြီး မြေပေါ် သွန်ပစ်လိုက်ပါ” လို့မိန့်ပြီး သူ့ကျောင်းသူ ပြန်ကြွသွားတယ်’

---

‘ရသေ့ကြီးက ဆင်ခြင်တတ်သားဟ’

‘တရားအားထုတ်ခဲ့တဲ့ သူတော်စင်ပဲဟာ၊ မကောင်းမှုကို မကောင်းမှုမှန်း ချက်ချင်း ဆင်ခြင်မိတာပေါ့’

‘ဒါနဲ့ မုဆိုးက သေရည်တွေကို အားလုံး ခပ်သွန်ပစ်ရောလား’

‘အဲဒီလိုသာ သွန်ပစ်ခဲ့ရင် ဒီနေ့ အရက်သမားတို့ ဖိုးသမားတို့ ယစ်ထုပ်တို့ ငမူးတို့ ဘယ်ရှိလာတော့မလဲဟ၊ ဖြစ်တာက ဒီလို … ရသေ့ကြီးက ငါခုနက ပြောသလို မိန့်တော့ မုဆိုးလည်း စဉ်းစားတယ်၊ အဲဒီအချိန်မှာ သူ စဉ်းစားနေနိုင်တယ်ကွ၊ အရက်နာကျသလို ဖြစ်နေပြီး အဲဒီအရည်တွေကို စိတ်ကုန်နေတဲ့ ခဏကိုး၊ မုဆိုးကြီးက စဉ်းစားတယ်၊ ငါ့ရသေ့ကြီး ပြောတာဟုတ်တယ်၊ ဒီအရည်တွေကို ဘယ်သတ္တဝါမှ မသောက်မိမှ အေးမှာ ဆိုပြီး သစ်ခေါင်းခွက်ပေါ်တက် ဝါးဆစ်ဗူးတစ်ဖက်နဲ့ ခပ် ခပ်ပြီး သွန်ပစ်နေတာ ခဏကြာတော့ လက်လည်းညောင်းလာ လူလည်း ချွေးတွေ ဘာတွေပျံပြီး ရေငတ်လာတာနဲ့ ရေဆာပြေလေး နည်းနည်းလောက် နောက်ဆုံးအနေနဲ့ သောက်တာတော့ ဘာမှမဖြစ်လောက်ပါဘူးလို့ တွေးပြီး နည်းနည်းခပ်သောက်လိုက်တာ အရင်သောက်ထားတဲ့ အခံက ဆောင့်တက်လာပြီး ပြန်မူးလာပါလေရော၊ အဲဒီမှာတင် သိစိတ်ပျောက်သွားပြီး ငါဟာ အတော်ရှောက်သုံးမကျတာတွေ လုပ်မိနေပြီ၊ ဒီလောက်ကောင်းတဲ့ ရေတွေ ခပ်သွန်ပစ်နေရတာ နှမြောစရာကြီး၊ တစ်ယောက်တည်း သောက်နေရမှာလည်း ပျင်းဖို့ကောင်းတယ်၊ ရသေ့ကြီးကတော့ အဖော်စပ်လို့ရမှာ မဟုတ်တော့ဘူး၊ ဒီတော့ ဒီဟာတွေကို ဝါးကျည်တောက်ထဲထည့်ပြီး ငါ့ရွာ ငါပြန်ယူသွားပြီး အပေါင်းအသင်းတွေနဲ့ တွယ်မှပဲလို့ စိတ်ကူးရတာနဲ့ ဝါးကျည်တောက်တွေ ခုတ်၊ အဲဒီရေတွေထည့်၊ လျှို့ထမ်းပြီး ဟိုလဲသည်လဲနဲ့ သူ့ရွာသူပြန်သွားပါလေရော’

‘မင်းပြောသလို ဟိုလဲသည်လဲန,သာဆို ဒီမုဆိုး ရွာသာပြန်ရောက်မယ် သူသယ်လာတဲ့အရည်တွေ တစ်စက်မှကျန်မှာ မဟုတ်ဘူး’

‘မင်းဘာသိလို့လဲ သေမင်းရဲ့၊ ငမူးဆိုတာ သူသာ ပစ်လဲပြီး နှစ်ပတ်သုံးပတ်လိမ့်သွားမယ်၊ သူသောက်ဖို့ဟာကျ ဘယ်တော့မှ

အမှောက်မခံဘူး၊ မယုံရင် မင်းနောက် လူတွေ ပုလင်းဆွဲပြီး မူးပြန်လာတတ်တဲ့အခါ စောင့်ကြည့်၊ အခု မုဆိုးလည်း ဒီလိုပဲဟ၊ သူသာ ဟိုခွေသည်ခွေ ကျည်တောက်တွေကိုကျ နည်းနည်းမှ အတိမ်းမခံဘူး၊ အဲဒီလိုနဲ့ ရွာပြန်ရောက်သွားရော၊ ရွာရောက်တော့ သူ့မိန်းမက ဝမ်းသာအားရ ကြိုတာပေါ့၊ သုံးလေးငါးရက် တောထဲပျောက်နေပြီးမှ မသေဘဲ ပြန်လာတာကိုး၊ ဒါပေမဲ့ မုဆိုးက မိန်းမကို သိပ်ဂရုမစိုက်ဘူး၊ ဝါးကျည်တောက်တွေပဲ ပေးပြီး “နင် ဒါတွေ သေချာသိမ်းထားစမ်း၊ ငါ့ဘော်ဒါတွေ လိုက်စုလိုက်ဦးမယ်” ဆိုပြီး ရွာထဲတစ်လျှောက် သူ့အပေါင်းအသင်းတွေ လိုက်ခေါ်တော့ လေးငါးယောက်ပါလာတယ်၊ အဲဒါနဲ့ တစ်ဝိုင်းဝိုင်းပြီး ကျည်တောက်တွေကို ဖြိုကြတာ တယ်မကြာဘူး၊ အားလုံး အူရိုင်းဆိုတော့ တဝါးဝါးနဲ့ သောင်းကျန်း ကုန်ကြတာပေါ့၊ အဲဒီတစ်သိုက် တဟားဟားနဲ့ ပျော်နေကြတာ တခြားလူတွေကတွေ့၊ အားကျတာနဲ့ ဝင်ချ၊ အားလုံး ဖြစ်ချင်တိုင်းဖြစ်ကြတာ ခဏနဲ့ ကျည်တောက်တွေကုန်ရော၊ ကုန်သွားပေမဲ့ နောက်မှရောက်လာပြီး သောက်ရတဲ့လူတွေက ရေချိန် မကိုက်တကိုက် ဆိုတော့ မုဆိုးကို ထပ်သွားသယ်ခိုင်းတယ်၊ ဒါပေမဲ့ မုဆိုးက ဗလုံးဗထွေးတောင် ဖြစ်နေပြီ၊ ဘာမှ သိပ်မပြောနိုင်တော့ဘူး၊ တောထဲက သစ်ပင်ခွဆုံကြီးမှာ ဆိုတာပဲ ပြောနိုင်တော့တယ်၊ နောက်လူတွေလည်း စိတ်မရှည်တာနဲ့ တောထဲသွား၊ တွေ့ရာသစ်ပင်ခွဆုံက တွေ့ရာအရည်တွေ တက်သောက်၊ သေတဲ့လူက သေ၊ မူးတဲ့လူက မူး၊ နောက် တဖြည်းဖြည်းနဲ့ ဒီအရည်ကို ဒီလိုလုပ်ယူရင်လည်း ရတာကိုးဆိုပြီး တွေ့လာ၊ ချက်သောက်ကြ၊ အဆင့်ဆင့် လက်ဆင့်ကမ်းကြနဲ့ နောက်ဆုံး ငါတို့ခေတ်လည်းရောက်ရော စပါယ်ရှယ်စကော့ဝီစကီ၊ ဘီယာ အေးအေးလေး၊ ကမ်ပေ့ ချီးယားစ်တွေအထိ ဖြစ်ရော ဆိုပါတော့ကွာ’

‘အဲဒါနဲ့ အရက်ဖြစ်လာရော ဆိုပါတော့’

‘တကယ်တမ်း ပြောရရင်တော့ သေမင်းရာ’

‘အေး လုပ်စမ်းပါဦး’

‘အရက် ဘယ်ကစဖြစ်လာလဲ ဆိုတာ ငါလည်း သေချာမသိဘူးဟ၊ မင်း နားထောင်ကောင်းအောင် ထင်ရာတွေ ပြောပြတာ အဟီး’

‘ဘာ’

‘ဟိုလေ ငါသေချာသိတာ မဟုတ်ဘူးလို့၊ ထင်ရာလေးတွေ ပြောပြကြည့်တာလို့’

‘မင်း မိုက်ရိုင်းလှချည်လား၊ ငါက အဟုတ်မှတ်လို့’

‘ရှိတ်အရှူးပါနဲ့ကွာ မင်းကလည်း’

‘တော်စမ်းကွာ၊ မဟုတ်ကဟုတ်က ပေါက်ကရတွေ လျှောက်ပြောနေတာကို ငါကိုက မိုက်လို့ လိုက်နားထောင်မိတာ’

‘ပုံပြင်လေးလေကွာ၊ နားထောင်ကောင်းတယ် မဟုတ်လား၊ ချစ်စရာလေး၊ မုဆိုးကြီးနဲ့ သေရည်နဲ့တွေ့’

‘တော် တော် ဟေ့ကောင်’

‘ဘယ်လဲ သူငယ်ချင်းရဲ့၊ နောက်တစ်ပုံ နားထောင်ဦးလေ’

‘တော်ပြီ တော်ပြီ၊ ဘယ့်နှယ်ကွာ’

‘ဟေ့ကောင်’

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

---

နိဂုံး

ထိုနေ့မှစ၍ သေမင်းသည် လုံးလုံး ပေါ်မလာတော့ချေ။

ကျွန်ုပ်ကိုကား အတော်ပင် စိတ်ဆိုးသွားပုံရပေ၏။ ကျွန်ုပ်လည်း ဒင်းတစ်နေ့ ပေါ်လာနိုး ပေါ်လာနိုးနှင့် စိတ်ရှည်လက်ရှည် စောင့်နေသေး၏။ သို့သော် တစ်ရက် နှစ်ရက်မှ တစ်ပတ် နှစ်ပတ်၊ တစ်ပတ် နှစ်ပတ်မှ တစ်လ နှစ်လ ကြာလာသည်အထိ ဒင်းပေါ်မလာသည်ရှိသော် ကျွန်ုပ်လည်း ကြာကြာစိတ်ရှည်တတ်သူ မဟုတ်သဖြင့် ဆက်မစောင့်တော့ဘဲ ဤစာမူတစ်ပြုံကို ရိုက်နှိပ်ထုတ်ဝေရန် ကျွန်ုပ်၏ ပင်တိုင် ထုတ်လုပ်သူ အိမ်သူရွှေမစာပေတိုက်၏ လက်သို့ ရေစက်ပင်မချ ဝကွက်အပ်လိုက်လေသတည်း။

စာရှုသူမိတ်ဆွေ ...

အကယ်၍ သင်သည် တစ်နေရာရာတွင် အလေလိုက်နေသော ကျွန်ုပ်၏ သူငယ်ချင်းသေမင်းအား ကံအကြောင်းအားလျော်စွာ တွေ့ခဲ့သည်ရှိသော် အနီးသေခြင်းဆိုးအား ကျွန်ုပ်ထံ ဝင်ရောက် ခစား ပြန်လည်ဆက်ဆံရန် ခပ်ထန်ထန် ဆုံးမ၍ လွှတ်သာလွှတ်လိုက်ပါဟု ကျွန်ုပ်မှ တောင်းပန်လိုက်ရပေတော့သည်။

စာကြွင်း
'ဟဲ့ကောင် သေမင်း ... နင် ဒီစာအုပ်ကို တစ်နေရာက ကျိတ်ဖတ်နေတယ် မဟုတ်လား၊ စတုန်းက နင်စထားတဲ့ ဇာတ်လမ်း နောက်တစ်အုပ် ထပ်ရေးရအောင် ပြန်လာခဲ့'

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

## အိပ်မက်

၁၃၇၁ ခု၊ ကဆုန်လဆန်း ( ၃ ) ရက်နေ့ လင်းအားကြီး အချိန်တွင် ကျွန်ုပ်သည် အောက်ပါ ထူးဆန်းသော အိပ်မက်ကို မြင်မက်မိလေခဲ့သည် ဟူသတတည်း။

မှတ်မိသလောက် ဖောက်သည်ချပြရသည်ရှိသော် . . .
ခေတ်ပေါ် တက်သစ်စ ဇာတ်မင်းသားလေးတစ်ယောက် တစ်ထောက်တစ်နေရာတွင် ဇာတ်ခေတ္တနားနေလေ၏။ ထိုစဉ် အဆီရွှဲရွှဲ ဗိုက်ပြဲပြဲနှင့် ငနဲတစ်ယောက်ရောက်လာ၍ မင်းသားလေးအား ပွဲတစ်ခွင် ငှားသောဟူ၏။ ထိုသူသည် လူဝင်များလိုသော သဘောဖြင့် မင်းသားလေးအား ဇာတ်သဘင်နှင့် မည်သို့မှ မသက်ဆိုင်သော ခေတ်ပေါ် ပေါက်ကရကိစ္စများအား ငွေပုံပေး၍ ခိုင်းလေရာ ဇာတ်မင်းသားလေးက ရိုးရာအနုပညာအား မတော်တရော်များ ထည့်အလုပ်ခိုင်းရကောင်းလားဟု ဒေါသထွက်လှ၍ ဆွဲထိုးလေရာ ပြဿနာ အတန်ရှင်းရသောဟူ၏။

နိုင်ငံကျော်လူငယ်အကြိုက်ခေတ်ပေါ် အဆိုတော်လေးတစ်ဦး အသံသွင်းနေသော စတူဒီယို တစ်ခုသို့ လူတစ်ယောက် ရောက်လာ၍ အဆိုတော်လေး အနားယူမည့် အချိန်ကို ထိုင်စောင့်ကာနေလေ၏။ ဤတွင် အဆိုတော်လေးမှ ကိစ္စကို ထွက်၍ မေးလေရာ ထိုသူမှ စရံငွေများ ပုံကာချပေးလျက် အဆိုတော်လေးအား ဇာတ်တစ်ဇာတ်၏ ရှေ့ထွက်အဆိုတော်အဖြစ် တစ်ပွဲမျှ ဖျော်ဖြေပေးရန် ငှားလေရာ အဆိုတော်လေး စိတ်ထွက်၍ 'ကျုပ်နဲ့မဆိုင်တဲ့ကိစ္စ လာပြောရသလား' ဟု လာပေးသော ငွေထုပ်နှင့် ထိုသူအား ထုသဖြင့် အတော် နာနာနပ်ယူရသောဟူ၏။

နာမည်ကျော် မော်ဒယ်မင်းသမီးပေါက်ကလေး သုံးလေးယောက်အား နယ်မှ ပွဲကန်ထရိုက်တစ်ဦးက လာငှား၏။ အကြောင်းရင်းကို မေးသော် နိုင်ငံကျော်အဆိုတော်အမား သီဆိုထား၍ ပရိတ်သတ်အားလုံး သိထားပြီးဖြစ်သော သီချင်းများကို မော်ဒယ်မင်းသမီးလေးများအား ပြန်ဆိုခိုင်း၍ စတိတ်ရှိုးသွင်းရန်ဟူ၏။ ဤတွင် မော်ဒယ်မင်းသမီးပေါက်လေးများ အားလုံးက သူများသီချင်းတွေ ခိုးဆိုခိုင်းရကောင်းလား ဟု ထိုသူအား ဒေါက်ဖိနပ်များဖြင့် ခုတ်လွှတ်လိုက်ကြသောဟူ၏။

တစ်ခါသော် စီးပွားရေးသမားတစ်ဦးမှ ဝါရင့်ဂီတသမားကြီးတစ်ယောက်အား သူ၏ ကုန်ပစ္စည်းအား ဂီတသမားကြီးနှင့် တွဲဖက်၍ ကြော်ငြာရန် လာကမ်းလှမ်းသောဟူ၏။ ဤတွင် ဂီတသမားကြီးက ကြော်ငြာလျှောက်ရိုက်ရအောင် ကျုပ်မင်းသားမဟုတ်ဘူး၊ ကျုပ်အလုပ် ကျုပ်လုပ်နေတာ ဘာမှလာရှုပ်မနေနဲ့၊ ဘယ်လောက်ပေးပေး မရိုက်ဘူးဟု သူ့ထုံးစံအတိုင်း ဘုပြောလွှတ်လိုက်သောဟူ၏။

အကြောင်းကိစ္စတိုက်ဆိုင်သဖြင့် နာမည်ကြီးအဆိုတော်တစ်ယောက်သည် ခေတ်ဟောင်းသီချင်းကြီး တစ်ပုဒ်အား ပြန်လည်ဆန်းသစ်သီဆိုဖော်ထုတ်ရန် ဖြစ်လာလေ၏။ သီချင်း၏ မူလပိုင်ရှင် အနုပညာရှင်ကြီးမှာ ကွယ်လွန်ပြီးရှာလေပြီဟု သိရ၏။

ဤ၌တွင် ပရိဂျူဆာမှ ကိစ္စမရှိပါဘူးဟု ပြောငြား အဆိုတော်မှ မူလပိုင်ရှင်၏ ခွင့်ပြုချက်ရမှ ဆိုရသည်မှာ လိပ်ပြာသန့်မည်ဖြစ်ကြောင်း အကြောက်အကန် ပြောဆိုနေသဖြင့် ဆိုင်ရာပတ်သက်သူအဆက်အနွယ်များထံမှ ခွင့်ပြုချက်တောင်းရန် လိုက်ရှာကြရာ ငါးနှစ်တိတိ ကြာသောဟူ၏။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

# အနာဂတ်ရဲ့ မိခင်လောင်းတွေ

**အရိုး**

'ဟေ့ကောင် .. Latest ကြည့်မလား'
'သွားစမ်းပါ၊ မင်းဟာက အဟောင်းကြီး၊ ---- မဟုတ်လား'
'အေး'
'ရော့၊ ငါ့မှန့်ထဲမှာမှ Latest အစစ်'
'ဟ ... အဲဒါ ဘယ်သူလဲ'
'ကျွတ် ---- လေကွာ၊ မင်းကလဲ'
'ဟ .. အဲဒီတစ်ယောက်က အစက အေးပါတယ်၊ ဘယ်လိုဖြစ်တာလဲ'
'ရှေ့ဆောင်နွားလားကြီးက သိန်းဆုကြီးပေါက်သွားတော့ နောက်က အကုန်လိုက်လုပ်ကြတာပေါ့၊ ဟား .. ဟား .. အဲဒါ ကြော်ငြာလို့ခေါ်တယ်'
'မင်းတို့ကလဲကွာ၊ ကိုယ့်ဖုန်းကိုယ် ကျက်သရေ အတုံးခံပြီး အဲဒါတွေ လျှောက်မထည့်ထားစမ်းပါနဲ့၊ ဖျက်လိုက်စမ်းပါ၊'
'တစ်ခုတော့ ထည့်ထားရတယ်ကွ၊ နောက်ဆို ခေတ်မမီဘူး'
'အမလေးကွာ ... ခေတ်မီအောင်ပဲ ထည့်ထားရတယ်လို့ရှိသေး'
'ဒီမှာ ဟေ့ကောင်၊ လုပ်တဲ့လူကတောင် လုပ်ပြရဲသေးတာ၊ ငါတို့ကတော့ တွေ့ရင် ကြည့်မှာပဲ'

'အစက သူလို ကိုယ်လို မဟုတ်လား'
'ဟဲ့ ... ကလေးတစ်ယောက်ရှိတယ်ဆို'
'အားကျပြီး အကုန်လိုက်လုပ်ရော'
'သမီးပြောချင်တာက ဦးရယ်၊ ကောလာဟလဆိုတာမျိုးက ရှောင်လို့မှ မရတာ၊ ကိုယ် သန့်ရှင်းရင် လိပ်ပြာလုံပါတယ်၊ သမီးဆို နေ့တိုင်း ဘုရားရှိခိုးနေတဲ့လူပါ'
'အပြောကတော့ ညွှန့်နေတာပဲအေ့၊ ဟုတ် မဟုတ်သာ မသိတာ၊ ထို့ .. အရေးထဲ ဆီးသီးကလည်း ခါးလိုက်တာ'
'ဒုက္ခ .. ဒုက္ခ ... ငါ့မြေးရယ်၊ အားလုံး ရေလိုက်လွဲကုန်ကြပြီ'
'အနာဂတ်ဆိုတာ လူငယ်တွေရဲ့ လက်ထဲမှာ တစ်ကမ္ဘာလုံးက အသစ်အသစ်မွေးလာတဲ့ ကလေးတွေရဲ့ လက်ထဲမှာပဲရှိတယ်'
'ဟူး ... ပြော ပြောနေရတာ မောလိုက်တာ'
'အေးလေ၊ ဘယ်သူမှလည်း လိုက်မလုပ်ကြဘူး'
'ခေတ်ကာလ သမီးတွေများကွာ .. Observation တယ်ညံ့တာကိုး၊ အိမ်မှာ တံမြက်စည်း ဘယ်နားထားမှန်းတောင် မသိဘူး'
'အော်ပရာဝင်းဖရေးထက် ငါ့သမီးက ပိုအရေးကြီးတယ်'
'ပညာခေတ်မှာ အသိဥာဏ်ကွာဟမှု ကျဉ်းမြောင်းသွားပြီဆို'
'ညည်း တော်တော် တစ်ကိုယ်ကောင်းဆန်ပါလား၊ တညင်းသီး ဆားစိမ်တာတောင် တစ်လုံးတည်း စိမ်ရတယ်လို့'
'မသိဘူးလေ'
'တစ်နေ့တာဆိုလို့ ဘာများလဲလို့ ...၊ အိပ်လိုက်၊ စားလိုက်၊ အလှပြင်လိုက်၊ လျှောက်သွားလိုက် .. ဘယ်မှာလဲ ... Thinking & Learning'
'အဲဒါတွေက ဘာတွေလဲဟင်'
'သေပဟဲ့ .. နန္ဒိယ'
'ခင်ဗျားရေးတဲ့ ဓါတုကလျာဆောင်းပါး မဆိုးဘူး၊ ကျွန်တော် လက်ခံတယ်၊ ခေတ်ကာလသမီးတွေ တစ်ကယ်လုံး Chemical တွေ ဖုံးနေကြပြီဗျ၊ ဟုတ်တယ်၊'
'ကျွန်တော့်ဆောင်းပါး ဘယ်ခေတ်ကာလသမီးမှ မဖတ်ဘူးဗျ'
'အဲဒါ ဘယ်လိုလုပ်ကြမလဲ'

'မသိဘူးလေ'
'ယောက်ဖ .... မင်းလက်ကို နည်းနည်းထိန်းနော်၊ စွတ်မရေးနဲ့၊ သူတို့တွေ ငြိုငြင်ရင် မင်းအတွက် သိပ်မနိပ်ဘူး ထင်တယ်'
'သူငယ်ချင်း ... သူတို့တွေဟာ အနာဂတ်မှာ အမေဖြစ်လာမယ့် ဟာတွေကွ'
'အဲဒါ မင်းနဲ့ ဘာဆိုင်လဲ'
'ဩော် .. ဒုက္ခပါပဲ'
'ကောင်လေး၊ စာရေးဆရာဆိုတာ စိတ်ထားတတ်အောင် နေရတယ်၊ ကလောင်သိပ်မစူးစေနဲ့၊ အကျိုးရှိစေနိုင်တာကိုပဲ စဉ်းစား'
'ဒါပေမယ့် ဆရာရယ်'
'ဟင်း ... '( သက်ပြင်းချသံ )
'အဲဒီကောင်လား၊ သေတောင် အလုပ်မလုပ်နဲ့ ... ဒင်းနဲ့'
'အေးလေ .. ငါတို့ဟာ ငါတို့ ရည်းစားထားတာ၊ အလုပြင်တာ၊ လျှောက်မနာလိုဖြစ်နေတာ'
'အဲဒီ ---ရှူးက တစ်ချိန်လုံး လျှောက်ဖွနေတာ'
'နေစမ်းပါအေ ... အနေသာကြီး၊ သူက ဘယ်လောက် ချမ်းသာလို့လဲ'
'အေးလေ၊ ကားစုတ်တောင် အနိုင်နိုင် ... တိုက်ခန်းနဲ့နေတဲ့ကောင်က'
'ပေါက်လွတ်ပဲစားပါအေ'
'ဟဲ့ ... နင် နယ်ပွဲရှိတယ်ဆို ... ၊ ဘာဆိုမှာလဲ'
'လွယ်လွယ်လေး၊ နာမည်ကြီးတဲ့ သီချင်းတွေ Playback ဖွင့်ဆိုမှာပေါ့၊ စီဒီ ခုတ်ထားပြီးပြီ'

ကျွန်တော်တို့ လူ့အဖွဲ့အစည်းဆိုတာ မိခင်ပေါင်းများစွာကနေ အဆင့်ဆင့် ဆင်းသက်လာတာဖြစ်ပါတယ်၊ ကျွန်တော်တို့ ---- ပြက္ခဒိန်မှာ မိခင်များနေ့ရှိပါတယ်၊ အခု အသက် နှစ်ဆယ်၊ အစိတ် ကောင်မလေးတွေဟာ တစ်ချိန်မှာ ကလေးလေးတွေ မွေးကြဦးမှာပါ၊ သူတို့ဟာ ကောင်မလေးတွေ ဟုတ်သလို၊ မိခင်လောင်းတွေလည်း ဟုတ်ပါတယ်၊ ကျွန်တော်တို့အားလုံး သူတို့ကို စောင့်ရှောက်ကြဖို့ ကောင်းပါတယ်၊ မိဘကြောင့် သိမ်ငယ်နေကြရမယ့် ကလေးတွေနဲ့ အနာဂတ်ကို ဘယ်လို စဉ်းစားလဲ၊
လူဆိုတာ သေမျိုးပါ၊
ဘယ်လောက် နာမည်ကြီးကြီး၊ ဘယ်လောက် ချမ်းသာချမ်းသာ အားလုံး တစ်နေ့ ရှောမှာပါပဲ။
နာမည်ကြီး တစ်ယောက်ဟာ တာဝန်ကြီးပါတယ်၊ နာမည်ကြီးတွေ အနေအထိုင် အပြုအမူကို လိုက်လုပ်တတ်ကြပါတယ်၊
ဟုတ်ကဲ့ ....
ဒီလောက်ပါပဲ ခင်ဗျာ .....။